ကြေးမုံ
The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

ချမ်းသာခြင်းအကြောင်းတရား

အချင်းချင်း ခိုက်ရန်ဖြစ်ပွားခြင်းသည် မကောင်း။ ရန်ပြုတတ်သူတို့အလယ်တွင် ရန်မပြုဘဲနေခြင်းသည် လည်းကောင်း၊ ကိလေသာ အနှိပ်စက်ခံရသူတို့အလယ်၌ ကိလေသာ အနှိပ်အစက်မခံရဘဲနေခြင်းသည် လည်းကောင်း၊ ကာမဂုဏ်ကို ကြောင့်ကြစိုက်ကုန်သော သူတို့အလယ်၌ ကြောင့်ကြမစိုက်ကုန်ဘဲနေခြင်းသည် လည်းကောင်း ချမ်းသာ၏။ သုခဝဂ်(ဓမ္မပဒ-၁၉၉)

၁၃၈၀ ပြည့်နှစ် ဝါခေါင်လပြည့်ကျော် ၁၁ ရက်၊ ကြာသပတေးနေ့။ Thursday 6 September 2018 ၉၄၀၁

နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံ ချီလီသံအမတ်ကြီး ခန့်အပ်လွှာပေးအပ်

နေပြည်တော် စက်တင်ဘာ ၅

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံ မြန်မာနိုင်ငံဆိုင်ရာ ချီလီသမ္မတနိုင်ငံသံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော သံအမတ်ကြီး မစ္စတာ ခရစ်စတီယန် ရီဟန်ဘာဂတ်တိုသည် ယနေ့ နံနက် ၁၀ နာရီ ၄၅ မိနစ်တွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတ အိမ်တော်၌ ၎င်း၏ သံအမတ်ခန့်အပ်လွှာကို ပေးအပ်သည်။

တက်ရောက်

အဆိုပါ သံအမတ်ခန့်အပ်လွှာပေးအပ်ပွဲ အခမ်းအနားသို့ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်၊ သမ္မတရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းသူနှင့် သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန့်စင်တို့ တက်ရောက်ကြသည်။

သတင်းစဉ်

နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ချီလီသံအမတ်ကြီး မစ္စတာ ခရစ်စတီယန် ရီဟန်ဘာဂတ်တိုအား လက်ခံတွေ့ဆုံစဉ်။

မြန်မာ့ထွက်ကုန်သီးနှံ မတ်ပဲကို တရုတ်နိုင်ငံမှ စတင်ဝယ်ယူမှုရှိလာ

မန္တလေး စက်တင်ဘာ ၅

မြန်မာ့ထွက်ကုန်သီးနှံပဲမျိုးစုံအနက် မတ်ပဲနှင့် ပဲတီစိမ်းကို ယခင်က ဝယ်ယူခဲ့ခြင်းမရှိခဲ့သည့် တရုတ်နိုင်ငံမှ ယခုနှစ် ဩဂုတ်လအတွင်းမှ စတင်ပြီး မတ်ပဲကို ဝယ်ယူမှုရှိလာကြောင်း မန္တလေးပဲဈေးကွက်မှ သိရသည်။

အိန္ဒိယနိုင်ငံသို့ အဓိကအားထားရောင်းချနေရသည့် မတ်ပဲသည် လက်ရှိအချိန်တွင် အဆိုပါနိုင်ငံမှ ဝယ်ယူမှုနည်းပါးလာခြင်းကြောင့် ဈေးကွက်ပျောက်လုနီးပါးဖြစ်ပေါ်လျက်ရှိရာ ယခုကဲ့သို့ တရုတ်နိုင်ငံမှ စတင်ဝယ်ယူမှုသည် မတ်ပဲဈေးကွက်ဆက်လက်ရှင်သန်မှုကို ဖြစ်စေနိုင်ကြောင်း မန္တလေးမြို့မှ ဦးစိုးဝင်းမြင့်(စိုးဝင်းမြင့်ပွဲရုံ)က ပြောသည်။

"တရုတ်နိုင်ငံက လက်ရှိပေါက်ဈေးနဲ့ပဲ တစ်ရက်ကို ၁၂ ဘီးယာဉ် နှစ်စီးလောက်ဝယ်နေတယ်။ အခုဆို ဈေးကလည်းအနည်းငယ် တက်ရိပ်ပြနေသလို ရောင်းဖို့လည်း အရင်လိုမခဲယဉ်းတော့ဘူး။ ဒါဟာ မတ်ပဲဈေးကွက်အတွက် ရောင်ခြည်သမ်းလာပြီလို့ ဆိုချင်ပါတယ်"ဟု ၎င်းက ပြောသည်။

ယခင်က မန္တလေးဈေးကွက်တွင် သုံးတင်းဝင်တစ်အိတ်လျှင် ကျပ် ၃၈၀၀၀ နှုန်းအထိ ဈေးကျဆင်းနေသောမတ်ပဲမှာ စက်တင်ဘာ ၄ ရက်တွင် ကျပ် ၄၆၀၀၀ ထိမြင့်တက်လာပြီး လက်ရှိအချိန်တွင် မန္တလေး၊ စစ်ကိုင်းနှင့် မကွေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များမှ ရေသွင်းစိုက်ပျိုးထားသော မတ်ပဲ(အသစ်များ) မန္တလေးဈေးကွက်သို့ စတင်ဝင်ရောက်လျက်ရှိရာ သုံးတင်းဝင်တစ်အိတ်လျှင် ကျပ် ၄၀၀၀၀ နှုန်း အဖွင့်ဈေးဖြင့် **စာမျက်နှာ ၃ ကော်လံ ၅ သို့**

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး ၁၅ ရက်မြောက်နေ့ ကျင်းပ

စာမျက်နှာ » ၄

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေး ၁၅ ရက်မြောက်နေ့ ကျင်းပ

စာမျက်နှာ » ၅

ရှမ်းတိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီက ၎င်းတို့၏မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ်စသည်တို့ကို ဟောပြောတင်ပြ

စာမျက်နှာ » ၁၁

KBZ BANK
STRENGTH OF MYANMAR
BEST BANK IN MYANMAR
Awarded by World Finance
Awarded by Euromoney
Awarded by The FinanceAsia

လူမှုဘဝအကျိုးရှိထိရောက်ရေး ပွင့်လင်းမြင်သာစွာဆောင်ရွက်

နိုင်ငံတစ်နိုင်ငံ၏ ခနအင်အားတောင့်တင်းခိုင်မာမှုသည် ထိုနိုင်ငံ၏ လူမှုစီးပွားဘဝ မြင့်မားတိုးတက်ရေးကို ထိရောက်စွာ အကောင်အထည်ဖော်နိုင်သည်။ ယင်းဖြစ်ထွန်းမှုကို ဖွံ့ဖြိုးတိုးတက်သည့်နိုင်ငံများတွင် မြင်တွေ့နိုင်သည်။ လူမှုဘဝမြင့်မားရေး၊ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးတို့ကို ဆောင်ရွက်ရာ၌ ခနအင်အား၊ ဘဏ္ဍာငွေအင်အားနည်းခြင်း၊ များခြင်းထက် သင့်တင့်လုံလောက်သောပမာဏဖြင့် ပြည်သူလူထုအတွက် အကျိုးရှိ ထိရောက်သော လုပ်ငန်းအတိုင်းအတာဖြင့် ဆောင်ရွက်နိုင်ခြင်းသည် အဓိကကျသည်ဟု ယူဆပါသည်။

နိုင်ငံနှင့် ပြည်သူအတွက် ဆောင်ရွက်ခဲ့ကြသော စီမံကိန်းများကို ပြန်ကြည့်မည်ဆိုလျှင် အကျိုးရှိထိရောက်မှုများရှိသလို အကျိုးနည်း၊ ထိရောက်မှုနည်းသော စီမံကိန်းများလည်းရှိသည်ကို လေ့လာဆန်းစစ်ကြည့်ဖို့ လိုမည်ဖြစ်သည်။ နိုင်ငံတော်အနေဖြင့် ခနအင်အားဘဏ္ဍာငွေနည်းပါးသည့်ကြားမှ နိုင်ငံနှင့်ပြည်သူ လိုအပ်သည့် စီမံကိန်းများကို ဆောင်ရွက်ပေးနေရာ လုပ်ငန်းများအတွက် ဘဏ္ဍာငွေများသာမက ချေးငွေများကိုပါ ခွဲဝေချထားပေးနေသည်ကို ပွင့်လင်းမြင်သာစွာမြင်တွေ့နေရသည်။

နိုင်ငံတော်က ခွဲဝေပေးထားသည့် ဘဏ္ဍာငွေတို့ကို ပွင့်လင်းမြင်သာစွာဖြင့် အကျိုးရှိထိရောက်အောင် အသုံးပြုဆောင်ရွက်ကြရန် လိုအပ်မည်ဖြစ်သည်။ ယင်းသုံးစွဲမှုအခြေအနေကို သက်ဆိုင်ရာတို့က ပိုမို၍ အသေးစိတ်သိရှိကြပြီး ပွင့်လင်းမြင်သာစွာ ရှင်းလင်းပြသပေးရန် လိုအပ်သည်။ ယခုအခါ ပြည်သူ့ကိုယ်စားလှယ်များက စီမံကိန်းလုပ်ငန်းများနှင့်ပတ်သက်၍ ရှာဖွေစေ့ငုလေ့လာကြည့်ရှုပြီး လွှတ်တော်များတွင် သက်ဆိုင်ရာများနှင့် ပြည်သူများအား ချပြဆွေးနွေးပေးနေကြသည်မှာ နိုင်ငံနှင့် ပြည်သူအကျိုးအတွက်ဖြစ်၍ လျော်ကန်သင့်မြတ်သည်ဟု ရှုမြင်ပါသည်။

သာဓကအားဖြင့် ယခုနှစ်တွင် ပြည်ထောင်စု၏သုံးစွဲငွေသည် ငွေကျပ် ၂၄၉၅၄ ဘီလီယံကျော်ရှိပြီး တိုင်းဒေသကြီးနှင့်ပြည်နယ်များသို့ ထောက်ပံ့ငွေနှင့်ချေးငွေသည် ဘီလီယံ ၂၁၆၀ ကျော်သာရှိခြင်းအတွက် ပြည်နယ်ပြည်မဖွံ့ဖြိုးမှု အလှမ်းကွာဝေးနေမှု၊ ချေးငွေများရရှိမှုနှင့် သုံးစွဲမှု စသည်တို့ကို အပြုသဘောဆောင်ကာ ဝေဖန်ထောက်ပြမှုများရှိသလို အလုပ်အကိုင်အခွင့်အလမ်း ငါးသောင်းမှတစ်သိန်းအထိ ဖန်တီးပေးနိုင်ခြင်း၊ စက်ရုံ ၂၀၀ ခန့်မှ နှစ်စဉ်ဘဏ္ဍာအခွန်ငွေ အမေရိကန်ဒေါ်လာ ဆယ်သန်းခန့်ရရှိနိုင်ခြင်း၊ ဆက်သွယ်သွားလာ ပို့ဆောင်မှုလွယ်ကူခြင်း၊ ဒေသဖွံ့ဖြိုးမှုနှင့် ပြည်တွင်း၊ ပြည်ပ ဈေးကွက်ပိုမိုဖွံ့ဖြိုးတိုးတက်လာနိုင်ခြင်းစသည့် နိုင်ငံအတွက် အလားအလာကောင်းသော အခြေအနေများအား ရှင်းလင်းဆွေးနွေးကြသည်ကို မြင်တွေ့ကြားသိရပါသည်။

ယင်းတို့သည် ဒီမိုကရေစီစနစ်၏ သရုပ်သကန်နှင့် ပွင့်လင်းမြင်သာမှုကို ဖော်ဆောင်သည်။ အဖွဲ့အစည်းများ၊ ဌာနဆိုင်ရာများနှင့် အပြန်အလှန်ထိန်းညှိခြင်းဖြစ်သည်။ နိုင်ငံနှင့် ပြည်သူအကျိုးစီးပွားဖြစ်၍ ပိုမိုကောင်းမွန်သော နည်းလမ်းများကို ဖော်ဆောင်ပေးနိုင်သည်။ ပြုပြင်ပြောင်းလဲဆောင်ရွက်ခြင်းဖြင့် အကျိုးရှိထိရောက်မှုကို ဖြစ်စေသည်။ ပြည်သူ့ဘဏ္ဍာငွေများ ယိုဖိတ်မှုမရှိစေရေးကို ပြုပြင်တည့်မတ်ပေးနိုင်သည်။ ထိုသို့ဆောင်ရွက်မှုများကို အပြုသဘောဆောင်ပြီး အကောင်းမြင်စိတ်ထားရှိကာ အပြန်အလှန်နားလည်မှုရှိရှိဖြင့် ပြုပြင်တည့်မတ်ပေးကြမည့် စိတ်ထားများထားရှိကြမည်ဆိုလျှင် နိုင်ငံနှင့် လူမှုစီးပွားဘဝ တဖြည်းဖြည်းပြန်လည်မြင့်မားတိုးတက်လာမည်ဟု ယုံကြည်ပါသည်။

မြန်မာနိုင်ငံတွင် ဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နေသည်မှာ သက်တမ်းနုနယ်သေးသော်လည်း အတွေ့အကြုံများ တိုးတက်များပြားလာသည်ဟု ဆိုရမည်ဖြစ်သည်။ အထူးသဖြင့် ဒီမိုကရေစီစနစ်၏ အနှစ်သာရကို လှစ်ဟပြသသော ပွင့်လင်းမြင်သာမှုနှင့် ဝေဖန်ထောက်ပြမှုများအပေါ် နားလည်မှုရှိစွာဖြင့် လိုက်ပါပြုပြင်ပြောင်းလဲဆောင်ရွက်ကြမည်ဆိုလျှင် နိုင်ငံဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်၍ အမျိုးသားအကျိုးစီးပွားအသိတရားဖြင့် ဝိုင်းဝန်းပူးပေါင်း လက်တွဲဆောင်ရွက်ကြရန် လေးစားစွာ တိုက်တွန်းအပ်ပါသည်။ ။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm



ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန
အခြေခံပညာဦးစီးဌာနနှင့် ကျောက်ဆည်မြို့ပြည်သူလူထုတို့
ပူးပေါင်းကျင်းပသော

ကလေးစာပေပွဲတော်

ကလေးစာပေပြပွဲနှင့်စာအုပ်ဈေးရောင်းပွဲတော်
(ကျောက်ဆည်မြို့)

၂၀၁၈-ခုနှစ်၊စက်တင်ဘာလ(၇/၈/၉)ရက် သောကြာ၊စနေ၊တနင်္ဂနွေနေ့များတွင်
နံနက်(၉)နာရီမှ ညနေ(၅)နာရီအထိမည်သူမဆိုပါဝင်ဆင်နွှဲနိုင်ပါသည်။
အထက(၁)၊ကျောက်ဆည်မြို့။

ဗန်းမောက်မြို့နယ်တွင် လူသွားတံတားတစ်စင်း ရေမျောပျက်စီး

ဗန်းမောက် စက်တင်ဘာ ၅

စစ်ကိုင်းတိုင်းဒေသကြီး ဗန်းမောက်မြို့နယ် နောင်ပတ်ကျေးရွာနှင့် နန်းဆကျေးရွာ ရွာချင်းဆက်လမ်းပိုင်းရှိ ကိုယ့်အားကိုယ်ကိုးဆောက်လုပ်ထားသည့် အရှည်ပေ ၄၀၊ အကျယ် ခြောက်ပေ၊ အမြင့် ရှစ်ပေရှိ လူသွားသစ်သားတံတားသည် စက်တင်ဘာ ၄ ရက်က မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် နန့်ခမ်းချောင်း ရေကြီးကာ ရေမျောပါဆုံးရှုံးခဲ့ကြောင်း သိရသည်။

လူအောင်(ကသာ)

အမျိုးသားမြေအသုံးချမှုကောင်စီ၏ လုပ်ငန်းညှိနှိုင်းစည်းဝေး

နေပြည်တော် စက်တင်ဘာ ၅

အမျိုးသား မြေအသုံးချမှုကောင်စီ၏ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယမန်နေ့ မွန်းလွဲ ၁ နာရီခွဲတွင် သစ်တောဦးစီးရုံးချုပ် အစည်းအဝေးခန်းမ၌ ကျင်းပရာ အမျိုးသားမြေအသုံးချမှုကောင်စီ အတွင်းရေးမှူး သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးက ယခင် အစည်းအဝေးတွင် အမျိုးသားမြေအသုံးချမှုကောင်စီ၏ လုပ်ငန်းတာဝန်များ ထိရောက်စွာအကောင်အထည်ဖော်နိုင်ရေးအတွက် လိုအပ်သည့် အထောက်အကူပြုလုပ်ငန်းကော်မတီများ၊ အကြံပေးအဖွဲ့များ ဖွဲ့စည်းရန် သဘောထားမှတ်ချက်နှင့် အကြံပြုချက်များကို ပေးပို့ရန်၊ မြေအသုံးချမှုနှင့် စီမံခန့်ခွဲရေးဆိုင်ရာ အမျိုးသားအကြံပေး အဖွဲ့တွင် ပညာရှင်ကိုယ်စားလှယ်များ ထည့်သွင်းဖွဲ့စည်းနိုင်ရေး မြေစီမံခန့်ခွဲမှုနှင့် ဆက်စပ်သော ဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများမှ ပညာရှင်ကိုယ်စားလှယ်စာရင်းများ ပေးပို့ရန် ဆုံးဖြတ်ခဲ့ကြောင်း ပြောကြားသည်။

ထို့အပြင် ပြည်ထောင်စုဝန်ကြီးက အမျိုးသားမြေအသုံးချမှု ကောင်စီ၏ ရှေ့ဆက်လက်ဆောင်ရွက်မည့် ဦးစားပေး လုပ်ငန်းစဉ်များ စုပေါင်းဖော်ထုတ်နိုင်ရေးအတွက် အလုပ်ရုံ ဆွေးနွေးပွဲ ကျင်းပမည့် လုပ်ငန်းစီမံချက် ရေးဆွဲတင်ပြရန် ဆွေးနွေးခဲ့သည်။

အမျိုးသားမြေအသုံးချမှု ကောင်စီ၏ အစည်းအဝေးများကို ခြောက်လတစ်ကြိမ် ကျင်းပသွားမည်ဖြစ်ပြီး အစည်းအဝေး ဆုံးဖြတ်ချက်များကို အချိန်နှင့်တစ်ပြေးညီ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် အရေးကြီးကြောင်း၊ အစည်းအဝေးကို တက်ရောက်လာကြသော ဌာနဆိုင်ရာ ကိုယ်စားလှယ်များအနေဖြင့် ယခင် အစည်းအဝေး ဆုံးဖြတ်ချက်များ အပေါ် ဆောင်ရွက်နေမှုများ၊ လိုအပ်ချက်များကို ဆွေးနွေးပေးကြရန်နှင့် အမျိုးသားမြေအသုံးချမှု ကောင်စီ၏ ရှေ့ဆက်လက်ဆောင်ရွက်ကြမည့် လုပ်ငန်းများတွင် ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်နိုင်ရေး တင်ပြဆွေးနွေး ညှိနှိုင်းကြရန် ပြည်ထောင်စုဝန်ကြီးက တစ်ပါတည်း ပြောကြားသည်။

အစည်းအဝေးသို့ သက်ဆိုင်ရာ ဝန်ကြီးဌာနများမှ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယ အမြဲတမ်းအတွင်းဝန်များ၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ်များနှင့် ညွှန်ကြားရေးမှူးများ တက်ရောက်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေ လဲလှယ်နှုန်း

နေပြည်တော် စက်တင်ဘာ ၅

ရန်ကုန်(ရွှေဈေး) ၉၈၁၅၀၀ - ၉၈၁၅၀၀ မန္တလေး(ရွှေဈေး) ၉၈၁၅၀၀ - ၉၈၁၅၀၀

စက်သုံးဆီဈေးနှုန်း

		ရန်ကုန်	မန္တလေး
(က) ဒီဇယ်	တစ်လီတာ	၉၈၅/၁၀၁၀ ကျပ်၊	၁၀၅၀/၁၀၆၀ ကျပ်
(ခ) အောက်တိန်း ၉၅	တစ်လီတာ	၁၀၀၅/၁၀၃၀ ကျပ်၊	၁၀၉၀/၁၁၁၀ ကျပ်
(ဂ) အောက်တိန်း ၉၂	တစ်လီတာ	၉၉၅/၉၈၀ ကျပ်၊	၁၀၄၅/၁၀၆၀ ကျပ်
(ဃ) အဆင့်မြင့်ဒီဇယ်	တစ်လီတာ	၉၉၅/၁၀၂၀ ကျပ်၊	၁၀၆၀/၁၀၇၀ ကျပ်

ရန်ကုန် လက်ကားဈေး

ဒီဇယ် တစ်လီတာ ၉၉၀/၁၀၁၀ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၁၀၀၅/၁၀၂၀ ကျပ်၊ အောက်တိန်း ၉၂ တစ်လီတာ ၉၅၅/၉၇၅ ကျပ်

(မြန်မာနိုင်ငံစက်သုံးဆီအသင်း)

နိုင်ငံခြားငွေလဲလှယ်နှုန်း

(က) အမေရိကန်	တစ်ဒေါ်လာ	=	၁၅၂၅.၀
(ခ) ဥရောပ	တစ်ယူရို	=	၁၇၆၇.၀
(ဂ) တရုတ်	တစ်ယွမ်	=	၂၂၂.၈၁
(ဃ) ထိုင်း	တစ်ဘတ်	=	၄၆.၄၆၆
(င) မလေးရှား	တစ်ရင်းဂစ်	=	၃၆၇.၈၇
(စ) အိန္ဒိယ	တစ်ရူပီး	=	၂၁.၃၀၃
(ဆ) ဂျပန်	တစ်ရာယန်း	=	၁၃၆၆.၁
(ဇ) တောင်ကိုရီးယား	တစ်ရာဝမ်	=	၁၃၆.၅၂
(ဈ) သြစတြေးလျ	တစ်ဒေါ်လာ	=	၁၀၉၄.၇
(ည) စင်ကာပူ	တစ်ဒေါ်လာ	=	၁၁၀၇.၈

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှရယူသည်

ကြေးမုံ
ခေတ္တစာတည်းမှူးချုပ် - ဦးဝင်းရွှေ
စာတည်းမှူးများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးကျော်ဇေယျာမြင့်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်မေလှဲ့သင်း
သတင်းထောက်မှူး - ဦးငွေးအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
အကြီးတန်းသတင်းထောက်များ - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း
အငယ်တန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်
ဓာတ်ပုံသတင်းထောက် - ဦးခင်မောင်ဝင်း

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။
ကြေးမုံ Mirror Established in 1957
၁၉၅၇ ခုနှစ်တွင် စတင်တည်ထောင်သည်။
Gmail themirror.npt@gmail.com
www.facebook.com/themirrordaily
နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၉၉၄၂၇

နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံ အီတလီသံအမတ်ကြီး ခန့်အပ်လွှာပေးအပ်

နေပြည်တော် စက်တင်ဘာ ၅
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံ မြန်မာနိုင်ငံဆိုင်ရာ အီတလီသမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော သံအမတ်ကြီး မစ္စစ် အလက်ဇန္ဒရာ စကီရာဗိုသည် ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော်၌ ၎င်း၏ သံအမတ်ခန့်အပ်လွှာကို ပေးအပ်သည်။

တက်ရောက်

အဆိုပါသံအမတ်ခန့်အပ်လွှာ ပေးအပ်ပွဲအခမ်းအနားသို့ အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်၊ သမ္မတရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းသူနှင့် သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန့်စင်တို့ တက်ရောက်ကြသည်။

သတင်းစဉ်

နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် အီတလီသံအမတ်ကြီး မစ္စစ် အလက်ဇန္ဒရာ စကီရာဗိုအား လက်ခံတွေ့ဆုံစဉ်။

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း ချီလီသံအမတ်ကြီးအား လက်ခံတွေ့ဆုံ

နေပြည်တော် စက်တင်ဘာ ၅
အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းသည် မြန်မာနိုင်ငံဆိုင်ရာ ချီလီနိုင်ငံသံအမတ်ကြီး မစ္စတာ ခရစ်စတီယန် ရီဟာန်ဘာဂတ်တိုအား ယနေ့မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။ **(အောက်ပုံ)**

တွေ့ဆုံစဉ် မြန်မာ-ချီလီ နှစ်နိုင်ငံအကြား စိုက်ပျိုးရေး၊ ပညာရေး၊ ကျန်းမာရေး စသည့် ကဏ္ဍအသီးသီးတွင် ပူးပေါင်းဆောင်ရွက်ရေး၊ နှစ်နိုင်ငံလွှတ်တော်၏ လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်နှင့် အမျိုးသားလွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။ **သတင်းစဉ်**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ် ချီလီသံအမတ်ကြီးအား လက်ခံတွေ့ဆုံ

နေပြည်တော် စက်တင်ဘာ ၅
ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်သည် မြန်မာနိုင်ငံဆိုင်ရာ ချီလီသမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ခရစ်စတီယန် ရီဟာန်ဘာဂတ်တိုအား ယနေ့ မွန်းလွဲ ၂ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(အပေါ်ပုံ)**

တွေ့ဆုံစဉ် မြန်မာ-ချီလီ နှစ်နိုင်ငံဆက်ဆံရေးတိုးမြှင့်ဆောင်ရွက်ရေး၊ လွှတ်တော်အချင်းချင်း ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များ၊ ဥပဒေပြုရေးကဏ္ဍတွင် နှစ်နိုင်ငံ အပြန်အလှန်လေ့လာပြီး ပူးပေါင်းဆောင်ရွက်ရေး၊ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ကိစ္စရပ်များ၊ စိုက်ပျိုးရေးနှင့် သတ္တုတူးဖော်ရေးကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။ **သတင်းစဉ်**

ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်ဥက္ကဋ္ဌ သူရဦးရွှေမန်း တရုတ်သံအမတ်ကြီးအား လက်ခံတွေ့ဆုံ

နေပြည်တော် စက်တင်ဘာ ၅
ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံအမတ်ကြီး မစ္စတာ ဟုန်လျန်အား ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်ရေးရာဆောင် အမှတ် (I-1) ၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

ထိုသို့တွေ့ဆုံစဉ် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များ၊ ငြိမ်းချမ်းရေးဆိုင်ရာကိစ္စရပ်များ၊ မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

❍ ရှေ့ဖုံးမှ

အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

ပြုံးနိုင်ပျော်နိုင်ပြီ

"မတ်ပဲဈေးကျနေလို့ အခြားသီးနှံပြောင်းပြီး စိုက်ပျိုးဖို့ဆိုတာကလည်း မျိုးစရိတ်နဲ့ အခြားအခက်အခဲတွေကြောင့် မတ်ပဲကိုပဲ ရေသွင်းစိုက်ပျိုးခဲ့ရတယ်။ အခုလို တရုတ်ကစပြီး ဝယ်ယူလာပြီဆိုတော့ အားငယ်စိတ်ပျက်နေကြတဲ့ ကျွန်တော်တို့ တောင်သူတွေ ပြုံးနိုင်ပျော်နိုင်ပြီပေါ့ဗျာ"ဟု ရေစကြိုမြို့နယ်မှ တောင်သူဦးကျော်မြင့်က ပြောသည်။

ဒုတိယအမြင့်ဆုံးဈေး

မန္တလေးဈေးကွက်တွင် လက်ရှိအချိန်၌ ပဲမျိုးစုံသီးနှံများအနက် စမုန်နက်နှင့် နှမ်းနက်တို့မှာ သုံးတင်းဝင်တစ်အိတ်လျှင် ကျပ်နှစ်သိန်းနှုန်းဖြင့် အမြင့်ဆုံးဈေးတွင် ရပ်တည်လျက်ရှိပြီး ပဲကြီးမှာ ကျပ်တစ်သိန်းငါးသောင်းနှုန်းဖြင့် ဒုတိယအမြင့်ဆုံးဈေးနေရာ၌ ရောက်ရှိနေသော်လည်း အခြားပဲအမျိုးအစားများမှာ ဈေးနိမ့်လျက်ရှိကြောင်း သိရသည်။

မင်းထက်အောင် (မန်းကိုယ်ပွား)

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး ၁၅ ရက်မြောက်နေ့ ကျင်းပ

နေပြည်တော် စက်တင်ဘာ ၅

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး ၁၅ ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ယနေ့အစည်းအဝေးတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့်သက်ဆိုင်သည့် မေးခွန်းခြောက်ခုမေးမြန်းဖြေကြားခြင်း၊ အစီရင်ခံစာတစ်ခုတင်ပြခြင်း၊ ဥပဒေကြမ်းတစ်ခုလက်ခံရရှိကြောင်းတင်ပြခြင်း၊ ဥပဒေကြမ်းတစ်ခု လွှတ်တော်၏အဆုံးအဖြတ်ရယူခြင်း၊ အဆိုတစ်ခုဆွေးနွေးခြင်းနှင့် အတည်ပြုချက်ရယူခြင်းတို့ကို ဆောင်ရွက်ကြသည်။

ကံမမြို့နယ် သမဝါယမဦးစီးဌာနမှလည်း ဥပဒေနှင့်မကိုက်ညီသော၊ ခွင့်မပြုသောပစ္စည်းများ ရောင်းချခြင်း မပြု

မေးခွန်းများ မေးမြန်းဖြေကြားကြရာတွင် ကံမမဲဆန္ဒနယ်မှ ဦးစိန်ဟန်၏ **ကံမမြို့နယ် မြို့နယ်သမဝါယမအသင်းလီမိတက်သည် နိုင်ငံတော်မှ ချေးပေးသော သမဝါယမအသင်း ငွေချေးလုပ်ငန်းအပြင် ဥပဒေ၊ နည်းဥပဒေများနှင့် မညီသောဆိုင်ခန်း၊ အိမ်ခန်း ငှားစားနေခြင်းကို ကွင်းဆင်းစစ်ဆေးရန်နှင့် ဥပဒေနှင့် မညီညွတ်ပါက မည်ကဲ့သို့ အရေးယူဆောင်ရွက်မည်ကို သိလိုခြင်း** မေးခွန်းနှင့်စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်က မကွေးတိုင်းဒေသကြီး သမဝါယမဦးစီးဌာနအနေဖြင့် သမဝါယမအသင်းပိုင်မြေ၊ အဆောက်အအုံများအား ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် အကျိုးတူငှားရမ်းခြင်း၊ လူနေထိုင်ရန် အခန်းများ ငှားရမ်းခြင်းတို့ကို ဆောင်ရွက်ရာတွင် သမဝါယမပုံရိပ်ကျဆင်းစေသည့် အဖြစ်မျိုးမှ ရှောင်ကြဉ်နိုင်စေရန်၊ သမဝါယမဥပဓိရုပ်ကောင်းမွန်စေရန်၊ ငှားရမ်းသည့်အခန်းများတွင် ဥပဒေနှင့် မလွတ်ကင်းသော ကုန်ပစ္စည်းများ ရောင်းချခြင်းမပြုရန်၊ အရက်သေစာ ရောင်းချသည့် လုပ်ငန်းရှင်များကို လုံးဝငှားရမ်းခြင်းမပြုရန်နှင့် ရောင်းချမှုမရှိစေရေး မြို့နယ်သမဝါယမဦးစီးဌာနက ကြီးကြပ်ဆောင်ရွက်ရန် ညွှန်ကြားထားပြီးဖြစ်ပါကြောင်း၊ ကံမမြို့နယ် သမဝါယမဦးစီးဌာနမှလည်း ဥပဒေနှင့်မကိုက်ညီသော၊ ခွင့်မပြုသောပစ္စည်းများ ရောင်းချခြင်းမပြုရန်နှင့် အရက်သေစာများ ရောင်းချခြင်းမပြုရန် ငှားရမ်းသူများထံမှ ဝန်ခံကတိရယူဆောင်ရွက်ထားပြီး ဖြစ်ပါကြောင်း။

ကံမမြို့နယ်သမဝါယမအသင်းစု လီမိတက်အနေဖြင့် China Exim Bank ချေးငွေများအား ဥပဒေ၊ နည်းဥပဒေ၊ ညွှန်ကြားချက်များနှင့်အညီ ခြောက်လတစ်ကြိမ် ထုတ်ချေးဆောင်ရွက်ပေးလျက်ရှိပြီး အသင်းစုပိုင်မြေနှင့် အဆောက်အအုံများငှားရမ်းမှုတွင် သမဝါယမအသင်းဥပဒေ၊ နည်းဥပဒေ၊ ညွှန်ကြားချက်များနှင့် ကိုက်ညီမှုမရှိသော လုပ်ဆောင်မှုများ မရှိပါကြောင်းနှင့် လိုက်နာမှုမရှိပါက တည်ဆဲသမဝါယမဥပဒေ၊ နည်းဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် တင်ဒါခေါ်ယူခြင်းနှင့်ပတ်သက်၍ သီးခြားလမ်းညွှန်ထားရှိမှုမရှိဘဲ နိုင်ငံတော်သမ္မတရုံး ညွှန်ကြားချက်နှင့်အညီ စီမံဆောင်ရွက်

နမ္မတူမဲဆန္ဒနယ်မှ ဒေါ်နန်းခမ်းအေး၏ **စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ တည်ဆောက်မှုလုပ်ငန်းများအတွက် မည်သည့်လမ်းညွှန်မှုဖြင့် တင်ဒါခေါ်ယူဆောင်ရွက်နေပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် လမ်းညွှန်မှုများ ခွဲခြားထားခြင်း ရှိ၊ မရှိ၊ တင်ဒါခေါ်ယူ အောင်မြင်ပြီးသော လုပ်ငန်းသုံးပစ္စည်းများကို လုပ်ငန်းခွင်အရောက်ပို့ဆောင်ရာတွင် မည်သူက စိစစ်လက်ခံဆောင်ရွက်နေသည်ကို သိလိုခြင်း**မေးခွန်းနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးလှကျော်က ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေဖြင့် ဆောင်ရွက်မည့် တိုင်းဒေသကြီး၊ ပြည်နယ်များအလိုက် တင်ဒါလုပ်ငန်းများကို ဆောင်ရွက်ရာတွင် နိုင်ငံတော်သမ္မတရုံး၏ တင်ဒါလုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်နှင့်အညီ ဆောင်ရွက်လျက်ရှိပါကြောင်း၊ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ဖွဲ့စည်းပေးသော တင်ဒါကော်မတီ၊ ကြမ်းခင်းဈေးတွက်ချက်ရေးကော်မတီ၊ တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ၊ အရည်အသွေးစစ်ဆေးရေးကော်မတီများဖွဲ့စည်းခြင်း၊ လုပ်ငန်းများအလိုက် သတ်မှတ်စံချိန်စံညွှန်းများအား အတည်ပြုခြင်း၊ တင်ဒါစည်းကမ်းချက်များ သတ်မှတ်ခြင်း၊ သတင်းစာတွင် ကြော်ငြာထည့်သွင်းခြင်း၊ တင်ဒါပိတ်ရက်မတိုင်မီ တင်ဒါတင်သွင်းမည့် ကုမ္ပဏီများနှင့် မီဒီယာများဖိတ်ကြား၍ တင်ဒါစည်းကမ်းချက်များရှင်းလင်းခြင်း၊ တင်ဒါပိတ်ရက်တွင် နည်းပညာ အဆိုပြုလွှာနှင့် ဈေးနှုန်းအဆိုပြုလွှာများအား စစ်ဆေးခြင်းတို့ကို ပွင့်လင်းမြင်သာစွာ ရွေးချယ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် တင်ဒါခေါ်ယူခြင်းနှင့် ပတ်သက်၍ သီးခြားလမ်းညွှန်ထားရှိမှုမရှိဘဲ နိုင်ငံတော်သမ္မတရုံး ညွှန်ကြားချက်နှင့်အညီ စီမံဆောင်ရွက်လျက်ရှိပါကြောင်း။

တည်ဆောက်ရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ လုပ်ငန်းအားလုံးကို ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာန၊ တက္ကသိုလ်များအနေဖြင့် တင်ဒါခေါ်ယူဆောင်ရွက်လျက်ရှိပြီး ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနအနေဖြင့် ကျပ်သန်း ၁၀၀ နှင့်အထက် တည်ဆောက်ရေးလုပ်ငန်းများအတွက် လိုအပ်သော တည်ဆောက်ရေးပစ္စည်းများ ဝယ်ယူရာတွင်လည်း တင်ဒါခေါ်ယူ၍ ဝယ်ယူလျက်ရှိပါကြောင်း ရှင်းလင်းဖြေကြားသည်။

မြေပုံမိတ္တူရေးကူးရန်ကိစ္စနှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံမြေစာရင်းလက်စွဲ ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ လျှောက်ထားရန် လိုအပ်

ကျောက်ဖြူမဲဆန္ဒနယ်မှ ဦးဘရှိန်၏ **ကျောက်ဖြူမြို့ ဦးပိုင်အမှတ် (၁၁၈/ခ)မြေကွက်သည် မြို့နယ်မြေစာရင်းဌာနတွင် မှတ်ပုံတင်ထားခြင်း ရှိ၊ မရှိ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်သည် မြေပုံမိတ္တူများကို ရရှိနိုင်ရန် လျှောက်ထားသည့်အခါ သက်ဆိုင်ရာ ဝန်ကြီးဌာနက မိတ္တူထုတ်ပေးရန် တာဝန်ရှိသော်လည်း မည်သည့်အတွက် လိုက်နာခြင်းမပြုသည်ကို သိလိုခြင်း** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးလှကျော်က ကျောက်ဖြူမြို့ အလယ်ပိုင်းရပ်ကွက် အကွက်အမှတ်(၂-င)၊ အနောက်ပိုင်းအကွက် ဦးပိုင်အမှတ် (၁၁၈/ခ)၊ ဧရိယာ သုည ဒသမ ဝ၉၈ ဧကသည် ဦးသန်းမြင့် အမည်ပေါက် ဘိုးဘွားပိုင်မြေဖြစ်ကြောင်းကို တွေ့ရှိရပါကြောင်း၊ ယင်းမြေကွက်နှင့် ပတ်သက်၍ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနများ၌ သက်ဆိုင်ရာ မှတ်ပုံတင်စာအုပ်များဖြင့် နည်းလမ်းတကျ မှတ်တမ်းတင်ထားရှိပါကြောင်း၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနက ထိန်းသိမ်းထားသည့် မှတ်တမ်းများနှင့်ပတ်သက်၍ မိတ္တူရေးကူးခွင့်၊ ကြည့်ရှုစစ်ဆေးခွင့်၊ တရားရုံးသက်သေခံခွင့် စသည့်ကိစ္စရပ်များကို တည်ဆဲမြန်မာနိုင်ငံ မြေစာရင်း လက်စွဲ ဥပဒေအတိုင်း ဆောင်ရွက်ရပါကြောင်း၊ ထို့ကြောင့် အမည်ပေါက်သူ ကာယကံရှင် သို့မဟုတ် တရားဝင်သက်ဆိုင်သူများ သို့မဟုတ် တရားဝင်ကိုယ်စားလှယ်လွှဲအပ်ခြင်းခံရသူမှ လျှောက်ထားရန် လိုအပ်ပါကြောင်း။

ကံမမဲဆန္ဒနယ်မှ ဦးစိန်ဟန်

နမ္မတူမဲဆန္ဒနယ်မှ ဒေါ်နန်းခမ်းအေး

မြေပုံမိတ္တူရေးကူးရန်ကိစ္စနှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံမြေစာရင်းလက်စွဲ ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ အမည်ပေါက်သူ ကာယကံရှင် သို့မဟုတ် တရားဝင်သက်ဆိုင်သူများ သို့မဟုတ် တရားဝင်ကိုယ်စားလှယ်လွှဲအပ်ခြင်း ခံရသူမှ လျှောက်ထားရန် လိုအပ်မည်ဖြစ်ပါကြောင်းနှင့် အများပြည်သူအကျိုးငှာ မြေပုံမိတ္တူရေးကူးခွင့်အား မြေစာရင်းလက်စွဲဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် အညီ လျှောက်ထားလာပါက လုပ်ထုံးလုပ်နည်းများနှင့်အညီ ရေးကူးဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

ထို့အတူ မိုးနဲမဲဆန္ဒနယ်မှ ဦးစိုင်းစန်သိန်း၏ မိုးနဲမြို့နယ်အတွင်းရှိ နမ့်တွန်ချောင်း၊ နမ့်စလိုင်ချောင်း၊ နောင်အွန်ချောင်း၊ နောင်ကျော့အင်းနှင့် လွိုင်စယ်အင်းများအား အချိန်မီ ချဲ့ထွင်တူးဖော် ရှင်းလင်းခြင်း လုပ်ငန်းများကို ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိနှင့်စပ်လျဉ်းသည့် မေးခွန်း၊ တမူးမဲဆန္ဒနယ်မှ ဦးနိုင်နိုင်ဝင်း၏ တမူးမြို့နယ် အင်ဒိုင်းအုပ်စု ရန်ငြိမ်းအောင်ကျေးရွာနေ ပြည်သူများအတွက် လယ်ယာမြေဖော်ထုတ်လုပ်ကိုင်ခွင့် ရရှိရန်စီမံဆောင်ရွက်ပေးနိုင်ခြင်း ရှိ၊ မရှိနှင့် စပ်လျဉ်းသည့် မေးခွန်းနှင့် မက်မန်းမဲဆန္ဒနယ်မှ ဦးတင်အေး၏ ခရိုင် သို့မဟုတ် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနရုံး အဆောက်အအုံနှင့် ခရိုင် သို့မဟုတ် မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနရုံး အဆောက်အအုံတို့ကို ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ၊ မရှိနှင့် စပ်လျဉ်းသည့် မေးခွန်းတို့အပေါ် ဒုတိယဝန်ကြီး ဦးလှကျော်က ပြန်လည်ရှင်းလင်း ဖြေကြားခဲ့သည်။

ထို့နောက် ပြည်သူ့လွှတ်တော် နိုင်ငံသားများ၏ မူလအခွင့်အရေးဆိုင်ရာ ကော်မတီ၏ အစီရင်ခံစာကို ကော်မတီဝင်ဒေါ်သန္တာက လွှတ်တော်သို့ ဖတ်ကြားတင်ပြသည်။

ယင်းအစီရင်ခံစာနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ဆက်လက်၍ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာသော "မြန်မာ့ပုလဲလုပ်ငန်းဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့် ဥပဒေကြမ်း"ကို လက်ခံရရှိကြောင်းလွှတ်တော်သို့ အသိပေးပြီး ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်ရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ယင်းနောက် အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပေးပို့လာသော "စာပေနှင့် အနုပညာ မူပိုင်ခွင့် ဥပဒေကြမ်း"နှင့်စပ်လျဉ်း၍ လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ လွှတ်တော်ကအတည်ပြုကြောင်း ဆုံးဖြတ်သည်။

ကျွမ်းကျင်ပညာရှင်များ လိုအပ်သည့် အရေအတွက်ကို သုတေသနပြုလုပ်ပြီး သင့်လျော်သော မူဝါဒနှင့်နည်းဗျူဟာ ချမှတ်ရေးဆွဲဆောင်ရွက်သင့်

ထို့နောက် ဆိပ်ကမ်းမဲဆန္ဒနယ်မှ ဦးတင်မောင်ဝင်းက တင်သွင်းသည့် **"ကျွမ်းကျင်မှုဆိုင်ရာ အသက်မွေးဝမ်းကျောင်းပညာရေးနှင့် သင်တန်း (Technical and Vocational Education and Training-TVET)ကို မြန်မာနိုင်ငံတွင် အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် စက်မှုလက်မှုအထက်တန်းကျောင်း (Technical High School)၊ အစိုးရ စက်မှုလက်မှုသိပ္ပံ (Government Technical Institute)၊ နည်းပညာတက္ကသိုလ် (Technical University)တို့ကို တိုးချဲ့ဖွင့်လှစ်သင်ကြားနေရာ တိုင်းပြည်အတွက် အမှန်တကယ်လိုအပ်နေသော ကျွမ်းကျင်လုပ်သားများ(Skilled Workers)၊ ကျွမ်းကျင်ပညာရှင်များ (Technicans)၊ အင်ဂျင်နီယာပညာရှင်များ (Engineers)၏ လိုအပ်သော အရေအတွက်ကို သုတေသနပြုလုပ်ပြီးမှသာလျှင် သင့်လျော်သောမူဝါဒနှင့် နည်းဗျူဟာ (Appropriate Policy and Strategy)များ ချမှတ်ရေးဆွဲ၍ ဆောင်ရွက်သင့်ပါကြောင်းကို ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်း"**အဆိုကို လွှတ်တော်သို့တင်သွင်းသည်။

အဆိုနှင့်စပ်လျဉ်း၍ ပန်းတောင်းမဲဆန္ဒနယ်မှ ဒေါ်ခင်နှင်းသစ်က ယနေ့ခေတ် နိုင်ငံအချို့၏ ပညာရေးကဏ္ဍတွင် အသက်မွေးဝမ်းကျောင်းပညာကို အခြေခံပညာရေးနှင့် ဆက်စပ်သင်ကြားပေးရန် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ သို့ဖြစ်ပါ၍ ခေတ်သစ်အသက်မွေးဝမ်းကျောင်းပညာကျောင်းများသည် လူသားအရင်းမြစ်၏ အရည်အသွေးကို ခေတ်စနစ်နှင့်လျော်ညီအောင် သင်ကြားပေးနိုင်ရမည် ဖြစ်သည့်အပြင် အစိုးရမူဝါဒများကို အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် ကျွမ်းကျင်ပညာရှင်များကို ဟန်ချက်ညီညီဖြင့် မွေးထုတ်ပေးရမည်ဖြစ်ပါကြောင်း၊ နည်းပညာရှင်မွေးထုတ်မှုတွင် တစ်နှစ်လျှင် အိန္ဒိယနိုင်ငံက ၁၃၅၀၀၀၊ စင်ကာပူ နိုင်ငံက ၇၀၀၀၀ ရှိပြီး မြန်မာနိုင်ငံက ၁၀၀၀၀ ခန့်သာဖြစ်ပါကြောင်း၊ တက္ကသိုလ် ပညာသင်ကြားရန် အစိုးရ၊ ကျောင်းသားမိဘများက ငွေကြေးကျခံရပြီး ကျောင်းသားအနေဖြင့်လည်း အချိန်နှင့် အားစိုက်ထုတ်ရပါကြောင်း၊ ကျောင်းပြီး၍ သင်ကြားထားသည့်ပညာဖြင့် လုပ်ကိုင်ခွင့်မရလျှင် အားလုံးအတွက် ဆုံးရှုံးမှုကြီးဖြစ်ပါကြောင်း၊ တတ်မြောက်ထားသည့် ပညာရပ်ကို အသုံးချခွင့်မရဘဲ တိုင်းပြည်တွင် အလုပ်လက်မဲ့များနေလျှင် နိုင်ငံတော်မူဝါဒတစ်ခုခု လိုအပ်နေပြီဖြစ်ပါကြောင်း၊ တတ်မြောက်ထားသည့် ပညာဖြင့် လူမှန်၊ နေရာမှန် ဆောင်ရွက်နိုင်ပါမှ တိုးတက်အောင်မြင်မည်ဖြစ်ပါကြောင်း၊ ယခုအဆိုတွင်လည်း ကျွမ်းကျင်ပညာရှင်များ လိုအပ်သည့် အရေအတွက်ကို သုတေသနပြုလုပ်ပြီးမှသာ သင့်လျော်သော မူဝါဒနှင့် နည်းဗျူဟာ ချမှတ်ရေးဆွဲ၍ ဆောင်ရွက်သင့်ကြောင်းကို တိုက်တွန်းထားသည်ဖြစ်၍ အဆိုကို ထောက်ခံပါကြောင်း ဆွေးနွေးသည်။

ကျောက်ဖြူမဲဆန္ဒနယ်မှ ဦးဘရှိန်က လက်ရှိကာလတွင် နည်းပညာဝန်ကြီးဌာနကို ပညာရေးဝန်ကြီးဌာနနှင့် ပေါင်းလိုက်ပါကြောင်း၊ သို့သော်လည်း နည်းပညာကဏ္ဍအတွက်နှင့် ဒုတိယဝန်ကြီးခန့်အပ်ထားမှု မရှိသည်ကိုတွေ့ရပါကြောင်း၊ အဆိုရှင်တင်ပြသည့် နည်းပညာရပ်များ ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် မူဝါဒနှင့် နည်းဗျူဟာများချမှတ်ခြင်း၊ သုတေသနပြုခြင်းလုပ်ငန်းများကို ဆောင်ရွက်သင့်ပါကြောင်း၊ တစ်ဖက်တွင်လည်း နည်းပညာရပ်များကို ပိုမိုအလေးထားဆောင်ရွက်လာနိုင်ရန် တွန်းအားတစ်ရပ်ထားရှိသင့်ပါကြောင်း၊ ပညာရေးဝန်ကြီးဌာနအနေဖြင့် နည်းပညာနှင့်ဆိုင်သည့် ကဏ္ဍများကို ကျယ်ကျယ်ပြန့်ပြန့် အကောင်အထည်ဖော် ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် ပညာရေးဝန်ကြီးဌာနတွင် ဒုတိယဝန်ကြီး(နည်းပညာ)တစ်ဦး ခန့်ထားပြီး နည်းပညာဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍကို ဆောင်ရွက်မည်ဆိုပါက ပိုမိုအဆင်ပြေမည်ဟု အကြံပြုလိုပါကြောင်း ဆွေးနွေးသည်။

ထို့အတူ ဖာပွန်မဲဆန္ဒနယ်မှ ဦးစောထွန်းမြအောင်၊ မင်းကင်းမဲဆန္ဒနယ်မှ ဦးမောင်မြင့်၊ ပုလောမဲဆန္ဒနယ်မှ ဦးအုန်းခင်၊ သိန်းနီမဲဆန္ဒနယ်မှ ဦးစိုင်းဦးခမ်း၊ ဆိပ်ဖြူမဲဆန္ဒနယ်မှ ဦးအောင်သိုက်၊ ဒဂုံမဲဆန္ဒနယ်မှ ဒေါက်တာဒေါ်သက်သက်ခိုင်၊ ဂန့်ဂေါမဲဆန္ဒနယ်မှ ဒေါ်ယဉ်မင်းလှိုင်၊ တောင်တွင်းကြီးမဲဆန္ဒနယ်မှ ဦးမင်းသိန်း၊ ဒေးဒရဲမဲဆန္ဒနယ်မှ ဒေါက်တာဒေါ်ခင်ညို၊ ချမ်းအေးသာစံမဲဆန္ဒနယ်မှ ဦးမျိုးနိုင်နှင့် ဘီးလင်းမဲဆန္ဒနယ်မှ ဦးတင်ကိုကိုဦး(ခ) ဦးအတွတ်တို့ကလည်း ဆွေးနွေးကြသည်။

အဆိုနှင့်စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းက ပညာရေးဝန်ကြီးဌာနအနေဖြင့် တိုင်းပြည်အတွက် ကျွမ်းကျင်လုပ်သားများ၊ ကျွမ်းကျင်ပညာရှင်များ၊ အင်ဂျင်နီယာပညာရှင်များ လိုအပ်ချက်များအား ဖြည့်ဆည်းဆောင်ရွက်ရာတွင် သုတေသနများပြုလုပ်ဆောင်ရွက်ပြီးမှ ချမှတ်ရေးဆွဲခဲ့သည့် အမျိုးသားပညာရေး မဟာဗျူဟာစီမံကိန်း(၂၀၁၆-၂၀၂၁) အရ တိုင်းဒေသကြီး၊ ပြည်နယ်များအလိုက် အလုပ်အကိုင်အခွင့်အလမ်းရရှိမှု၊ ဘာသာရပ်ဆိုင်ရာ ဆရာ၊ ဆရာမအင်အား၊ သင်ထောက်ကူပစ္စည်း၊ လက်တွေ့ခန်းသုံးပစ္စည်းများနှင့် Infrastructure စသည့် လိုအပ်ချက်များအား ဘဏ္ဍာနှစ်အလိုက် ဖြည့်ဆည်းဆောင်ရွက်ပေးပြီး နည်းပညာ၊ သက်မွေးပညာရေးနှင့် လေ့ကျင့်ရေး(Technical and Vocational Education and Training-TVET) အတွက် သင်ယူနိုင်သော အခွင့်အလမ်းများ တိုးချဲ့ဆောင်ရွက်ခြင်းများကိုလည်း အမျိုးသားပညာရေး မဟာဗျူဟာစီမံကိန်း(NESP)နှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း၊ အင်ဂျင်နီယာပညာရေးအတွက် နည်းပညာတက္ကသိုလ်များကို အဆင့်မြင့်ပညာဦးစီးဌာနအောက်တွင် ထားရှိပြီးဖြစ်ပါကြောင်း၊ ထို့အပြင် နည်းပညာနှင့် သက်မွေးပညာဦးစီးဌာန ဖွဲ့စည်းပြီး သုတေသနလုပ်ငန်းများ စီမံကိန်းလုပ်ငန်းများကို ဆောင်ရွက်မည်ဖြစ်ပါကြောင်း၊ ယခုအဆိုတွင် ပါရှိသည့်အကြောင်းအရာများ အားလုံးကို ပညာရေးဝန်ကြီးဌာနက ဆောင်ရွက်ပြီးဖြစ်ပါကြောင်း၊ အဆို၏အဓိပ္ပာယ်သည် နည်းပညာနှင့် သက်မွေးပညာဆောင်ရွက်ချက်များကို ယခုထက်ပိုမိုတိုးတက်ဆောင်ရွက်နိုင်စေရန်နှင့် နိုင်ငံအတွက်လိုအပ်နေသော ဘက်ပေါင်းစုံ သက်မွေးပညာရပ်များကို တိုးချဲ့ဆောင်ရွက်ရန်အတွက် တိုက်တွန်းသည့်အဆိုဖြစ်ခြင်းကြောင့် အဆိုကိုလက်ခံပါကြောင်း ပြန်လည်ရှင်းလင်းဖြေကြားသည်။

အဆိုနှင့်စပ်လျဉ်း၍ လွှတ်တော်၏အဆုံးအဖြတ်ရယူရာ လွှတ်တော်က အတည်ပြုကြောင်း ကြေညာသည်။

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး ၁၆ ရက်မြောက်နေ့ကို စက်တင်ဘာ ၇ ရက်နေ့တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

မျိုးမြင့်၊ ဟန်လင်းနိုင်(သတင်းစဉ်)

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေး ၁၅ ရက်မြောက်နေ့ ကျင်းပ

နေပြည်တော် စက်တင်ဘာ ၅

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေး ၁၅ ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပရာ ကြယ်ပွင့်ပြမေးခွန်းများ မေးမြန်းခြင်းနှင့် ဖြေကြားခြင်း၊ နယ်နိမိတ်တိုင်းတာပိုင်းခြားသတ်မှတ်ရေးဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဆွေးနွေးခြင်းတို့ကို ဆောင်ရွက်ကြသည်။

လုပ်ငန်းရှင်ကုမ္ပဏီများ၏ လက်ဝါးကြီးအုပ်သိမ်းပိုက်မှုများ မဖြစ်ပေါ်စေရေး ကြပ်မတ်ဆောင်ရွက်လျက်ရှိ

အစည်းအဝေးတွင် တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)မှ ဒေါက်တာခင်မောင်ဝင်း၏ **လူနည်းစုနှင့် မျိုးတုန်းပျောက်ကွယ်လုနီးဖြစ်သော ဆလုံ(ခ) မော်ကင်းလူမျိုးများနှင့် ဒေသခံပြည်သူများ နေထိုင်လျက်ရှိသည့် ကော့သောင်းခရိုင်အတွင်းရှိ မကျိုဂလက်၊ ညောင်ဝိ၊ ဂျာလန်း၊ ဂျာအုံနှင့် လင်နန်းကျွန်းများတွင် ဒေသခံပြည်သူများအခြေပြု ခရီးသွားလုပ်ငန်း (CBT) များ ဖော်ဆောင်ပေးရန်နှင့် ထိုကျွန်းများပေါ်ရှိ ရွာမြေများ၊ ပင်လယ်ကမ်းခြေ၊ ပင်လယ်အော်များကို ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းရှင်ကုမ္ပဏီများ၏ လက်ဝါးကြီးအုပ် သိမ်းပိုက်မှုများမှ ကာကွယ်စောင့်ရှောက်ပေးရန် အစီအစဉ်ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင်က တနင်္သာရီတိုင်းဒေသကြီးအတွင်း ရပ်ရွာလူထုအခြေပြု ခရီးသွားလုပ်ငန်းများ ဖော်ဆောင်နိုင်ရေးအတွက် ထားဝယ်ခရိုင်တွင် လောင်းလုံးမြို့နယ်၊ စမ်းလှမ်းကျေးရွာအား Pilot Project အဖြစ် စတင်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း၊ မြိတ်ခရိုင်တွင် ကျွန်းစုမြို့နယ် ဒုံးညောင်မှိုင်းကျေးရွာနှင့် ကော့သောင်းခရိုင် ကော့သောင်းမြို့နယ် မကျိုဂလက်ကျေးရွာတို့တွင် အစဉ်လိုက် ရပ်ရွာလူထုအခြေပြုခရီးသွားလုပ်ငန်းများအား အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းနှင့် ကျွန်းများပေါ်တွင် ကုမ္ပဏီများက ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းများ ဆောင်ရွက်နေမှုသည် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်ခွင့်ပြုချက်၊ မြေငှားရမ်းစာချုပ်နှင့် BOT စာချုပ်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနတို့၏ ခွင့်ပြုမိန့်များဖြင့် စီမံဆောင်ရွက်လျက်ရှိနေပါသဖြင့် လုပ်ငန်းရှင်ကုမ္ပဏီများ၏ လက်ဝါးကြီးအုပ်သိမ်းပိုက်မှုများ မဖြစ်ပေါ်စေရေး ကြပ်မတ်ဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားသည်။

မေယုမြစ်ကူးတံတား တည်ဆောက်ပေးရန် အစီအစဉ်မရှိသေး

ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ ဦးခင်မောင်လတ်၏ **စစ်တွေ-မေယု ဒေသဆက်သွယ်ရေးလမ်းကြောင်းဖြစ်သော မေယုမြစ်ကူးတံတားကို မူစဲကျွန်းမှတစ်ဆင့် ဖြတ်သန်းပြီး တည်ဆောက်ပေးရန် အစီအစဉ်ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လင်းက စစ်တွေမြို့မှ မေယုဒေသ၊ ဘူးသီးတောင်မြို့သို့ ဆက်သွယ်သွားလာနိုင်ရန်အတွက် စစ်တွေ-ပုဏ္ဏားကျွန်း-ရသေ့တောင်-ဘူးသီးတောင်လမ်းကို ဖောက်လုပ်ပေးထားပြီး လမ်းပေါ်ရှိ တံတားများကိုလည်း ပြုပြင်တည်ဆောက်ပေးထားပြီးဖြစ်ပါသဖြင့် မော်တော်ယာဉ်များဖြင့် တိုက်ရိုက်သွားရောက်နိုင်ပြီဖြစ်ပါကြောင်း၊ အဆိုပါ လမ်းသည် အရှည် ၇၉ မိုင် ၁ ဖာလုံရှိပြီး ပေ ၁၈၀ အထက် တံတား ၉ စင်းပါဝင်ပါကြောင်း၊ စစ်တွေ-ပုဏ္ဏားကျွန်း-ရသေ့တောင်- ဘူးသီးတောင်လမ်းကို ရာသီမရွေးသွားလာနိုင်သော လမ်းအဖြစ် အဆင့်မြှင့်တင်တိုးမြှင့်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါသဖြင့် ရန်ပုံငွေသုံးစွဲကုန်ကျမှုများရှိပြီး လမ်းအဆင့်တိုးမြှင့် ဆောင်ရွက်ပြီးပါက စစ်တွေမှ ဘူးသီးတောင်သို့ ၇၉ မိုင် ၁ ဖာလုံခရီးကို ၃ နာရီခွဲခန့်ဖြင့် ရောက်နိုင်မည်ဖြစ်ပါကြောင်း။

ထို့ပြင် တစ်ဖက်တွင်လည်း အငူမော်မှတစ်ဆင့် မောင်တောသို့ ကွန်ကရစ်လမ်းခင်း၍ လမ်းအဆင့်တိုးမြှင့်ခြင်းလုပ်ငန်းများလည်း ဆောင်ရွက်လျက်ရှိပြီး ကွန်ကရစ်လမ်းအဆင့်ပြီးစီးပါက စစ်တွေမှတစ်ဆင့် ဇက်ရေယာဉ်ဖြင့် အငူမော်သို့ကူးပြီး အငူမော်မှတစ်ဆင့် ကွန်ကရစ်လမ်းအတိုင်း မောင်တောသို့ သွားရောက်နိုင်မည်ဖြစ်ပါကြောင်း။

စစ်တွေမှ ဘူးသီးတောင်သို့ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်စေရေးအတွက် စစ်တွေ-ပုဏ္ဏားကျွန်း-ရသေ့တောင်-ဘူးသီးတောင်လမ်းအား အဆင့်တိုးမြှင့်ဆောင်ရွက်ရာတွင် မူစဲကျွန်းမှတစ်ဆင့် ဖောက်လုပ်မည့် လမ်းအပိုင်းတွင် တံတား ၃ စင်းလိုအပ်မည် ဖြစ်ပါကြောင်း၊ အဆိုပါတံတား ၃ စင်းမှာ ပေ ၄၃၀၀ ခန့်ရှည်မည့် တံတားအမှတ်(၁)၊ ပေ ၅၅၀ ခန့်ရှည်မည့် တံတားအမှတ် (၂) နှင့် ပေ ၁၄၃၀၀ ရှည်မည့် တံတားအမှတ် (၃) တို့ ဖြစ်ပါကြောင်း၊ ထို့ပြင် တံတား၏ ချဉ်းကပ်လမ်းများ ဆောင်ရွက်ရမည့်ပမာဏမှာ ကြီးမားပါကြောင်း။

ထို့ကြောင့် စစ်တွေ-ပုဏ္ဏားကျွန်း-ရသေ့တောင်-ဘူးသီးတောင်-မောင်တောလမ်းအပိုင်းကို ဦးစွာ ရာသီမရွေးသွားလာနိုင်သည့် ကတ္တရာလမ်းအဆင့်၊ ကွန်ကရစ်လမ်းအဆင့်အဖြစ် အဆင့်မြှင့်ဆောင်ရွက်သွားမည်ဖြစ်သည့်အတွက် လတ်တလောတွင် တင်ပြထားသည့် လမ်းကြောင်းတွင်ရှိသည့် တံတား ၃ စင်းကို တည်ဆောက်ပေးရန် အစီအစဉ်မရှိသေးပါကြောင်း၊ သို့သော် ရေရှည်လမ်းကွန်ရက် ဖွံ့ဖြိုးတိုးတက်မှုအစီအစဉ်အတွက် ပဏာမ ကြိုတင်ဖြစ်မြောက်နိုင်စွမ်း လေ့လာဆန်းစစ်မှု (Pre Feasibility Study) အား ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။



တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)မှ ဒေါက်တာခင်မောင်ဝင်း

ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ ဦးခင်မောင်လတ်

ဂုတ်တွင်းတံတားသစ် ချဉ်းကပ်လမ်းစီမံကိန်း လျော်ကြေးပေးချေရန် ညှိနှိုင်းဆောင်ရွက်၍မရပါက မြေသိမ်းအက်ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်

ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)မှ ဦးစိုင်းအုန်းကျော်၏ **ရှမ်းပြည်နယ်မြောက်ပိုင်း ကျောက်မဲခရိုင်အတွင်းရှိ နောင်ချိုမြို့ရှောင်လမ်းစီမံကိန်း သို့မဟုတ် ဂုတ်တွင်းတံတားသစ် ချဉ်းကပ်လမ်းစီမံကိန်း** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးကျော်လင်းက နောင်ချိုမြို့ရှောင်လမ်းနှင့် ဂုတ်တွင်းတံတားသစ် လက်ရှိတည်ဆောက်မည့်နေရာသည် ကမ္ဘာကျော် ဂုတ်ထိပ်ရထားလမ်းတံတားကြီးမှ ၆၉၆ မီတာကွာဝေးသောနေရာတွင် တည်ဆောက်မည်ဖြစ်ပြီး တံတားပြီးသည့်အချိန်တွင် ကမ္ဘာကျော် ဂုတ်ထိပ်တံတားကိုလည်း ယှဉ်တွဲပြီး မြင်တွေ့ရမည်ဖြစ်သည့်အတွက် ကမ္ဘာလှည့်ခရီးသွားများကိုလည်း ဆွဲဆောင်နိုင်မည့် စီမံကိန်းတစ်ခုဖြစ်ပါကြောင်း၊ တံတားတည်ဆောက်မည့်ပုံစံသည် မြန်မာနိုင်ငံတွင် တစ်ကြိမ်တစ်ခါမျှ တည်ဆောက်ခြင်းမရှိသေးသည့် Balance Cantilever Method ကို Cable Stayed နှင့် ပေါင်းစပ်တည်ဆောက်မည် ဖြစ်ပါကြောင်း။

တံတားတိုင်၏ အမြင့်သည် ပျမ်းမျှ ပေ ၆၀၀ ခန့်မြင့်မည်ဖြစ်သည့်အတွက် မြန်မာနိုင်ငံတွင် အမြင့်ဆုံးတံတားဖြစ်လာမည်ဖြစ်ပါကြောင်း၊ ယခုဆောင်ရွက်မည့် လမ်းနှင့် တံတားတည်ဆောက်ခြင်းလုပ်ငန်းစီမံကိန်းကို နိုင်ငံတော်ပိုင်ရန်ပုံငွေဖြင့် ဆောင်ရွက်မည်မဟုတ်ဘဲ Oriental Highway Co.,Ltd. ပိုင်ငွေကြေးဖြင့် စိုက်ထုတ်ဆောင်ရွက်သွားမည်ဖြစ်ပြီး ခန့်မှန်းခြေ မြန်မာငွေကျပ် ၄၀ ဘီလီယံနှင့် အမေရိကန်ဒေါ်လာ ၁၂၀ ဒသမ ၇၇ သန်း ငွေနှစ်ရပ်ပေါင်း၍ သုံးစွဲကုန်ကျမည် ဖြစ်ပါကြောင်း။

နောင်ချိုမြို့ရှောင်လမ်းနှင့် ဂုတ်တွင်းတံတားသစ် တည်ဆောက်ခြင်းစီမံကိန်းဧရိယာတွင် ကျောက်မဲမြို့နယ်အတွင်း စိုက်ပျိုးမြေဧရိယာ စုစုပေါင်း ၁၆၉ ဒသမ ၉၉ ဧကနှင့် နောင်ချိုမြို့နယ်အတွင်း စိုက်ပျိုးမြေနှင့် သစ်တောမြေ စုစုပေါင်း ၃၂၉ ဒသမ ၇၄ ဧကတို့ပါဝင်ပြီး မြေဧရိယာ စုစုပေါင်းမှာ ၄၉၉ ဒသမ ၇၃ ဧကဖြစ်ပါကြောင်း၊ အဆိုပါ မြေဧရိယာ ၄၉၉ ဒသမ ၇၃ ဧကအနက် ၃၆ ဒသမ ၃၅ ဧကသည် အစိုးရအဖွဲ့အစည်းပိုင်ဖြစ်သည့်အတွက် လျော်ကြေးပေးချေရန် မလိုအပ်ပါသဖြင့် ကျန်ရှိသော လျော်ကြေးပေးချေရန် လိုအပ်သည့် တောင်သူ ၂၈၃ ဦး၏ မြေ ၄၆၃ ဒသမ ၃၈ ဧကအတွက် ၂၀၁၇ - ၂၀၁၈ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်း (မူလနှင့် ဖြည့်စွက်ရန်ပုံငွေ) စုစုပေါင်း ၆ ဒသမ ၁၇၃ ဘီလီယံရရှိခဲ့ပြီး တံတားဦးစီးဌာနမှ ပေးလျော်ခြင်းများ ဆောင်ရွက်လျက်ရှိပါကြောင်း။

လျော်ကြေးငွေပေးချေရာတွင် သဘောတူခဲ့သည့် တောင်သူ ၂၂၁ ဦး၏ မြေ ၃၄၄ ဒသမ ၂ ဧကအနက် တောင်သူ ၂၁၄ ဦး၏ မြေ ၃၃၃ ဒသမ ၈၁ ဧကအတွက် ငွေကျပ် ၄ ဒသမ ၄၁၇ ဘီလီယံ ပေးလျော်ထားပြီး ဖြစ်ပါသဖြင့် လက်ရှိအချိန်တွင် ပေးလျော်ထားရှိမှုမှာ ၇၃ ရာခိုင်နှုန်းဖြစ်ပါကြောင်း၊ သဘောတူ လက်ခံခြင်းမရှိသည့် တောင်သူ ၆၂ ဦး၏ မြေ ၁၁၉ ဒသမ ၁၈ ဧကအား သတ်မှတ်လျော်ကြေး ပေးချေနိုင်ရေးအတွက် ဒေသခံလွှတ်တော်ကိုယ်စားလှယ်များက တိုက်တွန်းညှိနှိုင်း ဆောင်ရွက်ပေးနိုင်ပါရန် မေတ္တာရပ်ခံအပ်ပါကြောင်း။

လျော်ကြေးငွေတောင်းခံခြင်း မရှိသေးသည့် တောင်သူ ၆၂ ဦးက လျော်ကြေးလက်ခံပြီးစီးသွားပါက စီမံကိန်းလုပ်ငန်းများကို ချက်ချင်း စတင်နိုင်မည်ဖြစ်ပါကြောင်း၊ လျော်ကြေးပေးချေရန် ညှိနှိုင်းဆောင်ရွက်၍မရပါက ရှမ်းပြည်နယ်အစိုးရအဖွဲ့က ၁၈၉၄ ခုနှစ် မြေသိမ်းအက်ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားခွင့်ပြုနိုင်ရေးအတွက် ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြထားပြီး ခွင့်ပြုမိန့်ရရှိထားသည့်အတွက် လျော်ကြေးမယူပါကလည်း နိုင်ငံတော်စီမံကိန်းဖြစ်သည့်အတွက် ၁၈၉၄ ခုနှစ် ဥပဒေဖြင့် ဆက်လက်ဆောင်ရွက်သွားရမည့် စီမံကိန်းဖြစ်ပါကြောင်း။

တံတားတည်ဆောက်ရေး စီမံကိန်းဧရိယာတွင် ပါဝင်သော တောင်သူ ၂၂၁ ဦးအား မြေယာလျော်ကြေးငွေ ၄ ဒသမ ၄၁၇ ဘီလီယံ ပေးလျော်ပြီးဖြစ်ပါကြောင်းနှင့် ကျန်ရှိသော တောင်သူ ၆၂ ဦးအား မြေယာလျော်ကြေးငွေ လက်ခံနိုင်ရေးအတွက် ဖျောင်းဖျပေးနိုင်ပါရန် ဒေသခံလွှတ်တော်ကိုယ်စားလှယ်များအား အကူအညီတောင်းခံအပ်ပါကြောင်း ဖြေကြားသည်။

အလားတူ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)မှ ဦးဇုန်လှယ်ထန်းနှင့် ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)မှ ဦးနောင်နဂျာတန်တို့၏ မေးခွန်းများနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးကျော်လင်းက ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။

နယ်နိမိတ်တိုင်းတာပိုင်းခြားသတ်မှတ်ရေး ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဆွေးနွေး

ထို့နောက် **နယ်နိမိတ်တိုင်းတာပိုင်းခြားသတ်မှတ်ရေး ဥပဒေကြမ်း**နှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဒေါက်တာခွန်ဝင်းသောင်းက နယ်နိမိတ်တိုင်းတာ ပိုင်းခြားသတ်မှတ်ရေးဥပဒေအစား မြေနယ်နိမိတ်တိုင်းတာပိုင်းခြားသတ်မှတ်ရေးဥပဒေဖြင့် အစားထိုးပြင်ဆင်လိုပါကြောင်း၊ နယ်နိမိတ်သတ်မှတ်ရေး အရာရှိဆိုသည်မှာ ဤဥပဒေပါ နယ်နိမိတ်သတ်မှတ်ရေးအရာရှိ၏ လုပ်ငန်းတာဝန်များကိုဆောင်ရွက်ရန် တာဝန်ပေးအပ်ခြင်းခံရသူဟူ၍ အစားထိုးမည် ဖြစ်ပါကြောင်း၊ ကော်ပြာစာနေရာတွင် အကြောင်းကြားစာဖြင့် ပြင်ဆင်ဖြည့်စွက်လိုပါကြောင်း၊ ထို့ပြင် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်ကို မြို့နယ်၊ မြို့၊ ရပ်ကွက်၊ ကျေးရွာအုပ်စုနှင့် ကျေးရွာများအတွင်းရှိ မြေများ၏ နယ်နိမိတ်များဟူ၍ ထပ်မံဖြည့်စွက်လိုပါကြောင်း ဆွေးနွေးသည်။

မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဦးဝင်းမြင့်က တိုင်းတာခြင်း၊ သတ်မှတ်ခြင်း၊ ပြင်ဆင်ခြင်းဆိုသည့် စာသားနောက်တွင် ပြင်ဆင်မှုကို လိုက်နာစေခြင်းဆိုသည့် စကားရပ်နှင့် ပိုင်ဆိုင်မှု (သို့မဟုတ်) လက်ရှိဖြစ်ခြင်းနှင့်စပ်လျဉ်းသည့် အငြင်းပွားမှုကို လက်ခံခြင်း၊ ဖြေရှင်းပေးခြင်းဆိုသည့် စကားရပ်ကို ဖြည့်စွက်လိုပါကြောင်း၊ အဆိုပါ စကားရပ်နှစ်ရပ်ကို ဖြည့်စွက်လိုက်ပါက နိုင်ငံတော်အတွင်းရှိ တည်ဆဲဥပဒေများနှင့်အညီ သတ်မှတ်ထားသည့် ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၊ ခရိုင်၊ မြို့နယ်၊ မြို့၊ ရပ်ကွက်၊ ကျေးရွာအုပ်စု၊ ကျေးရွာများအတွင်းရှိ ကွင်းအကွက်များ၏ မြေနယ်နိမိတ်များ တိုင်းတာခြင်း၊ သတ်မှတ်ခြင်း၊ ပြင်ဆင်ခြင်း၊ ပြင်ဆင်မှုကို လိုက်နာစေခြင်း၊ ပိုင်ဆိုင်မှု (သို့မဟုတ်) လက်ရှိဖြစ်ခြင်းနှင့် စပ်လျဉ်းသည့် အငြင်းပွားမှုကိုလက်ခံခြင်း၊ ဖြေရှင်းပေးခြင်း ဆောင်ရွက်နိုင်စေရန်ဟူ၍ စာစီရမည်ဖြစ်ပါကြောင်း၊ ပြင်ဆင်လိုသည့်အကြောင်းအရင်းမှာ ရည်ရွယ်ချက် အခန်း(၂)ကို အကောင်အထည်ဖော်သည့် အခန်း(၃)၊ (၄)၊ (၅)၊ (၆)၊ (၇) လုပ်ငန်းများနှင့် ရှေ့နောက် ဆက်စပ်မှုရှိရန် လိုအပ်မည်ဟု ယူဆသည့်အတွက် ပြင်ဆင်ဖြည့်စွက်လိုခြင်းဖြစ်ပါကြောင်း ဆွေးနွေးသည်။

အဆိုပါ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဦးတင်အောင်ထွန်းနှင့် တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးစိုးသိန်း (ခ) ဦးမောင်စိုးတို့က ဆက်လက်ဆွေးနွေးကြသည်။

ယင်းနောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက **အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော ၂၀၁၇ ခုနှစ်၊ မြန်မာ့ကျောက်မျက်ရတနာဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်း**ကို အသိပေးတင်ပြ၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေး ၁၆ ရက်မြောက်နေ့ကို စက်တင်ဘာ ၇ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

အောင်ရဲသွင်(သတင်းစဉ်)

စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် အရေးပေါ်အစည်းအဝေး ကျင်းပ

မုံရွာ စက်တင်ဘာ ၅

ဒုတိယအကြိမ် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် အရေးပေါ်အစည်းအဝေး(၁/၂၀၁၈)ကို စက်တင်ဘာ ၅ ရက် နံနက် ၁၀ နာရီက မုံရွာမြို့ စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်တွင်ကျင်းပရာ စစ်ကိုင်းတိုင်းဒေသကြီး စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီး ဦးစိုးဦးက ၂၀၁၈ ခုနှစ် ဧပြီလမှ စက်တင်ဘာလအထိ စစ်ကိုင်းတိုင်းဒေသကြီး ဘဏ္ဍာရန်ပုံငွေတွင် ပါဝင်သော ဌာနအဖွဲ့အစည်းများ၏ ငွေလုံးငွေရင်းအသုံးစရိတ် ရန်ပုံငွေလွှဲပြောင်းသုံးစွဲခြင်းနှင့် အထွေထွေပိုလျှံရန်ပုံငွေမှ လွှဲပြောင်းသုံးစွဲခြင်းကို လွှတ်တော်သို့ တင်သွင်းသည်။

စစ်ကိုင်းတိုင်းဒေသကြီး အသေးစားစက်မှုလက်မှု လုပ်ငန်းဦးစီးဌာန၊ တိုင်းဒေသကြီးလမ်းဦးစီးဌာန၊ တိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့တို့၏ ငွေလုံးငွေရင်း အသုံးစရိတ် မူလခွင့်ပြုငွေမှ ရန်ပုံငွေလွှဲပြောင်းသုံးစွဲမည်ဖြစ်သလို ဗဟိုစာရင်းအင်းအဖွဲ့အနေဖြင့် တိုင်းဒေသကြီး အထွေထွေပိုလျှံရန်ပုံငွေမှ လွှဲပြောင်းသုံးစွဲရန် စစ်ကိုင်းတိုင်းဒေသကြီး စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီး ဦးစိုးဦးက လွှတ်တော်သို့ တင်ပြသည်။

"အခုတင်ပြတဲ့ တိုင်းဒေသကြီးအဆင့် ဌာနအဖွဲ့အစည်းတွေရဲ့ ၂၀၁၈ ခုနှစ် ဧပြီလမှ စက်တင်ဘာလအထိ ငွေလုံးငွေရင်း အသုံးစရိတ်မူလခွင့်ပြုငွေက ရန်ပုံငွေလွှဲပြောင်းသုံးစွဲဖို့နဲ့ တိုင်းဒေသကြီးအထွေထွေပိုလျှံရန်ပုံငွေက ဒေသဖွံ့ဖြိုးရေးလုပ်ငန်းတွေဆောင်ရွက်ဖို့ လွှဲပြောင်းသုံးစွဲမယ့်ကိစ္စတွေဟာ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်စေပြီး လျှပ်စစ်မီးရရှိစေဖို့နဲ့ လူနေမှုဘဝ မြင့်မားစေတာတွေကြောင့် အခု ဘဏ္ဍာနှစ်အတွင်းမှာ မဖြစ်မနေလုပ်ရမယ့် လုပ်ငန်းတွေဖြစ်တဲ့အတွက် ရန်ပုံငွေလွှဲပြောင်းသုံးစွဲရမယ့် ကိစ္စတွေကို စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်က အတည်ပြုပေးနိုင်အောင် အရေးပေါ်အစည်းအဝေးမှာ တင်ပြတာဖြစ်ပါတယ်"ဟု ဝန်ကြီး ဦးစိုးဦးက ပြောကြားသည်။

အရေးပေါ်အစည်းအဝေးတွင် ဝန်ကြီးဦးစိုးဦး တင်ပြမှုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များက အမည်စာရင်းတင်သွင်းကြရန် လွှတ်တော်ကဖိတ်ခေါ်ထားပြီး အရေးပေါ်အစည်းအဝေး ဒုတိယနေ့ကို စက်တင်ဘာ ၇ ရက် (သောကြာနေ့) တွင် ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း လွှတ်တော်ဥက္ကဋ္ဌ ဦးသန်းက ကြေညာသည်။

မျိုးဝင်းထွန်း(မုံရွာ)

ပြည်ပကုန်တင်သင်္ဘော Sam Ratulangi အား ဆွဲယူခဲ့သည့်ဆွဲသင်္ဘောနှင့် သင်္ဘောအမှုထမ်းများအား လွှဲပြောင်းပေးအပ်

ကော့သောင်း စက်တင်ဘာ ၅
သုံးခွမြို့နယ် သမ္ဘိတ္တကျေးရွာအပြင်ဘက် ရေမိုင် ခုနစ်မိုင်ခန့်အကွာ စစ်တောင်းမြစ်ဝအနီး မြန်မာ့ပင်လယ်ပြင်တွင် တွေ့ရှိခဲ့သည့် ပြည်ပကုန်တင်သင်္ဘော Sam Ratulangi အား ဆွဲယူခဲ့သည့် Independence Ulaan Baatar သင်္ဘောနှင့် သင်္ဘောအမှုထမ်း အင်ဒိုနီးရှားနိုင်ငံသား ၁၃ ဦးအား ယမန်နေ့နံနက်ပိုင်းက ကော့သောင်းမြို့ ဇာဒက်ကြီးရေတပ်စခန်းမှ တိုင်းဒေသကြီးရေကြောင်းဦးစီးဌာနနှင့် တာဝန်ရှိသူများထံသို့ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

ဩဂုတ် ၃၁ ရက်က မြန်မာ့ပင်လယ်ကမ်းရိုးတန်း ကော့သောင်းမြို့မှ ရေမိုင် ၅၀ ခန့်အကွာ ပင်လယ်ပြင်အတွင်း တစ်ဖက်နိုင်ငံရေပြင်အတွင်းသို့ ဦးတည်ခုတ်မောင်းလျက်ရှိသော မသင်္ကာဖွယ်ရာတွေ့ရှိရသည့် Independence Ulaan Bataar သင်္ဘောနှင့်အတူ သင်္ဘောအမှုထမ်း အင်ဒိုနီးရှားနိုင်ငံသား ၁၃ ဦးအား ဇာဒက်ကြီးရေတပ်စခန်းသို့ တပ်မတော်စစ်ရေယာဉ်က ခေါ်ယူထိန်းသိမ်းထားရာမှ ရေကြောင်းဦးစီးဌာနနှင့် တာဝန်ရှိအဖွဲ့အစည်းများသို့ ပြန်လည်လွှဲပြောင်းပေးအပ်ခြင်းဖြစ်ကာ အဆိုပါသင်္ဘောအား ကော့သောင်းမြို့ မြန်မာ့ရေပြင်ပိုင်နက် သူငွေးကျွန်းနှင့် ဘုရင့်နောင်အငူအကြား ပင်လယ်ပြင်တွင် ကျောက်ချရပ်နားထားပြီး သင်္ဘောအမှုထမ်းများအား သက်ဆိုင်ရာတာဝန်ရှိအဖွဲ့အစည်းများက လိုအပ်သည့် စစ်ဆေးမေးမြန်းမှုများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ကျော်စိုး(ကော့သောင်း)

အင်းစိန်ကလေးစာပေပွဲတော် ဖွင့်ပွဲကျင်းပရန် ဝတ်စုံပြည့်လေ့ကျင့်

အင်းစိန် စက်တင်ဘာ ၅
ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းကျင်းပသည့် ကလေးစာပေပွဲတော် ဖွင့်ပွဲကျင်းပရန် ဝတ်စုံပြည့် (အစမ်း)ပူးပေါင်းလေ့ကျင့်ခြင်းကို ယနေ့ နံနက် ၉ နာရီက ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။**(ယာပုံ)**

ကလေးစာပေပွဲတော်ဖွင့်ပွဲကျင်းပရန် ဝတ်စုံပြည့် (အစမ်း) ပူးပေါင်းလေ့ကျင့်ရာတွင် ရန်ကုန်မြောက်ပိုင်းခရိုင် ရှစ်မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများနှင့် ကိုယ်ပိုင်အထက်တန်းကျောင်းများမှ ကျောင်းသား ကျောင်းသူများက ဘင်ခရာတီးဝိုင်း၊ ပန်းဖွားအကအဖွဲ့များနှင့် ဖဲကြိုးဖြတ် အစမ်းလေ့ကျင့်ခြင်းများကို ပူးပေါင်းလေ့ကျင့်ခဲ့ကြသည်။

အဆိုပါ ဝတ်စုံပြည့်(အစမ်း)ပူးပေါင်းလေ့ကျင့်ရာနေရာသို့ မြောက်ပိုင်းခရိုင်အုပ်ချုပ်ရေးမှူး ဦးအေးသောင်း၊ ရန်ကုန်တိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ကြင်ကြင်သန်း၊ ခရိုင်ပညာရေးမှူး ဒေါ်အေးသန္တာချစ်၊ လူရည်ချွန်နှင့် ကင်းထောက်အဖွဲ့ ကျောင်းသား ကျောင်းသူ လူငယ်မောင်မယ်များ၊ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိနှင့် ဝန်ထမ်းများ၊ မြို့နယ်ပညာရေးမှူးနှင့် ပညာရေးဝန်ထမ်းများ၊ အဖွဲ့အစည်းအသီးသီးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

ဒေသန္တရပြည်သူ့ကျန်းမာရေးဌာနတို့၌ မွေးလူနာ ၈၀ မှ ၁၀၀ ကြား မွေးဖွားပေးလျက်ရှိ

ရန်ကုန် စက်တင်ဘာ ၅
ရန်ကုန်တိုင်းဒေသကြီး၏ လူဦးရေအများဆုံးနေထိုင်ရာ လှိုင်သာယာမြို့နယ်ရှိ ဒေသန္တရပြည်သူ့ကျန်းမာရေးဌာနနှင့် ကျေးလက်ကျန်းမာရေးဌာန ရှစ်ခုတွင် ကျန်းမာရေးစောင့်ရှောက်မှုပေးလျက်ရှိရာ ပင်မဒေသန္တရနှင့် ကျေးလက်ကျန်းမာရေးဌာနတို့တွင် မွေးလူနာ ၈၀ မှ ၁၀၀ ကြားတို့ကို မွေးဖွားပေးလျက်ရှိကြောင်း သိရသည်။

"ဒေသန္တရဆေးခန်းကို လက်လုပ်လက်စားနဲ့ ရွှေ့ပြောင်းနေထိုင်တဲ့သူတွေအားကိုးကြတယ်။ တစ်လကို လေးထောင်နဲ့ ငါးထောင်ကြား ကာကွယ်ဆေးထိုးပေးရတယ်။ ဒေသန္တရဆေးခန်းအသုံးချမှုက လှိုင်သာယာမှာအများဆုံးပဲ။ ပြီးတော့ စက်မှုဇုန်နဲ့ ရွှေ့ပြောင်းနေထိုင်သူတွေရှိတော့ ကိုယ်ဝန်ဆောင်ဗိုက်အပ်တာ တနင်္လာနဲ့ ကြာသပတေးနေ့မှာ နေရာ ရှစ်နေရာမှာ လူနာပြည့်နေတတ်တယ်။ တစ်နှစ်ကိုမွေးဖွားနှုန်း တစ်သောင်းသတ်မှတ်ထားတာကြောင့် ရှစ်နေရာမှာ တစ်လကိုမွေးလူနာ ၉၀၀ ကျော် လာပြကြတယ်။ ဗိုက်အသစ်က တစ်လကို ၄၀၀ ကျော် လာအပ်တယ်။ မှုပြီးလက်ခံရတယ်။ ဆေးရုံကြီးမှာ အိုဂျီရှိတယ်ဆိုတော့ ၆၀ နဲ့ ၁၂၀ ကြားကြည့်တယ်။ ဒေသန္တရက ပိုပြီးကြည့်နိုင်ကြတယ်။ လွယ်ကူတဲ့လူနာကို ဒေသန္တရကမွေးဖွားပေးပြီးတော့ ခက်ခဲတယ်ဆိုရင် ဆေးရုံကိုပို့ဆောင်တာကြောင့် ဆေးရုံမှာ လူနာတက်ရောက်ကုသမှုလျော့ကျသွားမယ်"ဟု မြို့နယ်ကျန်းမာရေးမှူး ဒေါက်တာဒေါ်ခင်ရူပါစိုးက ပြောသည်။

လှိုင်သာယာမြို့နယ်ရှိ ပင်မဒေသန္တရဆေးခန်းများတွင်လည်း မွေးလူနာများကို လက်ခံပေးလျက်ရှိရာ (၃)ထိပ်ရှိ ဒေသန္တရဆေးခန်းတွင် တစ်လလျှင်လူနာ ၁၀၀ ကျော်၊ ပင်မဒေသန္တရဖြစ်သော အမှတ်(၂) အထက်တန်းကျောင်းဘေးရှိ ဒေသန္တရဆေးခန်းတွင် လူနာ ၇၀ ကျော်၊ ရေဥက္ကံကျေးလက်ကျန်းမာရေးဌာနတွင် ၃၀ ခန့်နှင့် အခြားကျေးလက် ကျန်းမာရေးဌာနတို့တွင်လည်း ရှစ်ဦးနှင့် ငါးဦးကြား မွေးဖွားပေးလျက်ရှိကြောင်း မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ သိရသည်။

လှိုင်သာယာတွင် အစိုးရကျောင်းပေါင်း ၅၈ ကျောင်းနှင့် ကိုယ်ပိုင်ကျောင်းပေါင်း ၂၀ ရှိရာ အထက်တန်းကျောင်းတစ်ကျောင်းလျှင် ကျောင်းသားဦးရေ ခြောက်ထောင်ကျော်အထိရှိသောကြောင့် ကျောင်းကျန်းမာရေးစောင့်ရှောက်မှုနှင့်အသိပညာပေးကဏ္ဍတို့ကို မြို့နယ်ကျန်းမာရေးဦးစီးဌာနက ကျန်းမာရေးစောင့်ရှောက်မှုပေးလျက်ရှိပြီး တိုးပွားလာသောလူဦးရေအရ ကျေးလက်ကျန်းမာရေးဌာနနှင့် ဒေသန္တရဆေးခန်းများ တိုးချဲ့တည်ဆောက်ရန်လိုအပ်လျက်ရှိသည်။ မြို့နယ်ကျန်းမာရေးဦးစီးဌာနရုံးကို မြို့နယ်ပြည်သူ့ဆေးရုံကြီးဝင်းအတွင်း ဆောက်လုပ်နိုင်ခြင်းဖြင့် အများပြည်သူသွားလာရေး လွယ်ကူချောမွေ့စေမည်ဖြစ်ကြောင်းနှင့် ရပ်ကွက်၊ ကျေးရွာများမှ မွေးလူနာများ ဆေးရုံကြီးတွင် တက်ရောက်မွေးဖွားရန် အခက်အခဲရှိပါက ဒေသန္တရဆေးခန်းများနှင့် ကျေးလက်ကျန်းမာရေးဌာနတို့တွင် မွေးဖွားပေးလျက်ရှိကြောင်း သိရသည်။ **သစ္စာ**

မန္တလေးတိုင်းဒေသကြီးတွင် မိုးနှောင်းကာလ၌ မိုးရွာသွန်းမှု ပိုမိုများပြားနိုင်

မန္တလေး စက်တင်ဘာ ၅
မန္တလေးတိုင်းဒေသကြီးတွင် မိုးကြိုမိုးဦးကာလထက် ယခု မိုးနှောင်းကာလတွင် မိုးရွာသွန်းမှု ပိုမိုများပြားနိုင်ကြောင်း မန္တလေးတိုင်းဒေသကြီး မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာန (အထက်မြန်မာပြည်ဌာနခွဲ)မှ ညွှန်ကြားရေးမှူး ဦးကျော်လွင်ဦးက ပြောသည်။

မြန်မာနိုင်ငံအလယ်ပိုင်းဒေသသည် မိုးလယ်ကာလအတွင်း၌ မုတ်သုံလေ အားကောင်းသော်လည်း မိုးရွာသွန်းမှု နည်းပါးလေ့ရှိသကဲ့သို့ မိုးနှောင်းကာလများတွင် မိုးကြိုမိုးဦးကာလများထက် မိုးပိုမိုကောင်းမွန်နိုင်သည့် ရာသီဥတုဖြစ်စဉ်များ ရှိနေကြောင်း သိရသည်။

"မိုးနှောင်းကာလမှာ မန္တလေးတိုင်းဒေသကြီး အပါအဝင် စစ်ကိုင်းတိုင်းဒေသကြီးနဲ့ မကွေးတိုင်းဒေသကြီးတွေမှာ မိုးဦးကာလထက် မိုးပိုမိုရွာသွန်းနိုင်မယ့်အခြေအနေတွေ ရှိပါတယ်။ မိုးနှောင်းကာလဖြစ်တဲ့ ယခု စက်တင်ဘာလလယ်လောက်မှာ မြန်မာပြည်မြောက်ပိုင်းကစပြီး လေထုမငြိမ်သက်မှုတွေကြောင့် မိုးထစ်ချုန်းမှုအခြေအနေတွေ ပိုများလာမယ်။ မိုးတိမ်တောင်ကြီးတွေ ဖြစ်ပေါ်လာမှုကြောင့် မိုးသက်လေပြင်းတိုက်ခတ်ခြင်းနဲ့ နေရာကွက်ပြီး မိုးကြီးခြင်းများ ဖြစ်ပေါ်လာမယ်။ ဒီဖြစ်စဉ်ဖြစ်ပြီး မုတ်သုံလေက မြောက်ပိုင်းကပဲစပြီး တဖြည်းဖြည်း ဆုတ်ခွာလာကာ အောက်တိုဘာလ ၁၀ ရက်အတွင်း မြန်မာနိုင်ငံတစ်ဝန်းလုံးမှ ပြန်လည်ဆုတ်ခွာသွားနိုင်တယ်"ဟု ၎င်းက ပြောသည်။

မန္တလေးမြို့တွင် စက်တင်ဘာ ၄ ရက် နံနက်ပိုင်းမှစ၍ မိုးအသင့်အတင့် ရွာသွန်းခဲ့ရာ မြို့နယ်အချို့ရှိ လမ်းများပေါ် ရေလွှမ်းကာ အနိမ့်ပိုင်းရပ်ကွက်များတွင် ရေဝင်ရောက်မှုများ ဖြစ်ပေါ်ခဲ့သည်။

အဆိုပါ မိုးရွာသွန်းမှုအား မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန (အထက်မြန်မာပြည်ဌာနခွဲ)၏ ယင်းနေ့ နံနက် ၉ နာရီခွဲအချိန် တိုင်းတာချက်များအရ မန္တလေးမြို့တွင် မိုးရေချိန် ၁ ဒသမ ၆၁ လက်မ ရွာသွန်းခဲ့ပြီး မိုးအများဆုံးအဖြစ် ပုသိမ်ကြီးမြို့နယ်တွင် ၃ ဒသမ ၉၅ လက်မ၊ မလှိုင်မြို့နယ်တွင် ၂ ဒသမ ၅ လက်မ၊ မတ္တရာမြို့နယ်တွင် ၁ ဒသမ ၂၂ လက်မနှင့် မြစ်သားမြို့နယ်တွင် ၁ ဒသမ ၂၃ လက်မတို့ ရွာသွန်းခဲ့ကြောင်း သိရသည်။

မန္တလေးမြို့တွင် တစ်နှစ်တာကာလအတွင်း မိုးရွာသွန်းမှုမှတ်တမ်းများအရ ပုံမှန်အားဖြင့် မိုးရေချိန် ၃၁ လက်မခန့် ရွာသွန်းလေ့ရှိသော်လည်း ၁၅ နှစ်တာကာလအတွင်း စံချိန်တင် မိုးရေချိန်အဖြစ် ၂၀၀၆ ခုနှစ်တွင် ၆၀ ဒသမ ၇၁ လက်မနှင့် ၂၀၁၇ ခုနှစ်တွင် ၄၅ ဒသမ ၆၃ လက်မအထိ ရွာသွန်းခဲ့ပြီး ၁၉၆၄ ခုနှစ်မှ ၂၀၁၇ ခုနှစ်အထိ နှစ်ပေါင်း ၅၀ အတွင်း စက်တင်ဘာလ တစ်လအတွင်း၌ မိုးအများဆုံးရွာသွန်းခဲ့မှု မှတ်တမ်းများအရ ၂၀၀၆ ခုနှစ်တွင် ၁၇ ဒသမ ၇၂ လက်မအထိ စံချိန်တင်ရွာသွန်းခဲ့ကြောင်း သိရသည်။

မင်းထက်အောင်(မန်းကိုယ်ပွား)

အင်းစိန်မြို့နယ်တွင် စည်ပင်သာယာဥပဒေ ထပ်ဆင့်ရှင်းလင်း

ရန်ကုန် စက်တင်ဘာ ၅
အင်းစိန်မြို့နယ် ဖော့ကန်ရပ်ကွက် ဇမ္ဗူရတနာလမ်းရှိ ဇမ္ဗူရတနာဓမ္မာရုံ၌ စက်တင်ဘာ ၃ ရက် ည ၈ နာရီတွင် ဖော့ကန်ရပ်ကွက် အုပ်ချုပ်ရေးအဖွဲ့များ၊ ရာအိမ်မှူး၊ ဆယ်အိမ်မှူးများ၊ ပြည်သူတို့အား ရန်ကုန်မြို့တော်စည်ပင်သာယာရေး ဥပဒေသစ်ကို ကျယ်ကျယ်ပြန့်ပြန့် သိရှိလိုက်နာနိုင်ရေးအတွက် အင်းစိန်မြို့နယ် စည်ပင်သာယာအုပ်ချုပ်ရေးမှူးရုံးမှ လက်ထောက်အုပ်ချုပ်ရေးမှူး ဦးသန်းစိုးနှင့် ဖော့ကန်ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးဝင်းမြင့်တို့က ထပ်ဆင့်ရှင်းလင်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။ **၆၈၄**

တရားမဝင်ကုန်သွယ်မှုမှ ဖမ်းဆီးရမိသော လိပ်ပုတီး ရှစ်ကောင်အား ဒုဌဝတီမြစ်အတွင်း ပြန်လည်လွှတ်ပေး

နေပြည်တော် စက်တင်ဘာ ၅
ရှမ်းပြည်နယ် သိန္နီမြို့နယ် ရေပူစစ်ဆေးရေးစခန်းတွင် သစ်တောဦးစီးဌာန ဝန်ထမ်းများ တာဝန်ထမ်းဆောင်စဉ် ခရီးသည်တင်ယာဉ်ပေါ်တွင် တင်ဆောင်လာသော လိပ်ဝါ ၇၉ ကောင်၊ လိပ်ပုတီး ရှစ်ကောင်၊ လိပ်ပုပ် ခြောက်ကောင်နှင့် ရခိုင်လိပ် တစ်ကောင် စုစုပေါင်း ၉၄ ကောင်ကို ဖမ်းဆီးရမိခဲ့ပြီး ဇူလိုင် ၁၉ ရက်တွင် နောင်ချိုသစ်တောဦးစီးဌာနနှင့်ချိတ်ဆက်၍ ဘန့်ဘွေးလိပ်ကယ်ဆယ်ကုသရေးဆေးရုံသို့ ပို့ဆောင်ခဲ့သည်။

ဖမ်းဆီးရမိသည့် လိပ်မျိုးစိတ် လေးမျိုးမှ အနားပျော့လိပ်မျိုးဖြစ်သည့် လိပ်ပုတီး ရှစ်ကောင်မှာ ရေရှည်ထိန်းသိမ်းထားရန် နေရာအခက်အခဲရှိသောကြောင့် ပြန်လွှတ်ရန်စီစဉ်ခဲ့ပြီး ပြန်မလွှတ်မီ ဘန့်ဘွေးလိပ် ကယ်ဆယ်ရေးစခန်းတွင် လိပ်များပြန်လည်သန်စွမ်းစေရန် ဆေးဝါးကုသ၍ အစာအာဟာရကျွေးမွေးစောင့်ရှောက်ထားခဲ့သည်။

အဆိုပါကယ်ဆယ်ရေးစခန်းတွင် ထိန်းသိမ်းထားသော လိပ်ပုတီး ရှစ်ကောင်အား ဩဂုတ်လအတွင်း ဒုဌဝတီမြစ်အတွင်းသို့ ပြန်လည်စေလွှတ်ခဲ့ကြောင်း သိရသည်။

သန်းဦး(လေးမျက်နှာ)

ပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ်များ ဆောင်ရွက်ရန် တရုတ်နိုင်ငံမှ အမေရိကန်ဒေါ်လာ တစ်သိန်း လှူဒါန်း

နေပြည်တော် စက်တင်ဘာ ၅
အသက်မွေးဝမ်းကျောင်းလုပ်ငန်းများပြန်လည်ထူထောင်ရေးလုပ်ငန်းကော်မတီသို့ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ အပါအဝင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက် Power China International Group Co., Ltd. ၏ ထောက်ပံ့လှူဒါန်းခြင်းအခမ်းအနားကို ယနေ့ မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော်ရှိ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ပြုလုပ်ရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးအောင်၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ စီးပွားရေးကောင်စစ်ဝန် Mr. XieGuoxiang၊ Power China International Group Co.,Ltd. မှ ဒါရိုက်တာအဖွဲ့ဝင်များ တက်ရောက်သည်။

အခမ်းအနားတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ စီးပွားရေးကောင်စစ်ဝန် Mr. XieGuoxiang က မိတ်ဆက်စကားပြောကြားပြီး Power China International Group Co.,Ltd. မှ ဒါရိုက်တာတစ်ဦးက အလှူငွေပေးအပ်ရခြင်းရည်ရွယ်ချက်ကို ရှင်းလင်းတင်ပြသည်။

ထို့နောက် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ အပါအဝင် ပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ်များ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အသုံးပြုရန်အတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ Power China International Group Co.,Ltd. မှ General Manager, Mr. Yang Jian က အမေရိကန်ဒေါ်လာ တစ်သိန်း ပေးအပ်လှူဒါန်းရာ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများပြန်လည်ထူထောင်ရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက လက်ခံရယူပြီး ကျေးဇူးတင်စကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး အာရှ-ဥရောပ သက်ကြီးရွယ်အို အခွင့်အရေးဆိုင်ရာညီလာခံ တက်ရောက်

နေပြည်တော် စက်တင်ဘာ ၅
ကိုရီးယားသမ္မတနိုင်ငံ ဆိုးလ်မြို့တွင် အာရှ-ဥရောပနိုင်ငံများ သက်ကြီးရွယ်အို အခွင့်အရေးဆိုင်ရာညီလာခံ တက်ရောက်ရန် ရောက်ရှိနေသော လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးသည် ယနေ့တွင် ညီလာခံပထမနေ့ အစည်းအဝေးသို့ တက်ရောက်ခဲ့ကြောင်း သိရသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ကိုရီးယားသမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ လီနက်ယွန်းနှင့် ညီလာခံတက်ရောက်လာသော နိုင်ငံများမှ ဝန်ကြီးအဆင့် တာဝန်ရှိသူများ တွေ့ဆုံဆွေးနွေးပွဲသို့လည်း တက်ရောက်ခဲ့ကြောင်း သိရသည်။

တွေ့ဆုံပွဲအပြီး ညစာစားပွဲ၌ ပြည်ထောင်စုဝန်ကြီးက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားရာတွင် အာရှ-ဥရောပအဖွဲ့ဝင်နိုင်ငံများအနေဖြင့် မိမိတို့နိုင်ငံအလိုက် သက်ကြီးရွယ်အိုများ၏ ကျန်းမာရေး၊ ဆင်းရဲနွမ်းပါးမှုလျှော့ချရေး၊ ခွဲခြားဆက်ဆံမှုပပျောက်ရေး စသည့် အခွင့်အရေးများကို အကောင်းဆုံးဖြစ်အောင် ကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ယင်းသို့ဆောင်ရွက်ရာတွင် Madrid International Plan of Action ကို လက်ကိုင်ထားဆောင်ရွက်လျက်ရှိပြီး ယခုပေါ်ပေါက်လာသည့် အာရှ-ဥရောပ ကမ္ဘာလုံးဆိုင်ရာ သက်ကြီးရွယ်အိုဆိုင်ရာစင်တာအနေဖြင့် ဦးဆောင်ဦးရွက်အခန်းကဏ္ဍမှ ပါဝင်လာမည်ဟု ယုံကြည်ပါကြောင်း။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအနေဖြင့် သက်ကြီးရွယ်အိုများအပါအဝင် ပြည်သူများ အခြေခံလူ့အခွင့်အရေး၊ ဒီမိုကရေစီစံနှုန်းများနှင့်အညီ ပြည့်ဝစွာခံစားနိုင်ရေး၊ မူဝါဒချမှတ်ပြီး လူမှုကာကွယ်စောင့်ရှောက်ရေး နည်းလမ်းများဖြင့် ဝန်ဆောင်မှုပေးလျက်ရှိပါကြောင်း၊ သက်ကြီးရွယ်အိုများအတွက် လူမှုရေးပင်စင်ကို ၂၀၁၇ ခုနှစ်မှစတင်ပြီး လစဉ် အသက်(၉၀)နှစ်နှင့်အထက် တစ်နိုင်ငံလုံးရှိ သက်ကြီးရွယ်အို ၄၅၀၀၀ ကျော်ကို ထောက်ပံ့ပေးလျက်ရှိပါကြောင်း၊ လာမည့် အောက်တိုဘာလမှစတင်ပြီး အသက်(၈၅)နှစ်သို့ ပြောင်းလဲလျှော့ချထောက်ပံ့သွားမည်ဖြစ်ပြီး အထောက်အပံ့ရရှိမည့် သက်ကြီးရွယ်အိုအရေအတွက် ၁၅၀၀၀၀ ကျော် ရှိလာမည်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ကုလသမဂ္ဂ စဉ်ဆက်မပြတ် ဖွံ့ဖြိုးရေးပန်းတိုင်ပါ အချက်များကိုအခြေခံပြီး မြန်မာစဉ်ဆက်မပြတ် ဖွံ့ဖြိုးမှုအစီအစဉ် ၂၀၁၈-၂၀၃၀ ကို ချမှတ်ဆောင်ရွက်လျက်ရှိပါကြောင်း ရှင်းလင်းပြောကြားသည်။

အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီးနှင့်အတူ ကိုရီးယားသမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး သူရသက်ဦးမောင်လည်း ပါဝင်တက်ရောက်ခဲ့သည်။

အာရှ-ဥရောပနိုင်ငံများ သက်ကြီးရွယ်အို အခွင့်အရေးဆိုင်ရာညီလာခံကို စက်တင်ဘာ ၅ ရက်မှ ၇ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

❖ **ကျောဖုံးမှ**

ကစားသည့် ခြေစမ်းပွဲတွင် မြန်မာ ယူ-၁၆ အသင်းက စင်ကာပူ ယူ-၁၆ အသင်းကို ကိုးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ ခြေစမ်းပွဲပထမနေ့တွင် မြန်မာ ယူ-၁၆ အမျိုးသမီးအသင်းသည် ခြေအသာဖြင့် ကစားသွားပြီး ဂိုးပြတ်အနိုင်ရခဲ့ခြင်းဖြစ်သည်။ မြန်မာ ယူ-၁၉ အမျိုးသမီးအသင်းမှာလည်း အာရှ ယူ-၁၉ ခြေစစ်ပွဲမတိုင်မီ ပထမဆုံးနိုင်ငံတကာခြေစမ်းပွဲအဖြစ် ယှဉ်ပြိုင်ကစားခြင်းဖြစ်ပြီး ကစားသမားများ နိုင်ငံတကာပွဲ အတွေ့အကြုံရစေရန် အဓိကထား ကစားဖွယ်ရှိနေသည်။ မြန်မာ ယူ-၁၆ အမျိုးသမီးအသင်းသည် ခြေစစ်ပွဲအတွက် အပြီးသတ်ပြင်ဆင်မှုများပြုလုပ်ရန် ယနေ့ကစားမည့် ခြေစမ်းပွဲတွင် အရန်ကစားသမားအများစုကို အသုံးပြုဖွယ်ရှိနေသည်။

စင်ကာပူ လူငယ်အမျိုးသမီးအသင်းသည် စက်တင်ဘာ ၃ ရက်တွင် ရန်ကုန်မြို့သို့ ရောက်ရှိပြီး စက်တင်ဘာ ၇ ရက်တွင် ရန်ကုန်မြို့မှ ပြန်လည်ထွက်ခွာမည်ဖြစ်သည်။

သတင်း-ရှိုင်းထက်ဇော်၊ ဓာတ်ပုံ-စိုးညွန့်

✪ **မြစ်ရေကြီးမှုမှ**

သံလွင်မြစ်

သံလွင်မြစ်ရေသည် ဘားအံမြို့တွင် လေးပေခွဲခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး လက်ရှိရေမှတ်မှ နောက်နှစ်ရက်အတွင်း တစ်ပေခန့် တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သဖြင့် ဘားအံမြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် မြစ်ရေကြီးမှုဘေးအန္တရာယ်မှ ကင်းလွတ်ရာသို့ ရှောင်ရှားကြပါရန်နှင့် မြစ်ငယ်မြို့၊ တောင်ငူမြို့နယ်၊ မဒေါက်မြို့နှင့် ရွှေကျင်မြို့နယ်များအတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုထားသည်။ **မိုး/ဇလ**

ဆင်းရဲနွမ်းပါးမှုလျှော့ချရေးတရုတ်ဖောင်ဒေးရှင်း မြန်မာနိုင်ငံရုံး နှစ်ပတ်လည်အခမ်းအနား ကျင်းပ

ရန်ကုန် စက်တင်ဘာ ၅
မြန်မာနိုင်ငံရှိ တက္ကသိုလ်အသီးသီးမှ ဆင်းရဲနွမ်းပါးသော ကျောင်းသား ကျောင်းသူများအား ပညာသင်ထောက်ပံ့ကြေးပေးအပ်ခြင်း၊ ပြည်ပပညာသင်စေလွှတ်ပေးခြင်း၊ ပြည်တွင်းအဆင့်မြင့်ပညာရေးသင်တန်းများ ဖွင့်လှစ်သင်ကြားပေးခြင်း စသည့် ထောက်ပံ့ကူညီမှုများ ဆောင်ရွက်နေသော တရုတ်နိုင်ငံအခြေစိုက် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးတရုတ်ဖောင်ဒေးရှင်း မြန်မာနိုင်ငံရုံး (CFPA)၏ သုံးနှစ်ပြည့်နှစ်ပတ်လည်အခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိ ရန်ကုန်တက္ကသိုလ် စိန်ရတုခန်းမ၌ ကျင်းပသည်။

"ကျွန်တော်တို့ အဆင့်မြင့်ပညာဦးစီးဌာနနဲ့ ဆင်းရဲနွမ်းပါးမှုလျှော့ချရေး တရုတ်ဖောင်ဒေးရှင်း မြန်မာနိုင်ငံရုံးတို့ဟာ ၂၀၁၄ ခုနှစ် အောက်တိုဘာ ၁ ရက်မှစပြီး နားလည်မှုစာချွန်လွှာကို လက်မှတ်ရေးထိုးခဲ့ကြပါတယ်။ ၂၀၁၅ ခုနှစ်ဆန်းပိုင်းမှစတင်ပြီး Paukphaw Scholarship Project ကို ရန်ကုန်စီးပွားရေးတက္ကသိုလ်၊ ဒဂုံတက္ကသိုလ်၊ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်၊ ရန်ကုန် အနောက်ပိုင်းတက္ကသိုလ်၊ ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်၊ မန္တလေးတက္ကသိုလ်၊ ရတနာပုံတက္ကသိုလ်၊ မန္တလာဒီဂရီကောလိပ်၊ ကျောက်ဆည်တက္ကသိုလ်၊ စစ်တွေတက္ကသိုလ်နှင့် တောင်ကုတ်ဒီဂရီကောလိပ် စတဲ့ တက္ကသိုလ် ၁၁ ခုတို့မှာရှိတဲ့ ကျောင်းသား ကျောင်းသူ ၁၂၀၀ ကျော် တို့ကို ပညာသင်စရိတ်များ စတင်ထောက်ပံ့ပေးအပ်ခဲ့ကြပါတယ်။ ဒါ့အပြင် ဒဂုံတက္ကသိုလ်ကို ကွန်ပျူတာအစုံ ၄၀ လှူဒါန်းခြင်းနဲ့ ပညာသင်ထောက်ပံ့စရိတ်ရရှိတဲ့ ကျောင်းသား ကျောင်းသူများထဲမှ ၁၀ ဦးကို တရုတ်နိုင်ငံရှိ တက္ကသိုလ်များသို့ လေ့လာရေးခရီးများ စေလွှတ်ခြင်းစတဲ့ ပညာရေးနဲ့ပတ်သက်တဲ့ ထောက်ပံ့မှုတွေကို ပူးပေါင်း ဆောင်ရွက်လျက်ရှိပါတယ်"ဟု မြန်မာနိုင်ငံ အဆင့်မြင့်ပညာဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာနေဝင်းဦးက ပြောကြားသည်။

ဆင်းရဲ နွမ်းပါးမှုလျှော့ချရေး တရုတ်ဖောင်ဒေးရှင်း မြန်မာနိုင်ငံရုံးသည် မြန်မာနိုင်ငံတွင် သုံးနှစ်တိုင်တိုင် ထောက်ပံ့ပေးခဲ့သော ထောက်ပံ့ရေးစရိတ်နှင့် ထောက်ပံ့ပစ္စည်းတန်ဖိုး စုစုပေါင်းမှာ တရုတ် ယွမ် ၁၆၉၅၀၀၀၀ ဖြင့် စီမံကိန်း ၁၀ ခုကို လုပ်ဆောင်လျက်ရှိကြောင်း၊ ပြည်နယ်ရှစ်ခုအား လွှမ်းခြုံနိုင်ကာ လူဦးရေ လေးသောင်းကျော် အကျိုးခံစားခွင့်ရရှိပြီး ဖြစ်သကဲ့သို့ တက္ကသိုလ် ၁၃ ခုမှ ကျောင်းသား ကျောင်းသူ ပေါင်း ၁၃၀၀ ခန့်အား ထောက်ပံ့ပေးလျက်ရှိရာ ယခုအချိန်တွင် သုံးနှစ်ပြည့်ခဲ့ပြီဖြစ်ကြောင်း မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးမှ နိုင်ငံရေးအကြံပေးပုဂ္ဂိုလ် မစ္စတာ ရန်ရှုံကျုံးက ပြောသည်။

ယနေ့ ကျင်းပသော အခမ်းအနားသို့ မြန်မာနိုင်ငံ အဆင့်မြင့်ပညာဦးစီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးမှ တာဝန်ရှိသူများ၊ ဆင်းရဲနွမ်းပါးမှုလျှော့ချရေးတရုတ်ဖောင်ဒေးရှင်းမှ တာဝန်ရှိသူများ၊ တက္ကသိုလ်အသီးသီးမှ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ခဲ့ကြပြီး CFPA အဖွဲ့မှ Scholarship ထောက်ပံ့ကြေးများ ပေးအပ်ခြင်းနှင့် ပညာသင်ထောက်ပံ့ကြေးရရှိသော ကျောင်းသား ကျောင်းသူများက တေးဂီတများဖြင့် ဖျော်ဖြေခဲ့ကြသည်။

အေးမင်းသူ၊ ဇာနည်မောင်၊ စောနိုင်ဝင်း

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဖိုရမ် ကျင်းပ

နေပြည်တော် စက်တင်ဘာ ၅

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဖိုရမ်ကို ယနေ့ နံနက်ပိုင်းက နေပြည်တော် ဟိုတယ်ဇုန်ရှိ M Gallery ဟိုတယ်၌ ကျင်းပရာ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်ဥက္ကဋ္ဌ ဦးအောင်ကြည် တက်ရောက်အမှာစကား ပြောကြားသည်။ **(ယာပုံ)**

ဖိုရမ်သို့ ဝန်ကြီးဌာနများမှ ဌာနဆိုင်ရာ အရာရှိကြီးများ၊ Euro Cham Myanmar မှ တာဝန်ရှိသူများ၊ ပြည်တွင်းပုဂ္ဂလိကလုပ်ငန်းများမှ ကိုယ်စားလှယ်များ၊ နိုင်ငံတကာ အဖွဲ့အစည်းများနှင့် ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်ပညာရှင်များ တက်ရောက်ဆွေးနွေးကြသည်။

မိတ်ဆက်ပြောကြား

ဖိုရမ်တွင် Euro Cham Myanmar မှ Executive Director Mr. Filip Lauwerysen က ကမ္ဘာတစ်ဝန်းတွင် တရားမဝင် ကုန်သွယ်မှုများကြောင့် လူမှုအသိုက်အဝန်း ထိခိုက်နစ်နာရမှု၊ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် အဟန့်အတားဖြစ်နေမှု၊ အစိုးရ၏ မူဝါဒများ ချမှတ်ရာတွင် ထည့်သွင်းစဉ်းစားသင့်သည့် အချက်များနှင့် တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးကိစ္စရပ်များကို မိတ်ဆက် ပြောကြားသည်။

ထို့နောက် အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်ဥက္ကဋ္ဌ ဦးအောင်ကြည်က ကမ္ဘာတစ်ဝန်းတွင် ဖြစ်ပေါ်နေသော တရားမဝင်ကုန်သွယ်မှုများကြောင့် အမေရိကန်ဒေါ်လာ သန်းပေါင်းများစွာ ဆုံးရှုံးနစ်နာစေသည့် ပြစ်မှုများဖြစ်ပေါ်စေပြီး စီးပွားရေး၊ သဘာဝ ပတ်ဝန်းကျင်နှင့် လူမှုအသိုက်အဝန်းကို ထိခိုက်နစ်နာစေပါကြောင်း၊ တရားမဝင်ကုန်သွယ်မှုဆိုင်ရာ စီးပွားရေး လုပ်ငန်းများကို အလွယ်တကူ အလွတ်သဘော အကဲဖြတ် ဆန်းစစ်၍ မရနိုင်ပါကြောင်း၊ အုပ်စုဖွဲ့ ပြစ်မှုကျူးလွန်သူများသည် တရားမဝင်ကုန်သွယ်မှုများအတွက် နှောင့်နှေးမှု မရှိဘဲ ငွေပေးနေကြသောကြောင့် အဂတိလိုက်စားမှုများ တိုးမြင့်လာပြီး တရားဥပဒေ သက်ရောက်မှုများကို အဟန့် အတားဖြစ်စေပါကြောင်း။

ဥပဒေချိုးဖောက်

ထို့ပြင် အများပြည်သူဆိုင်ရာ ကျန်းမာရေးနှင့် လုံခြုံမှုများကို ဆိုးရွားစွာထိခိုက်နစ်နာစေပြီး လူမှုရေးနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စိုးရိမ်ပူပန်မှုများ ဖြစ်ပေါ်စေပါကြောင်း၊ အခွန်ရှောင်တိမ်းမှုများနှင့် လိမ်လည်မှုများ ကဲ့သို့သော အခြားပြစ်မှုဆိုင်ရာနှင့် အုပ်ချုပ်မှုဆိုင်ရာ ဥပဒေချိုးဖောက်ခြင်းများလည်း ဖြစ်ပေါ်စေနိုင်ပါကြောင်း။

အဂတိလိုက်စားမှုများကို ထိရောက်စွာ အရေးယူ ဆောင်ရွက်နိုင်ရန်အတွက် အဂတိ လိုက်စားမှုတိုက်ဖျက်ရေး ဥပဒေတွင် "မည်သူမဆို တိုက်ရိုက်ဖြစ်စေ သို့မဟုတ် သွယ်ဝိုက်၍ ဖြစ်စေ တစ်နည်းနည်းဖြင့် လာဘ်ပေးရန် ကြိုးပမ်းခြင်းနှင့် မည်သူမဆို သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်း၊ အများပြည်သူဆိုင်ရာအဖွဲ့အစည်း သို့မဟုတ် အခြားအဖွဲ့အစည်းများ၏ ပြည်သူ့ဘဏ္ဍာကို ကိုင်တွယ်စီမံဆောင်ရွက်ရာတွင် တည်ဆဲဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း၊ လုပ်ထုံးလုပ်နည်းများကို ဖောက်ဖျက်ပြီး နိုင်ငံတော်၏ ငွေကြေး၊ ပစ္စည်းနှင့် ပိုင်ဆိုင်မှုကို ထိခိုက် နစ်နာ ပျက်စီးဆုံးရှုံးစေခြင်းသည်လည်း အဂတိလိုက်စားမှု ဖြစ်ကြောင်း" ဖွင့်ဆိုထားသောကြောင့် လာဘ်ငွေပေးရန် ကြိုးပမ်းသော ပုဂ္ဂလိကအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များကို ဤဥပဒေဖြင့် အရေးယူဆောင်ရွက်နိုင်ပါကြောင်း။

ကော်မရှင်အနေဖြင့် အဂတိလိုက်စားမှုကာကွယ် တားဆီးရေး၊ တိုက်ဖျက်ရေး ကိစ္စရပ်များနှင့်ပတ်သက်၍ အဂတိလိုက်စားမှုတိုက်ဖျက်ရေး မဟာဗျူဟာစီမံချက် (၂၀၁၈-၂၀၂၂) ကို ရေးဆွဲအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပြီး အမျိုးသားအဆင့် အဂတိလိုက်စားမှု တိုက်ဖျက်ရေးမဟာဗျူဟာ ထွက်ပေါ်လာရေးအတွက် ဆောင်ရွက်လျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံတွင် ဖြစ်ပေါ် နေသော တရားမဝင်ကုန်သွယ်မှုများနှင့်ပတ်သက်၍ လွတ်လပ်စွာ ဆွေးနွေးပေးကြပါရန်နှင့် ဖြေရှင်းဆောင်ရွက် ရမည့် ကုထုံးများကို ဖော်ထုတ်ပေးကြရန် ပြောကြားလိုပါ ကြောင်း၊ တက်ရောက်လာကြသူများအနေဖြင့် အဂတိ လိုက်စားမှု၏ ရှုပ်ထွေးနက်နဲမှု အတိုင်းအတာကို သိရှိ နားလည်ပြီး မြန်မာနိုင်ငံသားများနှင့် နိုင်ငံတကာ အသိုက် အဝန်း အကျိုးအတွက် အဂတိလိုက်စားမှု တန်ပြန် တိုက်ဖျက်ရေးနည်းလမ်းများကို ဆွေးနွေးဖော်ထုတ် ပေးနိုင်ကြမည်ဟု ယုံကြည်ပါကြောင်း။

ယခုဖိုရမ်တွင် ဆွေးနွေးရရှိလာမည့် သဘောထား အမြင်များ၊ အကြံဉာဏ်များသည် မိမိတို့ ရှေ့ဆက် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များအတွက် အထောက်အကူ ဖြစ်စေမည်ဟု ယုံကြည်ပါကြောင်း၊ မိမိတို့ ကော်မရှင်အနေ ဖြင့်လည်း နိုင်ငံတစ်ဝန်းလုံးတွင် နက်ရှိုင်းစွာ ပျံ့နှံ့ ဖြစ်ပေါ် နေသော အဂတိလိုက်စားမှုများကို တိုက်ဖျက်ရန်အတွက် အစိုးရအဖွဲ့အစည်းများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များ၊ နိုင်ငံတကာ အဖွဲ့အစည်းများ အပါအဝင် ပြည်သူလူထုနှင့်အတူ ပူးပေါင်းဆောင်ရွက် သွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်ဥက္ကဋ္ဌ ဦးအောင်ကြည်နှင့် ဖိုရမ်သို့ တက်ရောက် လာကြသူများ စုပေါင်း၍ မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြ သည်။

ထို့နောက် တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဖိုရမ်ကို ဆက်လက်ကျင်းပရာ ဆွေးနွေးပွဲသို့ တက်ရောက် လာကြသူများက တရားမဝင်ကုန်သွယ်မှု လေ့လာ ဆန်းစစ်ချက်များ၊ ကုန်သွယ်မှုလုပ်ငန်းများနှင့် အစိုးရ၏ မူဝါဒများ၊ တရားမဝင်ကုန်သွယ်မှုပုံစံများ၊ အမြစ်တွယ် နေသည့် အကျင့်ပျက်မှုများ၊ တရားမဝင်ကုန်စည်များ နယ်စပ်ဒေသများမှ ဝင်ရောက်လာမှုနှင့် ပြစ်ဒဏ်နည်းပါးမှု ကိစ္စရပ်များ အပါအဝင် စီးပွားရေးနယ်ပယ်တွင် ဥပဒေ စိုးမိုးရေး၊ အစိုးရဌာနအချင်းချင်း ပူးပေါင်းမှုတိုးမြှင့်ရေး၊ တရားမဝင်ကုန်သွယ်မှုဆိုင်ရာ ကိန်းဂဏန်းများ ပုံမှန် ထုတ်ပြန်ရေး၊ နိုင်ငံဖြတ်ကျော် အုပ်စုဖွဲ့ ရာဇဝတ်မှုနှင့် လူကုန်ကူးမှုကာကွယ်ရေး၊ တရားမဝင် ကုန်သွယ်မှု၏ အန္တရာယ်များကို ပြည်သူများ သိရှိနားလည်ရေးတို့ကို အပြန်အလှန် ဆွေးနွေးခဲ့ကြသည်။ **သတင်းစဉ်**

မိုင်းဖြတ်- ကျိုင်းတုံသွားပြည်ထောင်စုလမ်းမ ဆိုင်းလေရွာအနီး တောင်ကမ်းပါးယံပြို၍ ခေတ္တလမ်းပိတ်ဆို့

မိုင်းဖြတ် စက်တင်ဘာ ၅

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဖြတ်မြို့နယ်တွင် စက်တင်ဘာ ၅ ရက် နံနက် ၆ နာရီ ၄၅ မိနစ်က မိုးအဆက်မပြတ် ရွာသွန်းမှု ကြောင့် မိုင်းဖြတ်- ကျိုင်းတုံသွား ပြည်ထောင်စုလမ်းမကြီးပေါ်ရှိ ဆိုင်းလေရွာအနီး မိုင်တိုင်အမှတ် (၆၉၇ -၆၉၈) ကီလိုမီတာ အကြား တောင်ကမ်းပါးယံပြိုကျပြီး ခေတ္တလမ်းပိတ်ဆို့မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

အဆိုပါ တောင်ကမ်းပါးယံ ပြိုကျပြီး လမ်းပိတ်ဆို့မှု ဖြစ်ပွားရာ နေရာသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသက်လွင်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး ဦးကျော်နိုင်နှင့် မြို့နယ်လမ်းဦးစီးအရာရှိ (မြို့ပြ)ဒေါ်ကေခိုင်ဇော်၊ အငယ်တန်းအင်ဂျင်နီယာ (၂) (မြို့ပြ) ဦးအောင်ဇော်ထွန်းတို့၏ ကြီးကြပ်မှုဖြင့် ခရီးသွားယာဉ်များ အချိန်ကြန့်ကြာမှုမရှိစေရန်နှင့် ခရီးသွားလာရာတွင် လွယ်ကူချောမွေ့၍ အဆင်ပြေမှုရှိစေရန် မြို့နယ်ရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်လမ်းဦးစီးဌာနဝန်ထမ်းများ၊ သော်တာဝင်းဆောက်လုပ်ရေးကုမ္ပဏီမှ လမ်းလုပ်သားများ၊ ဌာန ဆိုင်ရာဝန်ထမ်းများစသည့် လူအင်အား၊ ဘက်ဟိုးယာဉ်တစ်စီး၊ မြေသယ်ယာဉ်တစ်စီးတို့ဖြင့် ရှင်းလင်းဆောင်ရွက်ခဲ့ရာ နံနက် ၈ နာရီခန့်တွင် ယာဉ်ကြီး၊ ယာဉ်ငယ်များ ပြန်လည် သွားလာနိုင်ပြီ ဖြစ်ကြောင်း သိရသည်။

ရှောလမွန်(ပြန်/ဆက်)

❒ လေးနိုင်ငံဖိတ်ခေါ်ပြိုင်ပွဲမှ

စက်တင်ဘာ ၄ ရက်က ကျင်းပသည့်ပထမနေ့တွင် တရုတ်အသင်းက မြန်မာအသင်းကို တစ်ဂိုး-ဂိုးမရှိ၊ ဥဇဘက်ကစ္စတန်အသင်းက တာဂျစ်ကစ္စတန် အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ ယခု ပြိုင်ပွဲယှဉ်ပြိုင်နေသည့် မြန်မာယူ-၂၁ အသင်းသည် (ခ) အသင်းဖြစ်သည့်အပြင် ကစားသမားအားလုံး နီးပါးမှာ နိုင်ငံတကာအတွေ့အကြုံမရှိသောကြောင့် တရုတ်အသင်းနှင့် ပထမပွဲတွင် ရှုံးနိမ့်ခဲ့ရသည်။ ယှဉ်ပြိုင်မည့် ဥဇဘက်ကစ္စတန်အသင်းမှာလည်း အာရှထိပ်တန်းစာရင်းဝင် အသင်းတစ်သင်း ဖြစ်သောကြောင့် မြန်မာယူ-၂၁ အသင်းအနေဖြင့် ခက်ခက်ခဲခဲကစားရဖွယ်ရှိနေသည်။ **ရှိုင်းထက်ဇော်**

နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပြုလုပ်ပေး

လှည်းကူး စက်တင်ဘာ ၅

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့ အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူး ဦးသိန်းနွဲ့နှင့် ဝန်ထမ်းများက ရန်ကုန်မြောက်ပိုင်းခရိုင် လှည်းကူးမြို့နယ် အထက(မြို့မ) အခြေခံပညာ အထက်တန်းကျောင်းမှ အသက် ၁၀ နှစ် ပြည့်ပြီးသည့် ကျောင်းသား ၁၄၀၊ ကျောင်းသူ ၁၅၅ ဦး စုစုပေါင်း ၂၉၅ ဦးအား နိုင်ငံသား စိစစ်ရေးကတ်ပြားများ ပြုလုပ်ပေးနိုင်ရေးအတွက် ကွင်းဆင်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

နိုင်လင်း(ပြန်/ဆက်)

အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီနှင့် လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ၂၀၁၈ ခုနှစ်၊ ဇူလိုင်၊ ဩဂုတ်နှင့် စက်တင်ဘာလအတွင်း ရေဘေးဖြစ်ပွားမှုများအတွက် ထောက်ပံ့မှုစာရင်းချုပ် (၅-၉-၂၀၁၈)နေ့

စဉ်	ဘေးဖြစ်ဒေသ	ရေဝင်မကြောင်း		ရေဝင်ကြောင်းရှေ		ကျေးရွာပါ/ ပျက်စီး အိမ်ခြေ	စခန်း အရေ အတွက်	သေဆုံး	ဒဏ်ရာရ	ဝန်ကြီးဌာနမှ ထောက်ပံ့မှု(ကျပ်)							သဘာဝဘေး ရန်ပုံငွေမှ ထောက်ပံ့မှု	ဝန်ကြီးဌာန+ ရန်ပုံငွေ ထောက်ပံ့မှု စုစုပေါင်း	မှတ်ချက်
		အိမ်ထောင်စု	လူဦးရေ	အိမ်ထောင်စု	လူဦးရေ					ဆန်ရိက္ခာ	အိမ်ထောင်/ ကျောင်း ထောက် ပစ္စည်း	အခြား	သေဆုံး	ဒဏ်ရာရ	ထောက်ပံ့ ပစ္စည်း (တန်ဖိုး)	ပေါင်း			
	စခန်းများ ပိတ်သိမ်းပြီး																		
၁	စစ်ကိုင်းတိုင်းဒေသကြီး			၄	၂၀					၄၂၀၀၀						၄၂၀၀၀		၄၂၀၀၀	
၂	ပြည်ထောင်စုနယ်မြေ နေပြည်တော်			၁၅၈	၆၈၃			၁		၁၄၃၃၃၀၀			၃၀၀၀၀၀			၁၇၃၃၃၀၀		၁၇၃၃၃၀၀	
၃	ရှမ်းပြည်နယ်	၇၈	၃၅၅	၂၂၇	၉၉၆		၃	၁		၂၈၁၅၁၀၀			၃၀၀၀၀၀		၅၆၄၅၅၅၀	၈၇၆၀၆၅၀		၈၇၆၀၆၅၀	
၄	ရန်ကုန်တိုင်းဒေသကြီး			၅၆၈	၂၄၆၇	၅	၁၀			၄၉၀၇၇၀၀	၁၂၀၀၀၀၀				၆၈၅၇၀၄၂	၁၂၉၆၄၇၄၂		၁၂၉၆၄၇၄၂	
၅	ကယားပြည်နယ်			၁၂	၃၈			၁		၇၉၈၀၀						၇၉၈၀၀		၇၉၈၀၀	
၆	မန္တလေးတိုင်းဒေသကြီး			၉	၃၃	၉				၇၀၄၀၀	၉၀၀၀၀၀				၂၉၀၀၇၇	၁၂၆၀၄၇၇		၁၂၆၀၄၇၇	
	ပေါင်း	၇၈	၃၅၅	၉၇၈	၄၂၃၇	၁၄	၁၃	၃		၉၃၄၈၃၀၀	၂၁၀၀၀၀၀		၆၀၀၀၀၀		၁၂၇၉၂၆၆၉	၂၄၈၄၀၉၆၉		၂၄၈၄၀၉၆၉	
	စခန်းများဖွင့်လှစ်ဆဲ																		
၇	ကချင်ပြည်နယ်			၇၆၀၆	၃၀၆၈၈	၂	၈၀	၄		၅၃၂၈၅၄၀၀	၄၀၀၀၀၀	၅၀၇၄၃၂၀၀	၉၀၀၀၀၀		၁၁၀၆၇၀၅၆	၁၁၆၃၉၅၆၅၆	၁၀၀၀၀၀၀၀၀	၂၁၆၃၉၅၆၅၆	
၈	တနင်္သာရီတိုင်းဒေသကြီး			၁၇၁၁	၈၅၄၉	၂၆	၁၉	၅		၁၇၀၀၁၃၀၀	၂၄၅၀၀၀၀	၁၀၂၄၀၀၀	၉၀၀၀၀၀		၇၀၄၇၇၀	၂၂၀၈၀၀၇၀		၂၂၀၈၀၀၇၀	
၉	မွန်ပြည်နယ်	၃၂၅၇	၁၅၅၉၈	၅၃၄၄	၂၃၂၀၈	၈၇	၇၃	၆		၁၅၅၇၃၆၀၀	၅၃၅၀၀၀၀	၇၀၇၂၉၆၀	၁၈၀၀၀၀၀		၁၆၈၉၁၃၄၅	၄၆၆၈၇၉၀၅	၁၀၀၀၀၀၀၀၀	၁၄၆၆၈၇၉၀၅	
၁၀	ပဲခူးတိုင်းဒေသကြီး	၂၅၈၈၈	၁၁၇၆၀၀	၂၈၄၃၀	၁၃၄၉၆၇	၅၅၇	၃၀၀	၁၀		၃၅၉၅၀၄၂၀၀	၂၉၀၆၀၀၀၀	၆၆၀၅၄၀၇၂	၃၀၀၀၀၀၀		၁၃၃၁၁၈၆၁	၄၇၀၉၃၀၁၃၃	၁၅၃၀၀၀၀၀၀	၆၂၃၉၃၀၁၃၃	
၁၁	မကွေးတိုင်းဒေသကြီး			၃၈၆	၁၃၄၅	၅	၈	၃		၂၈၂၄၅၀၀	၁၆၀၀၀၀၀	၂၈၄၅၀၀	၉၀၀၀၀၀		၃၉၀၂၇၅	၅၉၉၉၂၇၅		၅၉၉၉၂၇၅	
၁၂	စစ်ကိုင်းတိုင်းဒေသကြီး			၈၄	၃၄၈		၁	၁		၇၃၀၈၀၀			၃၀၀၀၀၀		၈၂၉၀၀	၁၁၁၃၇၀၀		၁၁၁၃၇၀၀	
၁၃	ဧရာဝတီတိုင်းဒေသကြီး	၁၂၂	၅၂၆	၆၄၅	၂၄၇၀	၁၃၅	၂			၃၅၇၀၀၀၀	၈၅၀၀၀၀	၃၀၀၀၀			၄၅၅၅၃၀၀	၉၀၀၅၃၀၀		၉၀၀၅၃၀၀	
	ပေါင်း	၂၉၂၈၇	၁၃၃၇၃၅	၄၄၁၈၉	၂၀၆၈၃၅	၈၀၂	၄၈၅	၃၀		၄၅၂၉၉၈၈၀၀	၄၇၇၆၀၀၀၀	၁၂၅၉၀၇၇၃၂	၇၈၀၀၀၀၀		၃၉၂၆၀၅၀၇	၆၇၂၂၁၂၀၃၉	၃၅၃၀၀၀၀၀၀	၁၀၂၅၂၁၂၀၃၉	
	စုစုပေါင်း	၂၉၃၆၅	၁၃၄၀၉၀	၄၅၁၆၇	၂၁၁၀၇၂	၈၁၆	၄၉၈	၃၃		၄၆၂၃၄၇၁၀၀	၄၉၈၆၀၀၀၀	၁၂၅၉၀၇၇၃၂	၈၄၀၀၀၀၀		၅၂၀၅၃၁၇၆	၆၉၇၀၅၃၀၀၈	၃၅၃၀၀၀၀၀၀	၁၀၅၀၀၅၃၀၀၈	

မှတ်ချက်။ **စခန်းပိတ်သိမ်းမှု အခြေအနေ**

- စစ်ကိုင်းတိုင်းဒေသကြီး၊ ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ရှမ်းပြည်နယ်နှင့် ရန်ကုန်တိုင်းဒေသကြီးတို့တွင် စခန်းများအားလုံး ပိတ်သိမ်းပြီးဖြစ်ပါသည်။
- စုစုပေါင်း စခန်း (၄၉၇)ခု ဖွင့်လှစ်ခဲ့သည့်အနက် (၄၄၆)ခု ပိတ်သိမ်းပြီးဖြစ်ပါသည်။

(၅-၉-၂၀၁၈)နေ့ရှိ စခန်းများ အခြေအနေ

- စုစုပေါင်း စခန်း(၅၁)ခုတွင် အိမ်ထောင်စု (၄၀၃၂)စု၊ လူဦးရေ(၁၇၇၂၆)ဦး ယာယီပြောင်းရွှေ့ နေထိုင်လျက်ရှိပါသည်။
- ကချင်ပြည်နယ်တွင် စခန်း(၁၄)ခု အိမ်ထောင်စု (၁၈၉၉)စု၊ လူဦးရေ(၉၅၃၈)ဦး ယာယီပြောင်းရွှေ့ နေထိုင်လျက်ရှိပါသည်။
- တနင်္သာရီတိုင်းဒေသကြီးတွင် စခန်း(၈)ခု အိမ်ထောင်စု (၁၆၈)စု၊ လူဦးရေ(၇၈၃)ဦး ယာယီပြောင်းရွှေ့ နေထိုင်လျက်ရှိပါသည်။
- မွန်ပြည်နယ်တွင် စခန်း(၁)ခု အိမ်ထောင်စု (၅၁)စု၊ လူဦးရေ(၂၄၇)ဦး ယာယီပြောင်းရွှေ့ နေထိုင်လျက်ရှိပါသည်။
- ပဲခူးတိုင်းဒေသကြီးတွင် စခန်း(၁၇)ခု အိမ်ထောင်စု (၁၁၁၇)စု၊ လူဦးရေ(၄၄၈၅)ဦး ယာယီပြောင်းရွှေ့ နေထိုင်လျက်ရှိပါသည်။
- မကွေးတိုင်းဒေသကြီးတွင် စခန်း(၈)ခု အိမ်ထောင်စု (၃၈၆)စု၊ လူဦးရေ(၁၃၄၅)ဦး ယာယီပြောင်းရွှေ့ နေထိုင်လျက်ရှိပါသည်။
- စစ်ကိုင်းတိုင်းဒေသကြီးတွင် စခန်း (၁)ခု အိမ်ထောင်စု (၈၄)စု၊ လူဦးရေ (၃၄၈)ဦး ယာယီပြောင်းရွှေ့နေထိုင်လျက်ရှိပါသည်။
- ဧရာဝတီတိုင်းဒေသကြီးတွင် စခန်း (၂)ခု အိမ်ထောင်စု (၃၂၇)စု၊ လူဦးရေ (၉၈၀)ဦး ယာယီပြောင်းရွှေ့နေထိုင်လျက်ရှိပါသည်။

ဈေးကွက်စီးပွားရေးကို ပြောင်းလဲသွားတဲ့အချိန်မှာ သစ်တွေကို တင်ဒါစနစ်နဲ့ပဲ ရောင်းချပါတယ်

ဦးခွန်အောင်စိုး

သစ်တောကဏ္ဍနှင့် ဆက်စပ်သည့် နိုင်ငံ့စီးပွားရေး စကားဝိုင်း ကျင်းပ

သစ်တောကဏ္ဍနှင့် ဆက်စပ်သည့် နိုင်ငံ့စီးပွားရေး စကားဝိုင်းဆွေးနွေးပွဲကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ရိုက်ကူးထုတ်လွှင့်ခဲ့ရာ အဆိုပါစကားဝိုင်းဆွေးနွေးပွဲတွင် ဦးကျော်ကျော်လွင် (ဒုတိယညွှန်ကြားရေးမှူးချုပ်၊ သစ်တောဦးစီးဌာန)၊ ဦးခွန်အောင်စိုး(အထွေထွေမန်နေဂျာ၊ ပြည်တွင်းရောင်းဝယ်ရေးနှင့် သစ်စက်ဌာန၊ မြန်မာ့သစ်လုပ်ငန်း)၊ ဒေါက်တာဆန်းဦး(ဒုတိယညွှန်ကြား ရေးမှူးချုပ်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန)၊ ဦးစိုင်းမျိုးဝင်း(Excellent Fortune Development Group, Chairman & Founder)၊ ဒေါက်တာဝင်းမောင်(ဥက္ကဋ္ဌ၊ မြန်မာ့ပတ်ဝန်းကျင်သိပ္ပံ)နှင့် ဦးအာကာမင်း(မန်နေဂျင်းဒါရိုက်တာ၊ High United Co., Ltd)တို့က ပါဝင်ဆွေးနွေးကြသည်။

ဦးကျော်ကျော်လွင် (ဒုတိယညွှန်ကြားရေးမှူးချုပ်)
သစ်တောဦးစီးဌာန
သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

ဦးခွန်အောင်စိုး (အထွေထွေမန်နေဂျာ)
မြန်မာ့သစ်လုပ်ငန်း၊ပြည်တွင်းရောင်းဝယ်ရေးနှင့်သစ်စက်ဌာန
သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

ဦးစိုင်းမျိုးဝင်း (Chairman & Founder)
(Excellent Fortune Development Group)

ဦးအာကာမင်း (မန်နေဂျင်းဒါရိုက်တာ)
(High United Company)

အဆိုပါစကားဝိုင်းတွင် ဆွေးနွေးခဲ့သည်များကို ပြန်လည်ဖော်ပြလိုက်ပါသည်-

အစီအစဉ်မှူး။ ။ ဒီနေ့စီးပွားရေးစကားဝိုင်းကနေ နိုင်ငံရဲ့ သစ်တောကဏ္ဍနဲ့ စီးပွားရေး ဆက်နွှယ်တဲ့ အပိုင်းအခြားတွေကို တင်ပြသွားမှာဖြစ်ပါတယ်။ နိုင်ငံရဲ့ စီးပွား ဖွံ့ဖြိုးတိုးတက်ဖို့ သစ်တောကဏ္ဍရဲ့ ဆောင်ရွက်ချက်နဲ့ပတ်သက်ပြီး ပထမဦးစွာ ရှင်းလင်းဆွေးနွေးစေလိုပါတယ်။

ဦးကျော်ကျော်လွင်။ ။ ကျွန်တော်တို့ သစ်တောဦးစီးဌာန အနေနဲ့ကတော့ အဓိကစီးပွားရေးနဲ့ပတ်သက်ရင် ကာကွယ်ထိန်းသိမ်းရေးကို ပိုပြီးတော့ ဦးစားပေးပါတယ်။ အဲဒီကမှ စီးပွားရေးအတွက် သစ်ကို ထုတ်လုပ်တာဖြစ်ပါတယ်။ Global Warming အခြေအနေအရ ရာသီဥတုပြောင်းလဲလာတော့ ပြုစုထိန်းသိမ်းရေးဘက်ကို ပိုပြီးအားပေးပါတယ်။ ဒါပေမယ့် သစ်တောကဏ္ဍက စီးပွားရေးအတွက်ဆိုရင် အားလုံးသိတဲ့အတိုင်းပဲ တစ်ချိန်တုန်းက သစ်ကိုထုတ်ပြီး ရောင်းခဲ့ကြတယ်။ ဒါတွေအပြင် သစ်တောကဏ္ဍက အခြားစီးပွားရေးအရ ရင်းနှီးမြှုပ်နှံမှုလုပ်နိုင်တဲ့ ကဏ္ဍလေးတွေ ရှိလာပါတယ်။ ဒါတွေကတော့ ပုဂ္ဂလိက သစ်တောစိုက်ခင်းတည်ထောင်ခြင်း၊ သဘာဝကိုအခြေခံသော ခရီးသွားလုပ်ငန်း စသဖြင့်ပေါ့။

ပထမဦးဆုံး သစ်တောကဏ္ဍမှာ စီးပွားရေးဖွံ့ဖြိုးတိုးတက်ဖို့အတွက် ဆောင်ရွက်ချက်အနေနဲ့ သစ်တောစိုက်ခင်းတည်ထောင်ခြင်းမှာ ရင်းနှီးမြှုပ်နှံမှုအပိုင်းကို ဦးစွာ ရှင်းလင်းပြောကြားလိုပါတယ်။ တစ်ချိန်တုန်းက သစ်တောစိုက်ခင်းတည်ထောင်ခြင်းကို နိုင်ငံတော်ရဲ့ ရင်းနှီးမြှုပ်နှံမှုနဲ့ပဲ လုပ်ကိုင်ခဲ့ပါတယ်။ ၁၉၈၁ ခုနှစ်က ၂၀၁၇ ခုနှစ်အထိဆိုရင် ဧက ကိုးသိန်းခြောက်သောင်းကျော်က ကျွန်းစိုက်ခင်း၊ နှစ်သိန်းခြောက်သောင်းကျော်က သစ်မာစိုက်ခင်း စိုက်ပျိုးခဲ့ပါတယ်။ ဒါပေမယ့် ၂၀၀၆ ခုနှစ်ကစပြီး နိုင်ငံတော်ရဲ့ ရင်းနှီးမြှုပ်နှံမှုတင်မကဘဲနဲ့ ဒါဟာ စီးပွားရေးအရ အကျိုးအမြတ်တစ်ခုရှိနိုင်တဲ့အတွက်ကြောင့် ပုဂ္ဂလိကသစ်တောစိုက်ခင်းတည်ထောင်ဖို့ စတင်ပြီးလမ်းဖွင့်ပေးခဲ့ပါတယ်။

၂၀၀၆ ခုနှစ်ကနေ ၂၀၁၈ ခုနှစ်အထိဆိုရင် ပုဂ္ဂလိကစိုက်ခင်းတည်ထောင်မှုအနေနဲ့ ကျွန်းကဧက တစ်သိန်းလေးသောင်းနဲ့ သစ်မာက တစ်သိန်းကျော် ရှိပါတယ်။ ပုဂ္ဂလိကစိုက်ခင်းအမျိုးအစားတွေကတော့ ပုဂ္ဂလိကကျွန်း၊ ပုဂ္ဂလိကသစ်မာ၊ ပုဂ္ဂလိကရော်ဘာ၊ ပုဂ္ဂလိကစက်မှုကုန်ကြမ်းနဲ့ ပုဂ္ဂလိကအခြားစိုက်ခင်းဆိုပြီး စိုက်ခင်းအမျိုးအစားတွေ ခွင့်ပြုထားတာဖြစ်ပါတယ်။ အဲဒီတော့ ပုဂ္ဂလိကစိုက်ခင်းတွေ တည်ထောင်ခွင့်ပေးတဲ့အခါမှာ ပုဂ္ဂလိကကျွန်းစိုက်ခင်းဆိုရင် နိုင်ငံတော်အစိုးရကိုတင်ပြပြီး အစိုးရအဖွဲ့ရဲ့ ခွင့်ပြုချက်နဲ့ ခွင့်ပြုပေးနေပါတယ်။ သစ်မာဆိုရင် ဧက ၁၀၀ အထိ သစ်တောဦးစီးဌာနကနေ ခွင့်ပြုပေးနေပါတယ်။

မြန်မာ့ကျွန်းက ထင်ရှားပြီး ဈေးကောင်းလည်းရတဲ့အတွက် ဧက တစ်သိန်းလေးသောင်းအထိ စိုက်ပျိုးလာကြတယ်။ ပုဂ္ဂလိကကျွန်းစိုက်ခင်းကို နိုင်ငံသူ နိုင်ငံသားတွေကပဲ ရင်းနှီးမြှုပ်နှံလာကြတယ်။ တစ်ကမ္ဘာလုံးက မြန်မာ့ကျွန်းကို စိတ်ဝင်စားကြတော့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေ၊ Joint Venture တွေ ဝင်လာပါပြီ။ ဒီမှာ ကျွန်တော်ဆွေးနွေးနေရင်းနဲ့ ဦးစိုင်းမျိုးဝင်းကို ဖိတ်ခေါ်ချင်တာကတော့ နိုင်ငံတော်က ခွင့်ပြုပြီး စိုက်လာတဲ့အခြေအနေနဲ့ နိုင်ငံခြားကုမ္ပဏီတစ်ခုနဲ့ Joint Venture အခြေအနေကို ဆွေးနွေးပေးပါခင်ဗျ။

ဦးစိုင်းမျိုးဝင်း။ ။ ကျွန်တော်တို့ ကုမ္ပဏီအနေနဲ့က ၂၀၀၆ ခုနှစ်မှာ နိုင်ငံတော်က ပုဂ္ဂလိကစိုက်ခင်းခွင့်ပြုခဲ့တဲ့ အဲဒီနှစ်မှာပဲ စိုက်ပျိုးဖို့ ဆောင်ရွက်ခဲ့ပါတယ်။ ၂၀၀၇ ခုနှစ်မှာ စိုက်ပျိုးခဲ့ပါတယ်။ အခုချိန်ထိ စိုက်ပျိုးပြီးတဲ့ ဧက က သစ်တောဦးစီးဌာနကနေပြီးတော့ ငှားရမ်းစိုက်ပျိုးတာ ဧက တစ်သောင်းဖြစ်ပါတယ်။ မြေလွတ်မြေရိုင်းကနေ ငှားရမ်းပြီးစိုက်ပျိုးတာ ဧက ငါးထောင်ဖြစ်ပါတယ်။ စုစုပေါင်း ဧက တစ်သောင်းငါးထောင် စိုက်ပျိုးပြီးဖြစ်ပါတယ်။ PWC ကုမ္ပဏီအနေနဲ့ Audit Report မှာက ၂၀၀၆ ခုနှစ် စတင်စိုက်ပျိုးချိန်ကနေ နှစ်သုံးဆယ်မှာ ဧက တစ်သောင်း ငါးထောင်၊ အမေရိကန်ဒေါ်လာ ၁ ဒသမ ၅ ဘီလီယံ တန်မယ်ဆိုပြီး Audit Report ထွက်ပါတယ်။ မြန်မာ့ကျွန်းဟာ ကမ္ဘာပေါ်မှာ ပထမတန်းစားကျွန်းအမျိုးအစား ဖြစ်ပါတယ်။ ဒါကြောင့် အင်္ဂလန်နိုင်ငံက ကုမ္ပဏီက စိတ်ဝင်စားတဲ့အတွက် JV ဆောင်ရွက်ဖို့ ကမ်းလှမ်းပါတယ်။ နိုင်ငံတော်ရဲ့ခွင့်ပြုချက်နဲ့ ကျွန်တော်တို့ ဆောင်ရွက်ခဲ့ပါတယ်။

အစီအစဉ်မှူး။ ။ ဒီဧက တစ်သောင်းခွဲလောက်ကို မြန်မာနိုင်ငံရဲ့ ဘယ်အပိုင်းတွေမှာ စိုက်ပျိုးတာပါလဲ။

ဦးစိုင်းမျိုးဝင်း။ ။ ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ်နဲ့ ပဲခူးတိုင်းဒေသကြီး သာယာဝတီမြို့နယ်မှာ ကျွန်တော်တို့ စိုက်ခင်းတွေရှိပါတယ်။

အစီအစဉ်မှူး။ ။ ဆက်လက်ပြီးတော့ မြန်မာ့သစ်လုပ်ငန်း အကြောင်းကို ရှင်းပြစေလိုပါတယ်။

ဦးခွန်အောင်စိုး။ ။ မြန်မာ့သစ်လုပ်ငန်းက ၁၉၄၈ ခုနှစ်က စတင်တည်ထောင်ခဲ့တဲ့ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းဖြစ်ပါတယ်။ အခုဆိုရင် နှစ် ၇၀ ပြည့်လောက် ရောက်ခဲ့ပါပြီ။ မြန်မာ့သစ်လုပ်ငန်းရဲ့ အဓိကလုပ်ငန်းကတော့ မြန်မာ့သစ်တောကထွက်တဲ့ သစ်ပင်တွေကို သစ်တောဦးစီးဌာနရဲ့ လုပ်ထုံးလုပ်နည်းနဲ့အညီ ထုတ်လုပ်ပြီး နိုင်ငံတော်ရဲ့ ဝင်ငွေရှာဖွေခြင်းဖြစ်ပါတယ်။ ခုတော့ သစ်တောတွေ ထိန်းသိမ်းတဲ့အနေနဲ့၊ သဘာဝပတ်ဝန်းကျင်တွေ ထိန်းသိမ်းတဲ့အနေနဲ့ သစ်ကိုလျှော့ထုတ်လာပါပြီ။ သစ်အလုံးလိုက်တင်ပို့မှုကို ရပ်ဆိုင်းပြီးတော့ သစ်ကနေ အချောထည်ထုတ်လုပ်ပြီး နိုင်ငံခြားတင်ပို့တာကို လက်ရှိလုပ်ဆောင်နေပါတယ်။

နောက်တစ်ခုက နိုင်ငံပိုင်စီးပွားရေးဟာ ပုဂ္ဂလိကပိုင်စီးပွားရေးကို မြှင့်တင်ပေးတဲ့အနေနဲ့ နိုင်ငံပိုင်စီးပွားရေးတွေကို လျှော့ချတယ်။ ကျွန်တော်တို့ သစ်လုပ်ငန်းအနေနဲ့ ဘယ်လောက်အထိ လျှော့ချလိုက်လဲဆိုရင် မူရင်းဖွဲ့စည်းပုံဝန်ထမ်းအင်အားက လေးသောင်းငါးထောင် ရှိပါတယ်။ ပြီးခဲ့တဲ့လကုန်အထိ ဝန်ထမ်းအင်အားကတော့ တစ်သောင်းငါးထောင့်တစ်ရာပဲ ကျန်ရှိပါတယ်။ သတ်မှတ်ထားတဲ့ နိုင်ငံတော်ဘတ်ဂျက်ဝင်ငွေ ပြည့်မီအောင် ဆောင်ရွက်နိုင်ခဲ့ပါတယ်။

ဈေးကွက်စီးပွားရေးကို ပြောင်းလဲသွားတဲ့အချိန်မှာ သစ်တွေကို တင်ဒါစနစ်နဲ့ပဲ ရောင်းချပါတယ်။ တင်ဒါစနစ်နဲ့ ရောင်းချခြင်းဖြင့် ဈေးကွက်သဘောအရ တစ်သိန်းတန်သောသစ်ကို တစ်သိန်း အပြည့်အဝရရှိပါတယ်။ တင်ဒါကိုလည်း လစဉ်ရောင်းနေတဲ့အတွက် စက်မှုကုန်ကြမ်းလိုအပ်တဲ့ စက်ရုံတွေအတွက် ကုန်ကြမ်းကို မြန်မာ့သစ်လုပ်ငန်းမှာ ရောင်းပေးနေပါတယ်။ ပြည်ပရောင်းတာက နှစ်ကြိမ်၊ ပြည်တွင်းရောင်းတာက တစ်ကြိမ် ဆောင်ရွက်ပေးပါတယ်။ ဒီလိုဆောင်ရွက်တဲ့အခါ လစဉ်ရောင်းနေတာဖြစ်တဲ့အတွက် ကုန်ကြမ်းဘယ်လိုရရှိပြီး ဘယ်လိုဆောင်ရွက်တယ်ဆိုတာကို စက်ရုံပိုင်ရှင် ဦးအာကာမင်းက ဆက်လက်ပြီး ဆွေးနွေးပေးစေလိုပါတယ်။

ဦးအာကာမင်း။ ။ ပြည်တွင်းရောင်းဝယ်ရေးနဲ့ သစ်စက်ဌာနကနေ တစ်လတစ်ကြိမ် တင်ဒါလုပ်ပေးပါတယ်။ လုပ်ပေးတဲ့အနေအထားကလည်း အဆင်ပြေပါတယ်။ ဒီတင်ဒါပွဲနဲ့ ပတ်သက်ပြီး ကျွန်တော့်အနေနဲ့ ပြောပြချင်တာက ကျွန်တော်တို့က SME လုပ်ငန်းရှင် အဖွဲ့အစည်းတွေပါ။ တစ်လတစ်ကြိမ်ဖြစ်နေတဲ့ တင်ဒါပွဲမှာ တစ်နိုင်ငံလုံးကလုပ်ငန်းရှင်တွေ အသေးစား၊ အလတ်စားနဲ့ အကြီးစားလုပ်ငန်းရှင်တွေ ပါပါတယ်။ တင်ဒါဆွဲတဲ့အခါ အကြီးစားလုပ်ငန်းရှင်တွေနဲ့ ယှဉ်ပြီး တင်ဒါဝင်ဆွဲနိုင်ဖို့ အခက်အခဲတော့ရှိပါတယ်။ အသေးစား၊ အလတ်စားအတွက် တင်ဒါလေလံကို သီးသန့်လေး ဖြစ်စေချင်ပါတယ်။

ဦးခွန်အောင်စိုး။ ။ မြန်မာ့သစ်လုပ်ငန်းဟာ မြန်မာနိုင်ငံမှာ သစ်နဲ့ပတ်သက်ပြီး လုပ်ကိုင်ခွင့်ပြုထားတဲ့ ဌာနကြီးတစ်ခု ဖြစ်ပါတယ်။ ဒီကိစ္စကို လူကြီးတွေနဲ့ တိုင်ပင်ပြီး သေချာဆောင်ရွက်ပေးပါမယ်။ သို့သော်လည်း သစ်ကုန်သည်ကြီးတွေကို သိထားစေချင်တာလည်း ရှိပါတယ်။ မြန်မာ့သစ်လုပ်ငန်းဟာ သစ်ရောင်းတဲ့အခါမှာ သစ်ကုန်စုံဆိုင်ကြီးတစ်ခုလို ဖြစ်နေပါတယ်။ တစ်နိုင်ငံလုံးက သစ်တောဦးစီးဌာနကအပ်နှံတဲ့ သစ်တွေကို တစ်ခါတင်ဒါပစ်ရင် သုံးရက်ပစ်ရတယ်။ လပ်ပုံကို လေးရက်လောက်အထိပစ်ရတယ်။ လပ်ပုံဆိုတာ ငါးတန်၊ ဆယ်တန်စသဖြင့်ပါတဲ့ သစ်မျိုးစုံပါ။ ဥပမာပြောရရင် ကျွန်း၊ ပျဉ်းကတိုး၊ ပိတောက်၊ သစ်ရာ၊ အင်ကြင်း၊ နှော၊ ရေမနေ စသဖြင့် တန်ဖိုးအမြင့်ဆုံးသစ်ကနေ တန်ဖိုးအနိမ့်ဆုံးသစ်အထိ ပစ်ရပါတယ်။ SME အတွက် ဒေသအလိုက် လုပ်ပေးဖို့ သီးခြားခွဲထုတ်ပေးရပါမယ်။ ကျွန်တော်တို့ အခုကစပြီး ရှမ်းပြည်နယ်နဲ့ တနင်္သာရီတိုင်းဒေသကြီးမှာ စလုပ်နေပါပြီ။ ဒေသတွင်းသုံးဖို့ တန်ကနဲ့သတ်ပေးပါတယ်။ ဒေသတွင်းက သစ်တောဝန်ကြီးတွေနဲ့ ညှိပြီးတော့ SME အတွက် ဖြစ်ပါတယ်။ တန်သုံးရာဆို သုံးရာ၊ လေးရာဆို လေးရာ စသဖြင့် ဒေသကျော်မသယ်ရဘူး။ ဒေသတွင်းမှာပဲ ဖြစ်ရမယ်။ လုပ်ငန်းရှင်တွေကလည်း ဒေသခံလုပ်ငန်းရှင် ဖြစ်ရမယ်။ တစ်ခုရှိတာက ကိုအာကာတို့လို သစ်အများကြီး မထွက်တဲ့ နေပြည်တော်က လုပ်ငန်းရှင်တွေအတွက်ကျတော့ သူတို့အတွက် ခက်ခဲမှုရှိတယ်။ အဲဒီအတွက်ကို ဒေသမှာပစ်တဲ့ဟာကိုပဲ နှစ်မျိုးခွဲရပါတယ်။ သစ်အထွက်များတဲ့ မုံရွာတို့၊ စစ်ကိုင်းတို့၊ ဂန့်ဂေါတို့ကျတော့ Limit ထားလို့မရဘူး။ အဲဒီမှာ ပစ်တဲ့ဟာသည် တစ်နိုင်ငံလုံး သယ်ခွင့်ရမယ်။ နည်းတဲ့နေရာ ချင်းတို့ကျတော့ တန်ငါးရာလောက် လိုချင်တယ်ဆို အဲဒီမှာပဲပစ်၊ ဝယ်တဲ့သူသည် ဒေသခံလုပ်ငန်းရှင်တွေ ဖြစ်ရမယ်။ ဒါလေးကို လုပ်ငန်းရှင်တွေ အဆင်ပြေအောင် Case By Case၊ ဒေသက တင်ပြလာတာကို ကျွန်တော်တို့ ဆောင်ရွက်နေပါတယ်။

ဦးကျော်ကျော်လွင်။ ။ ဖြည့်စွက် ဆွေးနွေးချင်တာက တစ်ချိန်တုန်းက သစ်တောကဏ္ဍက သစ်ကိုပဲထုတ်ပြီးတော့ နိုင်ငံတော်အတွက် ဝင်ငွေရော၊ အသုံးရော လုပ်ခဲ့ကြတယ်။ လက်ရှိအစိုးရ တက်လာတဲ့အချိန်မှာ မူဝါဒချမှတ်ပါတယ်။ နံပါတ်တစ်က အရင်တုန်းက သစ်တွေအများကြီးထုတ်ခဲ့တယ်။ ဒီအတွက် သစ်ထုတ်လုပ်တာကိုရပ်ပြီးတော့ သစ်ထုတ်ခဲ့တာကို ပြန်သုံးသပ်မယ်။ ပြီးတော့ ဘာဆက်လုပ်မလဲ။ ပဲခူးရိုးမက သစ်ထုတ်တာများခဲ့တော့ ပဲခူးရိုးမကို သစ်ထုတ်တာနားမယ်။ ကျန်တဲ့နေရာတွေကို သစ်ထုတ်မယ်။ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ လက်ထက်က ထင်ပါတယ်။ တန် ၁၄ သိန်းအထိ ထုတ်ခဲ့တယ်။ သမ္မတကြီး ဦးသိန်းစိန်လက်ထက်မှာ တန် ခုနစ်သိန်းအောက်ကို လျှော့ထုတ်ခဲ့တယ်။ ထက်ဝက်လျှော့ချ ထုတ်ခဲ့တယ်။

အခုအစိုးရလက်ထက်မှာကျတော့ အဲဒီရဲ့ တစ်ဝက် တန်သုံးသိန်းခွဲ၊ သုံးသိန်းခွဲဆိုရာမှာ ကျွန်တော်တို့ သစ်တောဦးစီးဌာနရဲ့ သတ်မှတ်ချက်အရ မြန်မာနိုင်ငံရဲ့ နှစ်စဉ်တောထွက်က ကျွန်းဆိုရင် ၅၅ ရာခိုင်နှုန်း၊ သစ်မာဆိုရင် ၃၀၊ ၃၅ ရာခိုင်နှုန်း ထုတ်မယ်ဆိုပြီး လက်ရှိအစိုးရက မူဝါဒချမှတ်ပါတယ်။ ချမှတ်တော့ တန်သုံးသိန်းခွဲအထိ လျှော့ချထုတ်ခဲ့ပါတယ်။ သစ်လျှော့ချ ထုတ်လိုက်တော့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု MIC ဆီမှာဆိုရင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုနဲ့ သစ်စက်တွေလာဖို့ ခဏရပ်ထားတယ်။ ဘာဖြစ်လို့လဲဆိုရင် ကုန်ကြမ်းရှားပါးလာနိုင်လို့ပါ။ အဲဒီတော့ ဒီကုန်ကြမ်းရှားပါးတဲ့အပေါ်မှာ ဦးအာကာတို့လို ထုတ်လုပ်ဖြန့်ဖြူးသူတွေအနေနဲ့ ဘာတွေအခက်အခဲ ရှိသလဲ သိချင်ပါတယ်။

ဦးအာကာမင်း။ ။ သစ်အချောထုတ်တဲ့အတွက် ကောင်းပါတယ်။ သဘာဝတောတွေကို ထိန်းသိမ်းရာလည်း ရောက်ပါတယ်။ စက်မှုလုပ်ငန်းရှင်တွေအတွက်ကတော့ ပြည်တွင်းက ထွက်တဲ့သစ်နဲ့ မလုံလောက်ခဲ့ဘူးဆိုရင်တော့ အိမ်နီးချင်းနိုင်ငံတွေက ကုန်ကြမ်းအဖြစ် သစ်လုံးပဲဖြစ်ဖြစ်၊ ခွဲသားပဲဖြစ်ဖြစ် တင်သွင်းတာ Import လုပ်ရမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ ပြည်တွင်းဈေးကွက်နဲ့ကျတော့ ကုန်ကြမ်းဝယ်ရတဲ့ ဈေးနှုန်းရယ်၊ ပြန်ရောင်းမယ့် ဈေးကွက်ရယ်ဆိုရင် တင်သွင်းတဲ့ အခွန်ကင်းလွတ်ခွင့်ရမယ်ဆိုရင်တော့ စက်မှုလုပ်ငန်းရှင်တွေအတွက် အလုပ်လုပ်ကိုင်ဖို့ အဆင်ပြေနိုင်ပါတယ်။

(ဆက်လက်ဖော်ပြပါမည်)

ရှင်မင်းနှင့် အဖွဲ့

‘မိုးပန်းပွင့်ရဲ့ သင်္ကေတ’ ရုပ်ရှင်ဇာတ်ကား စက်တင်ဘာ ၁၄ ရက်မှစတင်၍ မြန်မာတစ်နိုင်ငံလုံးရှိ အဆင့်မြင့်ရုပ်ရှင်ရုံကြီးများတွင် ပြသသွားမည်

ရန်ကုန် စက်တင်ဘာ ၅

FOREVER GROUP ကစီစဉ်ထုတ်လုပ်ပြီး ဒါရိုက်တာ ကိုပေါက် ရိုက်ကူးသည့် ‘မိုးပန်းပွင့်ရဲ့ သင်္ကေတ’ ရုပ်ရှင်ဇာတ်ကား စာနယ်ဇင်းအကြိုမိတ်ဆက်ပွဲ အခမ်းအနားကို စက်တင်ဘာ ၄ ရက် ညနေ ၆ နာရီခွဲက ရန်ကုန်မြို့ Junction City ရှိ JCGV ရုပ်ရှင်ရုံ၌ပြသခဲ့ပြီး စက်တင်ဘာ ၁၄ ရက်မှစတင်၍ မြန်မာတစ်နိုင်ငံလုံးရှိ အဆင့်မြင့်ရုပ်ရှင်ရုံကြီးများတွင် ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

‘မိုးပန်းပွင့်ရဲ့ သင်္ကေတ’ သည် တစ်ဦးနှင့်တစ်ဦး ရန်သူကဲ့သို့ အမုန်းတရားများ ပွားခဲ့ကြသော်လည်း တကယ်တမ်း အရေးကြုံသည့်အခါ ရိုင်းပင်းကူညီကြပုံ၊ သားသမီးနှင့် မိဘတို့အကြား အုပ်ထိန်းမှု၊ ခံယူမှု၊ ပေးဆပ်မှုနှင့် နားလည်မှုများ လွဲမှားသွားပါက သားသမီးတို့၏ အနာဂတ်ကို ရိုက်ခတ်လာနိုင်ပုံတို့ကို ရည်ရွယ်၍ ရိုက်ကူးထားခြင်းဖြစ်သည်။

ဦးသိန်းထွန်းအောင်

ဒါရိုက်တာ ကိုပေါက်

သရုပ်ဆောင် ဝါဝါအောင်

သရုပ်ဆောင် မေမြင့်မိုရ်

သရုပ်ဆောင် နေအဥ္ဇရာ(ခြူးလေး)

ဒါရိုက်တာ ကိုပေါက်က “ဒီဇာတ်ကားဇာတ်ညွှန်းကို ကျွန်တော် လွန်ခဲ့တဲ့ ခုနစ်နှစ်လောက် ကတည်းက ရေးခဲ့တာပါ။ ဒီကားဟာ ကျွန်တော်ပထမဆုံးရိုက်တဲ့ ရုပ်ရှင်ဇာတ်ကားပါ။ ဒီဇာတ်လမ်းကိုရိုက်ပြီးမှ တခြားဇာတ်လမ်းတွေကို ရိုက်မယ်လို့ ဆုံးဖြတ်ထားတဲ့အတွက် ဒီဇာတ်ကားဟာ ကျွန်တော့်ရဲ့ ပထမဆုံးစိန်ခေါ်မှုပါ။ ဒီဇာတ်ကားကို စရိုက်တာကနေ ရုံတင်တာနဲ့ကြားမှာ သုံးနှစ်ကြာပါတယ်။ စိတ်တိုင်းအကျဆုံး ရုပ်ရှင်လို့ ပြောလို့ရပါတယ်။ သုံးပွင့်ဆိုင် အချစ်ဇာတ်လမ်းလေးပါ။ ရသတွေ အများကြီး ပေးထားပါတယ်။ ကျွန်တော့်ရဲ့ ကနဦး အိပ်မက်ဇာတ်ကားလေးပါ”ဟု ပြောသည်။

အဆိုပါ ဇာတ်ကားတွင် ရန်အောင်၊ ရဲအောင်၊ စိုးမြတ်သူဇာ၊ မေသဥ္ဇာဦး၊ ဟန်လင်းသန့်၊ မေမြင့်မိုရ်၊ နေအဥ္ဇရာ(ခြူးလေး)တို့နှင့် အခြားသော အနုပညာရှင်များပါဝင်ပြီး ဖိနှိပ်တားဆီးမှုများကြားမှ အချစ်၊ အာဃာတ၊ သံယောဇဉ်များနှင့် မေတ္တာတရားတို့ကို ရသမြောက်အောင် ပုံဖော်ရိုက်ကူးထားသည့် ဇာတ်ကားဖြစ်သည်။

သရုပ်ဆောင် မေမြင့်မိုရ်က “မိုးပန်းပွင့်ဆိုတဲ့ မိန်းကလေးနေရာက ပါဝင်ထားတာပါ။ အချစ်ကို တန်ဖိုးထားပြီး ဘဝကို ရိုးရိုးနဲ့ ဖြတ်သန်းတဲ့သူအနေနဲ့ သရုပ်ဆောင်ထားတာပါ။ ကိုယ့်ချစ်သူကို ချုပ်ချယ်ပြီး ကိုယ့်အဖေလိုဖြစ်မှာ စိုးရိမ်လို့ ချစ်သူကို နိုင်ငံရေးမလုပ်အောင်တားတဲ့ သူမျိုးပါ။ ဒီဇာတ်ကားလေးမှာ အချစ်၊ အိမ်ထောင်ရေးအပြင် ၂၀၀၇ ခုနှစ်တုန်းက ဖြစ်ပွားခဲ့တဲ့ ရွှေဝါရောင်အရေးအခင်းလည်းပါတယ်။ ပရိသတ်တွေကြည့်ပြီးရင် နှလုံးသားထဲမှာ တစ်ခုခုကျန်ခဲ့မယ်လို့ ထင်ပါတယ်” ဟု ပြောသည်။

သရုပ်ဆောင် နေအဥ္ဇရာ(ခြူးလေး)က “ဒီကားမှာ ချိုမြိန်ဆိုတဲ့ ကောင်မလေးပါ။ သာမန်အဆင့်ရှိပြီးတော့ မိဘမေတ္တာကိုရပြီး ကျေးဇူးသိတတ်တဲ့သူအနေနဲ့ သရုပ်ဆောင်ထားတာပါ။ ဇာတ်လမ်းတွဲတွေသာ MRTV-4 နဲ့ရိုက်ခဲ့ပေမယ့် ရုံကြီးကားအနေနဲ့ ပထမဆုံးဖြစ်ပါတယ်။ ဇာတ်လမ်းမှာဆိုရင် တာဝန်ကြီးတဲ့နေရာမျိုးကနေ သရုပ်ဆောင်ထားရတဲ့အတွက် ပိုပြီးစိတ်လှုပ်ရှားခဲ့ရပါတယ်။ ဒါရိုက်တာခိုင်းတဲ့အတိုင်း ကြိုးစားလုပ်ဆောင်ရင်းနဲ့ အားလုံးအဆင်ပြေသွားခဲ့ပါတယ်”ဟု ဆိုသည်။

သရုပ်ဆောင် ဝါဝါအောင်က “ဒီဇာတ်ကားမှာ သားသမီးသုံးယောက်ရဲ့ အမေနေရာကနေ သရုပ်ဆောင်ရတာပါ။ နိုင်ငံရေးကားမျိုး မဟုတ်ပါဘူး။ မိသားစုတွေ အတွင်းမှာ ဖြစ်တတ်တဲ့ အတွေးအခေါ် မတူတာမျိုးလေးတွေရှိပေမယ့် မိဘတွေအနေနဲ့ သားသမီးတွေကို အစစအရာရာ တာဝန်ယူရမယ်။ သားသမီးတွေအနေနဲ့ မိဘရဲ့ သွန်သင်ဆုံးမမှုအောက်မှာ ကြီးပြင်းရမယ်ဆိုတဲ့ ဇာတ်မျိုးပါ။ သူငယ်ချင်းသုံးဦးရဲ့ လူငယ်သဘာဝ ချစ်ခြင်းကိုဖော်ကျူးထားပြီး လူငယ်တွေကို ဦးစားပေးရိုက်ကူးထားတဲ့ ဇာတ်လမ်းပါ”ဟု ပြောသည်။

ဟန်လင်းသန့်၊ မေမြင့်မိုရ်နှင့် နေအဥ္ဇရာ(ခြူးလေး) တို့သည် FOREVER GROUP မှ ရိုက်ကူးထုတ်လွှင့်သည့် ရုပ်သံဇာတ်လမ်းတွဲများမှ သရုပ်ဆောင်များဖြစ်ကြပြီး ရုပ်ရှင်ဇာတ်ကားကြီးအနေဖြင့် ‘မိုးပန်းပွင့်ရဲ့ သင်္ကေတ’ ရုပ်ရှင်ဇာတ်ကားတွင် အဓိက လူငယ်ဇာတ်ဆောင်များအဖြစ် ပထမဆုံးအကြိမ် ပါဝင်သရုပ်ဆောင်ထားခြင်း ဖြစ်ကြောင်း သိရသည်။

FOREVER GROUP မှ ဦးသိန်းထွန်းအောင်က “ဒီဇာတ်ကားဟာ ပြည်သူလူထုအတွက် ဖျော်ဖြေရေးတစ်ရပ်၊ ပညာပေးမှုတစ်ရပ် ဖြစ်မယ်လို့ ယူဆတဲ့အတွက် ရုံတင်ပြသတဲ့အဆင့်အထိရောက်အောင် ဆောင်ရွက်ခဲ့တာပါ။ ကျွန်တော်တို့ဆီမှာ ရုပ်ရှင်ဇာတ်လမ်းတွဲတွေမှာ ပါဝင်သရုပ်ဆောင်ဖို့အတွက် သရုပ်ဆောင်တွေကို လေ့ကျင့်ပျိုးထောင်ပေးနေတာ ရှိပါတယ်။ ဒီသရုပ်ဆောင်တွေကို အများကြီး လေ့ကျင့်ပေးထားပြီး ရုပ်ရှင်ကဏ္ဍနယ်ပယ်အထိ ပါဝင်လာနိုင်အောင် ကျွန်တော်တို့ဆီက ထုတ်သမျှ ဇာတ်ကားတွေထဲမှာ ထည့်သွင်းပြီးသုံးသွားမှာ ဖြစ်ပါတယ်။ ဒါဟာ မြန်မာ့ရုပ်ရှင်ကဏ္ဍနယ်ပယ်မှာ မျိုးဆက်သစ် အနုပညာရှင်တွေ ပေါ်ပေါက်လာရေးအတွက် တစ်တပ်တစ်အားပါဝင်ပြီး ဆောင်ရွက်ပေးခြင်းဖြစ်ပါတယ်”ဟု ပြောသည်။

သတင်း- ဇော်ကြီး
ဓာတ်ပုံ- ဖေဇော်

ဝဿန်ရုပ်ရှင်ပွဲတော် ပြည်တွင်း၊ ပြည်ပ ပရိသတ်များဖြင့် အထူးစည်ကား

ရန်ကုန် စက်တင်ဘာ ၅

ပြည်တွင်းရှိရုပ်ရှင်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန်နှင့် နိုင်ငံတကာရုပ်ရှင်ပွဲတော်သို့ ဝင်ရောက်ယှဉ်ပြိုင်ကြမည့် ပြည်တွင်းဝါသနာရှင်လူငယ်များအနေဖြင့် ပွဲတော်ဝင်ခွင့်လျှောက်ထားရမည့်နည်းလမ်းပုံစံများကို သိရှိနိုင်ကြစေရန်အတွက် ဝဿန်ရုပ်ရှင်ပွဲတော်(WATHANN FILM FESTIVAL#8)ဖွင့်ပွဲကို ဗိုလ်ချုပ်အောင်ဆန်းလမ်း ဝဇီရာရုပ်ရှင်ရုံ၌ ယနေ့ညနေ ၄ နာရီခွဲက ကျင်းပသည်။

ဝဿန်ရုပ်ရှင်ပွဲတော်စီစဉ်သူ ကိုသိဒ္ဓိက “ ရုပ်ရှင်ရုံနဲ့ ရုပ်/သံတွေမှာကြည့်နေရတဲ့ ဇာတ်ကားနဲ့မတူတဲ့ အရသာကို ဝဿန်ရုပ်ရှင်ပွဲတော်က သယ်ယူလာတာဖြစ်ပါတယ်။ ဘာလို့လဲဆိုတော့ ရုပ်ရှင်ပွဲတော်တွေမှာပြသတဲ့ ဇာတ်ကားအမျိုးအစားတွေ ဖြစ်တာမို့ပါ။ နိုင်ငံတကာ ရုပ်ရှင်ပွဲတော်တွေမှာ ဘာတွေဖြစ်နေသလဲဆိုတာကို ကြည့်ရှုနိုင်ကြမှာဖြစ်ပြီး နိုင်ငံတကာမှာဆုရတဲ့ ရုပ်ရှင်ဇာတ်ကားများနဲ့ နိုင်ငံတကာကပွဲတော်တွေမှာ ဘယ်လိုသွားနေကြလဲဆိုတာကို ရွေးချယ်ပြသတာပါ။ ပြည်တွင်းရုပ်ရှင်ဇာတ်ကားတွေအနေနဲ့လည်း ပုံစံတစ်ခုတည်းမှာပဲ လည်နေတာဆိုတော့ ပုံစံသစ်တစ်ခုကို ထိုးဖောက်နိုင်ဖို့အတွက် နိုင်ငံတကာမှာ ဘာတွေဖြစ်နေလဲဆိုတာ ကြည့်ရှုဖို့လိုအပ်ပါတယ်။ ဒီအတွက်ကိုအဓိကထားပြီး ပွဲတော်ကျင်းပခြင်းဖြစ်ပါတယ်”ဟု ပြောသည်။

သတင်း- ပွင့်သစ္စာ
ဓာတ်ပုံ- စိုးမြင့်အောင်

ရန်ကုန်တိုင်းဒေသကြီးတစ်ခွင် ဆေးလိပ်ငွေ့ကင်းစင်ရေးနယ်မြေများ ထူထောင်မည်

ရန်ကုန် စက်တင်ဘာ ၅

ရန်ကုန်တိုင်းဒေသကြီးတစ်ခွင် ဆေးလိပ်ငွေ့ကင်းစင်ရေးနယ်မြေများ ထူထောင်ရေး အသိပေးအလုပ်ရုံဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့တော်ခန်းမ၌ကျင်းပရာ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့တော်ဝန်ကိုယ်စား အတွင်းရေးမှူး ဒေါ်လှိုင်မော်ဦး တက်ရောက်အမှာစကားပြောကြားသည်။

“ဒီကနေ့ ဆောင်ရွက်တဲ့အခမ်းအနားရဲ့ ထူးခြားချက်ကတော့ ဆေးလိပ်နှင့်ဆေးရွက်ကြီး ဥပဒေပါ နေရာဒေသတွေမှာ ဆေးလိပ်မသောက်ရေး အပါအဝင် အရှိန်အဟုန်မြှင့်ပြီးတော့ ဆောင်ရွက်မယ့်လုပ်ငန်းစီမံချက်ရဲ့ ကနဦးစတင်ခြင်းဖြစ်ပါတယ်။ အကောင်အထည်ဖော်ဆောင်ရွက်မယ့် မြို့နယ်ကတော့ ကျောက်တံတားမြို့နယ်မှာ စံနမူနာပြအနေဖြင့် ဆောင်ရွက်ကြမှာဖြစ်ပြီး လာမည့်နှစ်များအလိုက် မြို့နယ်များတိုးချဲ့ဆောင်ရွက်ခြင်းဖြင့် ၂၀၂၂ ခုနှစ်မှာ ရန်ကုန်တိုင်းဒေသကြီးတစ်ခွင် ဆေးလိပ်ငွေ့ကင်းစင်အဖြစ် မျှော်မှန်းဆောင်ရွက်သွားမှာ ဖြစ်ပါတယ်”ဟု ဒေါ်လှိုင်မော်ဦးက ပြောသည်။

မြန်မာနိုင်ငံတွင် အသက် ၁၅ နှစ်နှင့်အထက် ဆေးလိပ်သောက်သုံးသူ အမျိုးသား ၄၂ ရာခိုင်နှုန်းခန့်၊ အမျိုးသမီး ၁၅ ရာခိုင်နှုန်းခန့် သောက်သုံးလျက်ရှိကြောင်း၊ ဆေးရွက်ကြီးထွက်သုံးစွဲမှု(ကွမ်းယာ) အမျိုးသား ၄၀ ရာခိုင်နှုန်း၊ အမျိုးသမီး ၆ ဒသမ ၁၉ ရာခိုင်နှုန်းရှိကြောင်း သုတေသနစစ်တမ်းများအရ သိရသည်။

“ရန်ကုန်တိုင်းဒေသကြီးတစ်ခွင် ဆေးလိပ်ငွေ့ကင်းစင်ရေး ၂၀၂၂ ခုနှစ် စီမံချက်ကို ရေးဆွဲထားပြီးဖြစ်ပါတယ်။ ဒီစီမံချက်ရေးဆွဲထားတဲ့အပေါ်မှာ အကောင်အထည်ဖော်ဖို့ ဒီကနေ့စတင်အသိပေးတဲ့အခမ်းအနား ဖြစ်ပါတယ်။ အဓိကအားဖြင့်တော့ ကျောက်တံတားမြို့နယ်ကို စံပြမြို့နယ်အဖြစ် ဆောင်ရွက်ဖို့ ရွေးချယ်ထားပါတယ်။ ကျောက်တံတားမြို့နယ်မှာ မြန်မာနိုင်ငံ ဆေးလိပ်နှင့်ဆေးရွက်ကြီး သုံးစွဲမှုလျှော့ကျရေးအတွက် ၂၀၀၆ ဥပဒေ ပုဒ်မ ၆ နှင့် ပုဒ်မ ၇ မှာ ဆေးလိပ်မသောက်ရနေရာများ ဖော်ပြပါရှိပါတယ်။ ဆေးလိပ်မသောက်ရနေရာများမှာ တကယ်ဆေးလိပ်မသောက်ရအောင်လို့ ဒီစီမံချက်ကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်း ဖြစ်ပါတယ်”ဟု ပြည်သူ့ကျန်းမာရေးဖောင်ဒေးရှင်း ဥက္ကဋ္ဌ ဒေါက်တာသန်းစိန်က ပြောသည်။

ကျောက်တံတားမြို့နယ်တွင် အဆိုပါစီမံချက်ကို စတင်နေပြီဖြစ်ကြောင်း၊ လာမည့် ခြောက်လအတွင်း ဆေးလိပ်ငွေ့ကင်းစင်မြို့နယ်အဖြစ် ကြေညာနိုင်မည်ဖြစ်ကြောင်း၊ ဆေးရုံ၊ ကျောင်း၊ ရုံးများအပါအဝင် ဆေးလိပ်မသောက်ရနေရာများတွင် တာဝန်ရှိသူများ တာဝန်ချထားပြီး ကြပ်မတ်ခြင်းကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ထိုသို့ ဆေးလိပ်မသောက်ရနေရာများတွင် ကြပ်မတ်ဆောင်ရွက်ခြင်းဖြင့် ဆေးလိပ်မသောက်သူများကို ဆေးလိပ်ငွေ့မှကင်းစင်နိုင်မည်ဖြစ်ကြောင်း ဒေါက်တာသန်းစိန်က ထပ်လောင်းပြောကြားသည်။

အမေရိကန်နိုင်ငံအခြေစိုက် Bloomberg Philanthropies က ကမ္ဘာ့နိုင်ငံအသီးသီးရှိ မြို့တော် ၅၀ ကို မကူးစက်နိုင်သောရောဂါများနှင့် ထိခိုက်ဒဏ်ရာများ လျော့နည်းကျဆင်းရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ မြန်မာနိုင်ငံ ရန်ကုန်မြို့ကိုလည်း ပြည်သူ့ကျန်းမာရေးဖောင်ဒေးရှင်းနှင့် ချိတ်ဆက်ကာ ဆေးလိပ်ငွေ့ကင်းစင်ရေးစီမံချက်ကို ရန်ကုန်တိုင်းဒေသကြီးအစိုးရနှင့် မြို့တော်ဝန်တို့၏လမ်းညွှန်ကြီးကြပ်မှုဖြင့် ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီနှင့် ပြည်သူ့ကျန်းမာရေးဖောင်ဒေးရှင်းတို့ ပူးပေါင်း၍ စီမံချက် ရေးဆွဲထားကြောင်းသိရသည်။

မြင့်မောင်စိုး(ကြေးမုံ)

ရှမ်းတိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီက ၎င်းတို့၏မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ

နေပြည်တော်　　စက်တင်ဘာ　　၅

ရှမ်းတိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီဥက္ကဋ္ဌ ဦးစိုင်းအိုက်ပေါင်းက ၎င်းတို့ပါတီ၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ်စသည်တို့ကို စက်တင်ဘာ ၅ ရက် ညပိုင်းတွင် ရေဒီယိုနှင့်ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။

အဆိုပါဟောပြောတင်ပြချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

မိုင်ဆုန်ခ - မင်္ဂလာပါခင်ဗျား

လေးစားရပါသော မဲဆန္ဒရှင် တိုင်းရင်းသားပြည်သူအပေါင်း ကိုယ်စိတ်နှစ်ပါး ကျန်းမာချမ်းသာကြပါစေကြောင်း ရှမ်းတိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီ **ဥက္ကဋ္ဌ** ဖြစ်တဲ့ ကျွန်တော် **စိုင်းအိုက်ပေါင်း**မှ ဆုတောင်းမေတ္တာပို့သ နှုတ်ခွန်းဆက် ဂါရဝပြုအပ်ပါတယ်။

တိုင်းရင်းသားပြည်သူများခင်ဗျား

ပြည်ထောင်စုဖွား တိုင်းရင်းသားပြည်သူများ၊ နိုင်ငံသားများရဲ့ နိုင်ငံရေးမျှော်မှန်းတောင့်တချက်ဟာ တည်ငြိမ်အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီးမှာ **လူမှုဘဝ** ကြောင့်ကြမှုကင်းစွာနဲ့ နေထိုင်နိုင်ရေး၊ ကမ္ဘာရွာကြီးထဲမှာ သဟဇာတ ညီညွတ်မျှတစွာဖြင့် ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်နိုင်ရေး ဖြစ်ပါတယ်။

ရှမ်းတိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီဟာ နိုင်ငံရေးပါတီမှတ်ပုံတင်အမှတ်-(၁၅/၂၀၁၀)ဖြင့် နိုင်ငံရေးပါတီမှတ်ပုံတင်ခွင့်ရရှိတဲ့ (၂၀၁၀ ခုနှစ် မေလ ၂၆ ရက်)ကတည်းကစပြီး နိုင်ငံသား၊ တိုင်းရင်းသားပြည်သူများရဲ့ နိုင်ငံရေးမျှော်မှန်းချက်ကို ဖြည့်ဆည်းနိုင်ဖို့ မိမိပါတီယုံကြည်ချက်နဲ့အညီ တစိုက်မတ်မတ် ကြိုးပမ်းလာခဲ့ပါတယ်။ ရှေ့ဆက်လည်း ဦးလည်မသုန် ကြိုးပမ်းဆောင်ရွက်သွားမည့်ပါတီ ဖြစ်ပါတယ်။

ကျွန်တော်တို့ ပါတီရဲ့ ယုံကြည်ချက်ကတော့. . . .

လူလူချင်း ဖိနှိပ်ချုပ်ချယ်မှုကင်းခြင်း၊ တိုင်းရင်းသားလူမျိုးများအကြား ရင်းနှီးချစ်ကြည်ခြင်း၊ လူ့အခြေခံအခွင့်အရေးများ တန်းတူညီမျှမှုရရှိခြင်း၊ တရားမျှတခြင်း၊ လွတ်လပ်ခြင်းများနဲ့ ပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော် တည်ဆောက်နိုင်မှသာလျှင် စည်းလုံးညီညွတ်၍ တည်ငြိမ်အေးချမ်းကာ တည်တံ့ခိုင်မာတဲ့ ဖက်ဒရယ်ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကို တည်ဆောက်နိုင်မယ်လို့ အလေးအနက်ယုံကြည်ပါတယ်။

ပါတီရဲ့ရည်ရွယ်ချက် လုပ်ငန်းစဉ်များထဲမှာ အဓိကကျသည်များကို ထုတ်နုတ်တင်ပြရမယ်ဆိုရင်. . . .

(က) ဒီမိုကရေစီဖက်ဒရယ်နိုင်ငံတော်တည်ဆောက်ရေးကို ငြိမ်းချမ်းသော လမ်းစဉ်ဖြင့် တည်ဆောက်မည်။

(ခ) ပြည်ထောင်စုတည်တံ့ခိုင်မြဲရေး၊ တိုင်းရင်းသားအချင်းချင်း ချစ်ကြည်ရင်းနှီးမှုနှင့် သွေးစည်းညီညွတ်မှုရရှိရေး ဆောင်ရွက်မည်။

(ဂ) ပြည်ထောင်စုအတွင်း နေထိုင်ကြသော တိုင်းရင်းသားလူမျိုးများအားလုံး လူ့အခြေခံအခွင့်အရေးများ အပြည့်အဝရရှိရေး ဆောင်ရွက်မည်။

အထူးသဖြင့်. . . .

အပိုဒ်(င) စိတ်ကူးယဉ်မျှော်မှန်းချက်ထက် လက်တွေ့အကျိုး ဖြစ်ထွန်းရေးကို ဦးစားပေးဖော်ဆောင်မည်။

အပိုဒ်(စ) နိုင်ငံရေးနဲ့ အခြားကဏ္ဍအသီးသီးတို့တွင် ထိပ်တိုက်ရင်ဆိုင်ရေး၊ ဆန့်ကျင်ရေးကို ဦးစားမပေးဘဲ ပိုမိုထိရောက်သော အကျိုးဖြစ်ထွန်းမှုအတွက် ရှိတဲ့လုပ်ပိုင်ခွင့်များအားလုံးကို ရယူအကောင်အထည်ဖော်သွားမည်။

. . . . စသည်ဖြင့် ကျွန်တော်တို့ပါတီရဲ့ ရည်ရွယ်ချက်များ၊ လုပ်ငန်းစဉ်များကို အတိအလင်း ဖော်ပြထားပါတယ်။

ဗမာတိုင်းရင်းသားအပါအဝင် တိုင်းရင်းသားပြည်သူများခင်ဗျား

ယခုမျက်မှောက်ခေတ်မှာ ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ ကူးလူးဆက်ဆံမှု၊ ဆက်သွယ်မှု လွယ်ကူလျင်မြန်လာတာနဲ့အမျှ ကမ္ဘာရွာလို့ တင်စားခေါ်ဝေါ်နေကြပြီ ဖြစ်ပါတယ်။ ဒီကမ္ဘာရွာကြီးမှာ ကျွန်တော်တို့ နိုင်ငံတော်ကြီးကို အိမ်ထောင်စုတစ်ခုနဲ့ နှိုင်းယှဉ်ကြည့်မြင်နိုင်ပါတယ်။

အိမ်ထောင်စုတစ်ခုမှာ အိမ်ထောင်ဦးစီးရဲ့ ဦးဆောင်လမ်းညွှန်မှု၊ စီမံခန့်ခွဲမှုကောင်းမွန်ပါမှ၊ အိမ်သားများ သားချင်းညီအစ်ကို မောင်နှမများ ချစ်ချစ်ခင်ခင် ပျော်ပျော်ရွှင်ရွှင် စည်းလုံးညီညွတ်ပါမှ ထိုအိမ်ထောင်စုကြီးကို ကာကွယ်စောင့်ရှောက်ခြင်း၊ တိုးတက်ဖွံ့ဖြိုးအောင် ဆောင်ရွက်ခြင်းများ ပြုလုပ်နိုင်ကြမှာ ဖြစ်ပါတယ်။ ထိုသို့မဟုတ်ပါက အိမ်သားများဟာ သာယာပျော်ရွှင်မှုဆိတ်သုဉ်းပြီး စည်းလုံးမှုပြိုကွဲကာ တိုးတက်ဖွံ့ဖြိုးမှုကို ဖော်ဆောင်နိုင်ကြမှာ မဟုတ်တော့ပါ။

သားချင်းညီအစ်ကို မောင်နှမများ ချစ်ကြည်စည်းလုံးစွာဖြင့် အိမ်ထောင်စုကြီး သာယာဖွံ့ဖြိုးအောင် ဆောင်ရွက်လိုစိတ်ထက်သန်ဖို့ရာမှာဖိနှိပ်ချုပ်ချယ်မှုကင်းခြင်း၊ လူ့အခြေခံအခွင့်အရေးများ တန်းတူညီမျှမှုရရှိခြင်း၊ တရားမျှတခြင်း၊ လွတ်လပ်ခြင်းများနဲ့ ပြည့်စုံအောင် ဖန်တီးပေးရပါမယ်။

ထို့အတူ တစ်ဦးနှင့်တစ်ဦး လိုအင်ဆန္ဒ အတ္တအကျိုးနဲ့ ပဋိပက္ခကို ရှေ့တန်းမတင်ဘဲ ထိပ်တိုက်ရင်ဆိုင်ဆန့်ကျင်မှုကိုရှောင်ရှားကာ စိတ်ကူးယဉ်မျှော်မှန်းချက်ထက် လက်တွေ့အကျိုးဖြစ်ထွန်းနိုင်မယ့်အရာကိုသာ ဖော်ဆောင်မှသာလျှင် ငြိမ်းချမ်းသာယာဝပြောမှုကို ရယူခံစားနိုင်ကြမှာ ဖြစ်ပါတယ်။

ဒါကြောင့် အကောင်းဘက်သို့ “အမှန်တကယ်” ပြောင်းလဲဖို့

ကတိသစ္စာကို တန်ဖိုးထား၍ စိတ်ရင်းစေတနာအမှန်ဖြင့် လမ်းညွှန်စီမံဆောင်ရွက်မှုအားကောင်းတဲ့ပုဂ္ဂိုလ်များကို ပြည်သူကိုယ်စားလှယ်အဖြစ် ရွေးချယ်ဖို့ လိုလာပါပြီ။

တိုင်းရင်းသားပြည်သူများခင်ဗျား

ကျင်းပပြီးစီးသွားခဲ့တဲ့ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ အသီးအပွင့်များအဖြစ် ပြည်ထောင်စုသဘောတူညီချက် (၅၁) ချက်ရရှိခဲ့ပြီး ဖြစ်ပါတယ်။ အဲဒီ (၅၁) ချက်ထဲမှာ တိုင်းရင်းသားပြည်သူများ လိုလားတောင့်တတဲ့ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုနိုင်ငံတော်ကြီး တည်ဆောက်သွားဖို့ တစ်ခဲနက်ထောက်ခံ သဘောတူညီခဲ့ပြီး ဖြစ်ပါတယ်။

တိုင်းရင်းသားပြည်သူများခင်ဗျား

ဖက်ဒရယ်ရဲ့အဓိပ္ပာယ်က **ခွဲထွက်ခြင်း** မဟုတ်ပါဘူး။ **ပေါင်းစည်းခြင်း**သာ ဖြစ်ပါတယ်။ ပြည်ထောင်စုကြီးမှာ-

- ပြည်နယ်များက တန်းတူညီမျှရရှိဖို့ လိုအပ်တဲ့ လုပ်ပိုင်ခွင့်၊ ပြဋ္ဌာန်းခွင့် အာဏာများကို ညီညီမျှမျှ ခွဲဝေရယူကြမယ်။
- စုပေါင်းရယူကျင့်သုံးရမယ့် လုပ်ပိုင်ခွင့်၊ ပြဋ္ဌာန်းခွင့်အာဏာများကို အားလုံးရဲ့ ကိုယ်စား ပြည်ထောင်စုအစိုးရက ရယူ/တာဝန်ယူ
- ပြည်နယ်များက ရသင့်ရထိုက်တဲ့ အခွင့်အရေးများကို တန်းတူစွာနဲ့ ညီမျှစွာ ခွဲပေးတဲ့စနစ်သည်သာ

ပြည်ထောင်စုဖက်ဒရယ်စနစ် အစစ်အမှန်ဖြစ်ပါတယ်။

ကျွန်တော်တို့ ပြောတဲ့ လိုလားတဲ့ ဖက်ဒရယ်ဆိုတာ ဒီပုံစံပါပဲ။

တိုင်းရင်းသားပြည်သူအပေါင်းတို့ လိုလားတောင့်တတဲ့ ဒီမိုကရေစီဖက်ဒရယ်နိုင်ငံတော် တည်ဆောက်ရန်မှာ

အကောင်းဘက်သို့ “အမှန်တကယ်” ပြောင်းလဲဖို့ လိုအပ်ပါတယ်။

ဒါကြောင့် အပြောမဟုတ် အလုပ်နဲ့ သက်သေပြနိုင်မယ့် ပြည်သူ့ကိုယ်စားလှယ် ရွေးချယ်ပေးဖို့ လိုအပ်ပါတယ်။

တိုင်းရင်းသားပြည်သူများခင်ဗျား

ပန်းကိုချစ်ရင် ခူးဆွတ်ပန်ဆင်ရုံနဲ့ ချစ်ရာမရောက်ပါဘူး။

လှပပြီး မွှေးရနံ့သင်းထုံတဲ့ပန်းပွင့်လာဖို့ ပန်းပင်ကို ရေလောင်း ပေါင်းသင် မြေဩဇာကျွေးမှ ပန်းကို ချစ်ရာရောက်ပါမယ်။ ထိုနည်းတူပါပဲ ဒီမိုကရေစီဖက်ဒရယ်ကို မြတ်နိုးတယ်ဆိုရုံနဲ့ သူ့ရဲ့ကောင်းကျိုးကို လက်လှမ်းရယူလိုသူဟာ မြတ်နိုးရာမရောက်တဲ့ စိတ်ကူးယဉ်အတ္တသမားသာ ဖြစ်ပါလိမ့်မယ်။

ဒီမိုကရေစီဖက်ဒရယ်စနစ်ရဲ့ အလှအပများဖြစ်ကြတဲ့ အများရဲ့ဆန္ဒကို အလေးထား၍ အနည်းစုရဲ့ဆန္ဒကိုလည်း လေးစားခြင်း၊ ရရှိသင့်သည့် အခြေခံအခွင့်အရေးများကို အပြည့်အဝ ရရှိခံစားစေနိုင်ခြင်း၊ တန်းတူမှု၊ ညီမျှမှုများ ဖော်ဆောင်ပေးခြင်း၊ တရားမျှတခြင်းနှင့် လွတ်လပ်ခြင်းများ ရရှိခံစား စံစားနိုင်ဖို့အတွက်-

ဒီမိုကရေစီဖက်ဒရယ်ပန်းပင်ကို ရေလောင်း ပေါင်းသင် မြေဩဇာကျွေးရပါမယ်။ ကိုယ်တိုင်မဆောင်ရွက်နိုင်ရင် ကိုယ်စားပြုဆောင်ရွက်နိုင်မည့်သူ၊ ဆောင်ရွက်နိုင်မည့်ပါတီကို ရွေးချယ်တာဝန်ပေးရပါမယ်။ ကိုယ့်ကို ကိုယ်စားပြုမည့်သူဟာ လက်တွေ့ကျကျ လုံ့လဝီရိယရှိစွာနဲ့ အများအကျိုးသယ်ပိုးလိုစိတ်ရှိသူ၊ ထိုအဖွဲ့အစည်းမျိုးက လာတဲ့သူ ဖြစ်ရပါမယ်။

မူကောင်းတဲ့ပါတီကလာတဲ့သူဖြစ်ဖို့ လိုအပ်သလို လူကောင်းကို ရွေးဖို့ လိုအပ်ပါတယ်။

ဒါကြောင့် **အကောင်းဘက်သို့ “အမှန်တကယ်” ပြောင်းလဲဖို့** အခွင့်အရေးဟာ တိုင်းရင်းသားပြည်သူများရဲ့ လက်ထဲမှာသာရှိပါကြောင်း အသိပေးလိုပါတယ်။

တိုင်းရင်းသားပြည်သူများခင်ဗျား

နိုင်ငံရေးကဏ္ဍတိုးတက်ပြောင်းလဲမှုဟာ နိုင်ငံ့စီးပွား ဖြစ်ပေါ်တိုးတက်ပြောင်းလဲမှုနဲ့ အစဉ်ဒွန်တွဲနေတဲ့ ဖြစ်စဉ်ကြီးဖြစ်ပါတယ်။ နိုင်ငံရေးအရ တည်ငြိမ်အေးချမ်းမှုကို ဖော်ဆောင်ပေးနိုင်တာနဲ့အမျှ နိုင်ငံ့စီးပွားရေး တိုးတက်ဖွံ့ဖြိုးမှုကို ဖော်ဆောင်ပေးနိုင်မှာ ဖြစ်ပါတယ်။ ထိုနည်းတူစွာ နိုင်ငံ့စီးပွားရေး ဖွံ့ဖြိုးတိုးတက်ပါမှ နိုင်ငံသား၊ တိုင်းရင်းသားပြည်သူများရဲ့ လူမှုဘဝ ဖွံ့ဖြိုးတိုးတက်ပြီး နိုင်ငံတော်ကြီး တည်ငြိမ်အေးချမ်းမှာ ဖြစ်ပါတယ်။ ဒီမိုကရေစီဖက်ဒရယ်ရဲ့ တန်းတူညီမျှမှုကို တိုင်းရင်းသား



ပြည်သူများ အပြည့်အဝရယူခံစားနိုင်ပါမှ လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်၍ နိုင်ငံတော်ကြီး အေးချမ်းတည်ငြိမ်ကာ လူမှုဒုက္ခပြဿနာများ ရှောင်ရှားနိုင်မှာ ဖြစ်ပါတယ်။

လူမှုဒုက္ခပြဿနာများ ဖယ်ရှားကာ တည်ငြိမ်အေးချမ်းဖွံ့ဖြိုးတဲ့ **အကောင်းဘက်သို့ “အမှန်တကယ်” ပြောင်းလဲဖို့** လွတ်လပ်တရားမျှတသော၊ တန်းတူညီမျှမှုကို အခြေခံသော ဖက်ဒရယ်စီးပွားရေးကို အတူတကွ ဖော်ဆောင်ရွက်ကြပါစို့လို့ တိုက်တွန်းလိုပါတယ်။

တိုင်းရင်းသားပြည်သူများခင်ဗျား

ကျွန်တော်တို့ လိုလားတောင့်တတဲ့ ဖက်ဒရယ်ဒီမိုကရေစီနိုင်ငံကို ချီတက်သွားရာလမ်းမှာ ရွေးကောက်ပွဲဟာ နိုင်ငံ့အရေးကို ပြည်သူ့ကိုယ်စားပြု တာဝန်ယူ တာဝန်ခံကြမယ့် ပုဂ္ဂိုလ်များကို မှတ်ကျောက်တင်တဲ့ပွဲလို့ ဆိုနိုင်ပါတယ်။ ရွှေမှန်ရင် မှတ်ကျောက်တင်ခံဝံ့ရသလို ပြည်သူ့ကိုယ်စားလှယ်မှန်ရင် ကိုယ့်အပြောနဲ့အလုပ် ထပ်တူကျဖို့ တာဝန်ယူ တာဝန်ခံရဲရပါမယ်။

အပြောနဲ့ အလုပ်ထပ်တူကျဖို့ တာဝန်ခံရဲသူကို လူထုက မှန်မှန်ကန်ကန် မဲပေးပါမှ ကိုယ့်ကို ကိုယ်စားပြုမယ့် ကိုယ်စားလှယ်နဲ့ပါတီကို **မှန်မှန်ကန်ကန် ရွေးပေးပါမှ ကျွန်တော်တို့ရောက်လိုတဲ့ ဒီမိုကရေစီဖက်ဒရယ်** ပန်းတိုင်ကို အရောက်လှမ်းနိုင်မှာ ဖြစ်ပါတယ်။

အကောင်းဘက်သို့ “အမှန်တကယ်”ပြောင်းလဲဖို့

မိမိရွေးချယ်မဲပေးလိုသူ ကိုယ်စားလှယ်လောင်းရဲ့ ပါတီအမှတ်တံဆိပ်ဘေးက အကွက်ထဲမှာ တံဆိပ်တုံး တိတိကျကျ ရိုက်ပေးပါလို့ တိုက်တွန်းလိုပါတယ်။

တိုင်းရင်းသားပြည်သူများခင်ဗျား

နောက်ဆုံးအနေနဲ့ ပြောကြားချင်တာကတော့-

ကျွန်တော်တို့အားလုံးဟာ ဒီမြေမှာနေ၊ ဒီရေကိုသောက်၊ ဒီဒေသမှာ ကိုယ့်ဘဝနဲ့ ကိုယ့်တိုင်းပြည်ကို တိုးတက်စည်ပင်အောင် တည်ဆောက်လိုကြတဲ့သူများပီပီ ကိုယ့်**နိုင်ငံအရေးအတွက် ပူးပေါင်းဆောင်ရွက်မှုတစ်ရပ်အဖြစ် မှန်ကန်စွာ ရွေးချယ်မဲပေးခြင်းဖြင့် အမိမြေကျေးဇူးကို ဆပ်ကြပါစို့လို့ တိုက်တွန်းလိုပါတယ်။**

ရှမ်းတိုင်းရင်းသားများဒီမိုကရက်တစ်ပါတီသည်
အကောင်းဘက်သို့ **အမှန်တကယ်ပြောင်းလဲဖို့**
မိမိ**ယုံကြည်ချက်**ကို အရင်းတည်၍
ပြည်ထောင်စု **ဘဝသစ်တည်**ဆောက်ရန်
မြဲမြံသော အဓိဋ္ဌာန်ပြုလျက် **ရှေ့သို့ချီ**တက်မည်ဖြစ်ပါကြောင်း တင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။

ရှမ်းတိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီ(တေးသီချင်း)

ရှမ်းရိုးမက ကျားဖြူသည် ဇာတာဆန်းနှင့်အညီ
နီစိမ်းနီမိတ်ဆောင် ဖြူစင်သည် သမိုင်းကြောင်းသက်သေတည်
အကြောက်တရားကို ပယ်ပါသည် မဖောက်ပြား ဆိုစကား တို့အမျိုးများဆိုသည်
မိုးယံဆီ အိုးစည်မြည် မျိုးဆက်သစ်တို့အားမာန်ချီ
SNDP သွေးညီသည် ခေါင်းဆောင်ကောင်းတို့ဦးဆောင်မည်
အနာဂတ်မှာအောင်လံချီ လူထုအင်အား အစဉ်လေးစားယုံကြည်
အကောင်းဘက်ပြောင်းဖို့ ကျားဖြူသည် ပါတီဖွဲ့ခဲ့သည်
မြစ်ချောင်းတောတောင် လျှိုမြောင်ဆီ ခရီးကြမ်းဖြတ်ကျော်မည်
တန်ဆောင်မုန်းအမီ ဒီမိုကရေစီ
တို့ကျားဖြူအတွက် မျှော်လင့်ချက်ရောင်ခြည်။

တောင်ကိုရီးယားသံတမန်အဖွဲ့ မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်နှင့် တွေ့ဆုံ

ဆိုးလ် စက်တင်ဘာ ၅
တောင်ကိုရီးယားသံတမန်အဖွဲ့တစ်ဖွဲ့သည် မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်နှင့်တွေ့ဆုံခဲ့ပြီး သမ္မတ မွန်းဂျယ်အင်း၏ ပေးစာတစ်စောင်ကို မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်ထံသို့ ပေးအပ်ခဲ့ကြောင်း ယနေ့ သတင်းများအရ သိရသည်။

တောင်ကိုရီးယားသမ္မတရုံးမှ စေလွှတ်သော သံတမန်အဖွဲ့တွင် အမျိုးသားလုံခြုံရေးအဖွဲ့ အကြီးအကဲ ချွန်းယူယောင်နှင့် အမျိုးသားထောက်လှမ်းရေးအဖွဲ့ အကြီးအကဲ ဆုဟွန်းတို့ ပါဝင်ကြောင်း သိရသည်။

အဆိုပါ တောင်ကိုရီးယားသံတမန်အဖွဲ့သည် မြောက်ကိုရီးယားနိုင်ငံ ပြုံယမ်းမြို့သို့ စက်တင်ဘာ ၄ ရက်တွင် ရောက်ရှိခဲ့ကြောင်း သိရသည်။

တောင်ကိုရီးယားသံတမန်အဖွဲ့သည် မြောက်ကိုရီးယား အာဏာရအလုပ်သမားပါတီ ဒုတိယဥက္ကဋ္ဌ ကင်ယောင်ချိုအပါအဝင် အခြားသော တာဝန်ရှိသူများနှင့် တွေ့ဆုံခဲ့ပြီး မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်နှင့် တွေ့ဆုံခဲ့သည်ဟု တောင်ကိုရီးယားသမ္မတရုံးက သတင်းတစ်ရပ် ထုတ်ပြန်သည်။

မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်နှင့် တောင်ကိုရီးယားသံတမန်အဖွဲ့သည် ယခုလအတွင်း တောင်ကိုရီးယားနှင့် မြောက်ကိုရီးယား ထိပ်သီးအစည်းအဝေးပွဲကျင်းပရေး အစီအစဉ်နှင့် နျူကလီးယားကင်းစင်ပပျောက်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်ပြီး အသေးစိတ် ဆွေးနွေးနိုင်ခဲ့ဖွယ်ရှိသည်ဟု ထင်မြင်ရသည်။

စက်တင်ဘာ ၄ ရက်က သမ္မတမွန်းဂျယ်အင်းနှင့် အမေရိကန်သမ္မတဒေါ်နယ်ထရန့်တို့ တယ်လီဖုန်းဖြင့် မြောက်ကိုရီးယားအရေးနှင့်ပတ်သက်ပြီး ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ ကိုရီးယားနှစ်နိုင်ငံ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများမပြုလုပ်မီ ပြုံယမ်းအနေဖြင့် နျူကလီးယားကင်းစင်ပပျောက်ရေးအတွက် ခိုင်မာသည့် လုပ်ဆောင်ချက်များ လုပ်ဆောင်ရန် လိုအပ်သည်ဟု တောင်ကိုရီးယားသံတမန်အဖွဲ့က မြောက်ကိုရီးယားခေါင်းဆောင်အား ပြောကြားခဲ့နိုင်ဖွယ်ရှိသည်။

တောင်ကိုရီးယားသံတမန်အဖွဲ့က စက်တင်ဘာ ၅ ရက် ညပိုင်းတွင် ပြုံယမ်း၌ ညစာစားပွဲတက်ရောက်ပြီးနောက် တောင်ကိုရီးယားနိုင်ငံသို့ ပြန်လည်ထွက်ခွာခဲ့ကြောင်း သိရသည်။

တောင်ကိုရီးယားအစိုးရအဖွဲ့က အမေရိကန် အပါအဝင် အခြားသောနိုင်ငံများသို့ သံတမန်အဖွဲ့များစေလွှတ်ပြီး မြောက်ကိုရီးယားခေါင်းဆောင်နှင့် တောင်ကိုရီးယားသံတမန်အဖွဲ့တို့ ဆွေးနွေးခဲ့သည်များကို အသိပေးပြောကြားရန် စီစဉ်လျက်ရှိကြောင်း သိရသည်။ **အင်န်အိတ်ချ်ကေ။**

ဆီးရီးယားနိုင်ငံ အီဒလစ်ပြည်နယ်၌ အစုအပြုံလိုက် သတ်ဖြတ်မှုဖြစ်နိုင်ဟု တူရကီသမ္မတ သတိပေး

အန်ကာရာ စက်တင်ဘာ ၅
ရုရှားနှင့် ၎င်း၏မဟာမိတ် ဆီးရီးယားသမ္မတ ဘာရှားအယ်လ်အာဆတ် အစိုးရက ဆီးရီးယားနိုင်ငံ အီဒလစ်ပြည်နယ်တွင် လေကြောင်းမှ စီးနင်းတိုက်ခိုက်မှုများကို ၂၂ ရက်ကြာ ရပ်နားထားရာမှ စက်တင်ဘာ ၄ ရက်တွင် တိုက်ခိုက်မှုများ ပြန်လည်ပြုလုပ်ခဲ့သည်။

ဆီးရီးယား သူပုန်များလက်တွင် နောက်ဆုံးကျန်ရှိနေသည့် အီဒလစ်ပြည်နယ်၌ လေကြောင်းမှ ဗုံးကြဲတိုက်ခိုက်ခြင်းနှင့် ဒုံးကျည်များဖြင့် ပစ်ခတ်ခြင်းသည် ယင်းပြည်နယ်၌ အစုလိုက် အပြုံလိုက် လူများအား သတ်ဖြတ်မှုဖြစ်စေလိမ့်မည်ဟု တူရကီသမ္မတ ရီဆက်တေရစ်အာဒိုဂန်၏ မှတ်ချက်ပြုပြောကြားခြင်းကို စက်တင်ဘာ ၅ ရက်ထုတ် သတင်းစာ၌ ဖော်ပြသည်။

အဆိုပါဒေသတွင် ဒုံးကျည်မိုးကြီးရွာချပါက အလွန်စိုးရိမ်ဖွယ်ကောင်းသည့် အစုအပြုံလိုက်သတ်ဖြတ်မှုကြီး ဖြစ်ပေါ်လာနိုင်ကြောင်း ကာဇက်စတန်နိုင်ငံသို့ တရားဝင်ခရီးသွားရောက်ပြီးနောက် အပြန်ခရီးတွင် လေယာဉ်ပေါ်၌ သတင်းထောက်များအား တူရကီသမ္မတက ပြောကြားခဲ့ကြောင်း ဟာရီယတ်နေ့စဉ်သတင်းစာ၌ ဖော်ပြသည်။

ဆီးရီးယားနိုင်ငံ အနောက်တောင်ပိုင်းဒေသရှိ အီဒလစ်ပြည်နယ်အနီးတွင် အဓိကကျသော ချေမှုန်းတိုက်ခိုက်မှုများ ပြုလုပ်ရန်အတွက် ဆီးရီးယားအစိုးရတပ်ဖွဲ့များ ထုထည်ကြီးမားစွာ ရောက်ရှိနေစဉ် တူရကီသမ္မတ၏ မှတ်ချက်ပြုပြောကြားမှု ထွက်ပေါ်လာခြင်းဖြစ်သည်။

အီဒလစ်ပြည်နယ်အား ထိုးစစ်ဆင်တိုက်ခိုက်မှုကြောင့် ဆီးရီးယားပြည်တွင်းစစ်သက်တမ်း ခုနစ်နှစ်အတွင်း တစ်ကြိမ်တစ်ခါမျှ မဖြစ်ပေါ်ဖူးသည့် ပမာဏဖြင့် လူသားချင်းစာနာမှုနှင့် ဆိုင်သည့် ကပ်ဆိုးကြီး ရုတ်တရက် ဖြစ်ပေါ်မည်ကို စိုးရိမ်မှုများ မြင့်တက်လျက်ရှိသည်။

အီဒလစ်ပြည်နယ်အား စိုးမိုးထားသည့် ဂျီဟတ်ဝါဒီစစ်သွေးကြွများအား အမြစ်ပြတ်ရှင်းလင်းပစ်ရန် ဆီးရီးယားအစိုးရနှင့် ၎င်း၏ အဓိကမဟာမိတ်ရုရှားတို့က သန္နိဋ္ဌာန်ချထားကြသည်။ **အေအက်ဖ်ပီ။**

သစ်ရွက်ကြွေဆေး ညစ်ညမ်းမှု တိုက်ဖျက်ရေး ဗီယက်နမ်၌ စီမံကိန်း အကောင်အထည်ဖော်မည်

ဟန္နိုင်း စက်တင်ဘာ ၅
ဂျပန်စက်မှုလုပ်ငန်းကုမ္ပဏီတစ်ခုနှင့် ဗီယက်နမ်ကာကွယ်ရေးဝန်ကြီးဌာနတို့သည် ဗီယက်နမ်စစ်ပွဲကာလအတွင်း အမေရိကန်တပ်ဖွဲ့က အသုံးပြုခဲ့သော အေးဂျင့်အောရင့်ဂျ်(ခေါ်) သစ်ရွက်ကြွေဆေးကြောင့် ညစ်ညမ်းနေသော မြေဆီလွှာကို သန့်စင်ရေးပြုလုပ်မည့် စီမံကိန်းတစ်ခုကို စတင်လုပ်ဆောင်တော့မည်ဖြစ်ကြောင်း ဂျပန်သတင်းဌာနများက စက်တင်ဘာ ၅ ရက်တွင် သတင်းထုတ်ပြန်သည်။

ရှိမိဇုကော်ပိုရေးရှင်းနှင့်ဗီယက်နမ် ကာကွယ်ရေးဝန်ကြီးဌာနတို့သည် ဟန္နိုင်းမြို့၌ စက်တင်ဘာ ၄ ရက်က စီမံကိန်း စတင်ကြောင်းထုတ်ပြန်ကြေညာခဲ့ကြသည်။

သစ်ရွက်ကြွေဆေး ဓာတုညစ်ညမ်းမှု ပြဿနာဖြေရှင်းရေးသည် ဗီယက်နမ်နိုင်ငံအတွက် အရေးကြီးလှသော စီမံကိန်းဖြစ်ကြောင်း ဗီယက်နမ်တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ဗီယက်နမ်နိုင်ငံတောင်ပိုင်း ဘီယင်ဟွာမြို့ရှိ လေဆိပ်တစ်ခုတွင် နိုဝင်ဘာလမှစ၍ စီမံကိန်းစတင်မည်ဖြစ်သည်။ မြေဆီလွှာတန်ချိန် ၈၅၀၀၀၀ ခန့်မှာ ဓာတုပစ္စည်းညစ်ညမ်းမှုရှိနေသည်ဟု ယူဆရကြောင်း၊ ရှိမိဇုကုမ္ပဏီက မြေဆီလွှာသန့်ရှင်းရေး နည်းပညာကိုအသုံးပြု၍ သန့်ရှင်းရေး ပြုလုပ်မည်ဖြစ်ကြောင်း တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

မြေဆီလွှာကို မီးရှို့ပစ်သော သမားရိုးကျနည်းထက် သဘာဝပတ်ဝန်းကျင်နှင့် သဟဇာတဖြစ်စေပြီး ကုန်ကျစရိတ်လည်း ပိုသက်သာသော နည်းလမ်းကို အသုံးပြုမည်ဖြစ်သည်။

အမေရိကန်တပ်ဖွဲ့က ဗီယက်နမ်စစ်ပွဲကာလအတွင်း ၁၉၆၁ ခုနှစ်တွင် စတင်အသုံးပြုခဲ့သော သစ်ရွက်ကြွေဆေးကြောင့် လူပေါင်းသုံးသန်းကျော်သည် ကျန်းမာရေးအရ ဆိုးကျိုးသက်ရောက်မှုကို ခံစားနေကြရဆဲဖြစ်ကြောင်း သတင်းတွင် ဖော်ပြသည်။ **အင်န်အိတ်ချ်ကေ။**

အီရတ်တောင်ပိုင်း ရေနံမြေတည်ရာ ဘာဆရာပြည်နယ်၌ ဆန္ဒပြပွဲများအတွင်း အဓိကရုဏ်းများ ဖြစ်ပွား

ဘဂ္ဂဒက် စက်တင်ဘာ ၅
အီရတ်နိုင်ငံတောင်ပိုင်း ရေနံမြေတည်ရှိရာ ဘာဆရာပြည်နယ်၌ ဆန္ဒပြပွဲများ ဖြစ်ပွားစဉ်အတွင်း အစိုးရရုံးတစ်ရုံးကို မီးရှို့ဖျက်ဆီးခဲ့ကြကြောင်း၊ စက်တင်ဘာ ၄ ရက်က ပြည်နယ်အစိုးရအဖွဲ့ရုံး အဆောက်အအုံအနီး အကြမ်းဖက်ဆူပူမှုများ ဖြစ်ပွားခဲ့ရာတွင် လူခြောက်ဦးထက်မနည်း သေဆုံးခဲ့ရပြီး ၁၂ ဦး ဒဏ်ရာရရှိခဲ့ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက စက်တင်ဘာ ၅ ရက်တွင် သတင်းထုတ်ပြန်သည်။

အစိုးရရုံးတစ်ရုံးကို ဆန္ဒပြသူများက မီးရှို့ခဲ့ရာတွင် လုံခြုံရေးတပ်ဖွဲ့များနှင့် အဓိကရုဏ်းများ ဖြစ်ပွားခဲ့သည်။ အဓိကရုဏ်းများကြောင့် ထိခိုက်ဒဏ်ရာရသူများတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များလည်း ပါဝင်သည်။

ယခုအချိန်အထိ အခြေအနေမှာ တင်းမာနေဆဲဖြစ်ကြောင်း၊ လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ဆန္ဒပြသူများကို လူစုခွဲနိုင်ရေးအတွက် ကျည်ဆန်အစစ်နှင့် မျက်ရည်ယိုဗုံးတို့ကို အသုံးပြု လုပ်ဆောင်ခဲ့ကြောင်း ဆန္ဒပြသူတစ်ဦးက ပြောကြားသည်။

အဓိကရုဏ်းများ ဆက်လက်ဖြစ်ပေါ်နေချိန်တွင် ဝန်ကြီးချုပ် ဟိုင်ဒါအယ်လ်-အဘာဒီက ဝန်ကြီးအဖွဲ့ အရေးပေါ် အစည်းအဝေးတစ်ရပ်ကို ခေါ်ယူခဲ့ပြီး ဆန္ဒပြမှုများနှင့် ပတ်သက်၍ ချက်ချင်းစုံစမ်းစစ်ဆေးရန် ပြည်ထဲရေးဝန်ကြီးဌာနကို ညွှန်ကြားခဲ့သည်။

အီရတ်နိုင်ငံတောင်ပိုင်း၌ အစိုးရ၏ ပြည်သူ့ရေးရာ ဝန်ဆောင်မှုလုပ်ငန်းများ ညံ့ဖျင်းနေသည်ဟုဆိုကာ ပြည်သူများ ဆန္ဒပြမှုများ ပြုလုပ်လာခဲ့ကြသည်မှာ လပေါင်းအတန်ကြာ ကြာမြင့်ခဲ့ပြီဖြစ်သည်။

ဆန္ဒပြသူများအပေါ် အင်အားသုံး၍ ဖြိုခွင်းခြင်းမပြုရန် အီရတ်ဆိုင်ရာ ကုလသမဂ္ဂအထူးကိုယ်စားလှယ်က ကြေညာချက်တစ်ရပ် ထုတ်ပြန်၍ အစိုးရအဖွဲ့အား တိုက်တွန်းခဲ့သည်။

ဘာဆရာပြည်နယ်ရှိ နာဟာဘင်အိုမာ ရေနံမြေသို့ ဦးတည်သော လမ်းပေါ်တွင် ပိတ်ဆို့ကာ လူပေါင်း ၂၀၀ ခန့်က စက်တင်ဘာ ၁ ရက်တွင် ဆန္ဒပြခဲ့ကြသည်။

ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ ညံ့ဖျင်းမှု၊ အလုပ်အကိုင်မဲ့ဖြစ်ရမှု၊ အစိုးရတာဝန်ရှိသူများ အဂတိလိုက်စားမှုတို့ကို ဆန္ဒပြသူများက ကန့်ကွက်ခဲ့ကြသည်။ **အေအက်ဖ်ပီ။**

အမေရိကန်အိုးပင်းတင်းနစ်ပြိုင်ပွဲ လက်ရှိချန်ပီယံ ရာဖေးလ်နာဒယ် ဆီမီးဖိုင်နယ်တက်

အမေရိကန်အိုးပင်းတင်းနစ်ပြိုင်ပွဲ၏ အမျိုးသားတစ်ဦးချင်း ကွာတားဖိုင်နယ်အဆင့်တွင် စပိန်တင်းနစ်အကျော်အမော် ရာဖေးလ်နာဒယ်နှင့် ဩစတြေးလျတင်းနစ်ကစားသမား ဒိုမီနစ်သီယမ်တို့ ယှဉ်ပြိုင်ကစားခဲ့ရာ ရာဖေးလ်နာဒယ်က အနိုင်ရရှိပြီး ဆီမီးဖိုင်နယ်အဆင့်သို့ တက်လှမ်းနိုင်ခဲ့သည်။

အမေရိကန်နိုင်ငံ နယူးယောက်မြို့တွင် ကျင်းပနေသည့် အမေရိကန်အိုးပင်းတင်းနစ်ပြိုင်ပွဲတွင် ကမ္ဘာ့နံပါတ်တစ်တင်းနစ်ကစား သမား ရာဖေးလ်နာဒယ်သည် ဒိုမီနစ်သီယမ်ကို ပထမပွဲငယ်တွင် ရှုံးနိမ့်ခဲ့သော်လည်း နောက်ပိုင်းကစားခဲ့သည့် ပွဲငယ်များတွင် ရလဒ်ကောင်းခဲ့ပြီး ရာဖေးလ်နာဒယ်က ၀-၆၊ ၆-၄၊ ၇-၅၊ ၆-၇(၄-၇)၊ ၇-၆ ဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

အသက် ၃၂ နှစ်အရွယ်ရှိ ရာဖေးလ်နာဒယ်သည် ဂရန်းဆလမ်းတင်းနစ်ဖလား ၁၇ ကြိမ်အထိ ရယူနိုင်ခဲ့သူဖြစ်ပြီး အမေရိကန်အိုးပင်းတင်းနစ်ပြိုင်ပွဲ၏ ဆီမီးဖိုင်နယ်အဆင့်တွင် အာဂျင်တီးနားတင်းနစ်ကစားသမား မာတင်ဒယ်ပေါ်ထရိုနှင့် စက်တင်ဘာ ၇ ရက်တွင် ယှဉ်ပြိုင်ကစားရမည်ဖြစ်ကြောင်း သိရသည်။

ငွေကြယ် - ရေးသားသည်

အမေရိကန်တင်းနစ်မယ် ဆရီနာဝီလျံ အမေရိကန်အိုးပင်းတင်းနစ်ပြိုင်ပွဲတွင် ဆီမီးဖိုင်နယ်တက်လှမ်း

အမေရိကန်တင်းနစ်မယ် ဆရီနာဝီလျံသည် အမေရိကန်အိုးပင်းတင်းနစ်ပြိုင်ပွဲ၏ အမျိုးသမီးတစ်ဦးချင်း ကွာတားဖိုင်နယ်အဆင့်တွင် ပီလစ်စကိုဗာအား အနိုင်ရရှိကာ ဆီမီးဖိုင်နယ်အဆင့်သို့ တက်လှမ်းသွားခဲ့ပြီဖြစ်သည်။

ဆရီနာဝီလျံသည် ချက်တင်းနစ်မယ် ပီလစ်စကိုဗာအား ၆-၄၊ ၆-၃ ဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။ အသက် ၃၆ နှစ်အရွယ်ရှိပြီဖြစ်သည့် ဆရီနာဝီလျံသည် ပြီးခဲ့သည့် စက်တင်ဘာလက သမီးဖြစ်သူ အိုလံပီယာကို မွေးဖွားခဲ့ပြီးနောက်ပိုင်း သူမ၏ ပထမဆုံးသော ဂရန်းဆလမ်းဆုဖလားကို ရရှိရန် ဆန္ဒပြင်းပြနေသူဖြစ်သည်။

ဆရီနာဝီလျံအနေဖြင့် ယခုအမေရိကန်အိုးပင်းတင်းနစ်ပြိုင်ပွဲတွင် အမျိုးသမီးတစ်ဦးချင်း ဆုဖလားကို ရရှိခဲ့မည်ဆိုပါက တင်းနစ်မယ်ဘဝတွင် ၂၄ ကြိမ်မြောက်ဆုဖလားကို ကိုင်မြှောက်အောင်ပွဲခံနိုင်မည်ဖြစ်သည့်အပြင် ဩစတြေးလျတင်းနစ်မယ် မာဂရက်ကော့၏ တင်းနစ်ဆုဖလားရရှိမှုစံချိန်ကို လိုက်မီသွားမည်လည်းဖြစ်သည်။

ဆရီနာဝီလျံသည် ပရော်ဖက်ရှင်နယ်တင်းနစ်မယ်ဘဝကို ၁၉၉၈ တွင် စတင်ခဲ့ပြီး တင်းနစ်လောက၏ အဓိကပြိုင်ပွဲကြီးလေးခုဖြစ်သည့် ဩစတြေးလျအိုးပင်းတင်းနစ်ပြိုင်ပွဲတွင် ခုနစ်ကြိမ်၊ ပြင်သစ်အိုးပင်းတင်းနစ်ပြိုင်ပွဲတွင် သုံးကြိမ်၊ ဝင်ဘယ်ဒန်တင်းနစ်ပြိုင်ပွဲတွင် ခုနစ်ကြိမ်နှင့် အမေရိကန်အိုးပင်းတင်းနစ်ပြိုင်ပွဲတွင် ခြောက်ကြိမ် စသည်ဖြင့် ပြိုင်ပွဲကြီးလေးခုမှ တင်းနစ်ဖလား ၂၃ လုံးအထိ ရယူဆွတ်ခူးထားနိုင်ခဲ့သူဖြစ်သည်။

မန်ယူကွင်းလယ်ကစားသမား ပေါ့ဘာအား ဘာစီလိုနာသို့ ပြောင်းလာရန် ဆွာရတ်ဇ်ပြောကြား

ဘာစီလိုနာတိုက်စစ်မှူး ဆွာရတ်ဇ်သည် လက်ရှိအပြောင်းအရွှေ့ကာလပိတ်သိမ်းသွားပြီဖြစ်သော်လည်း မန်ယူကွင်းလယ်ကစားသမားပေါ့ဘာအား မန်ယူအသင်းမှ ထွက်ခွာကာ ဘာစီလိုနာအသင်းသို့ ပြောင်းရွှေ့လာရန် ပြောကြားခဲ့ကြောင်း သိရသည်။

ပေါ့ဘာအား ဘာစီလိုနာအသင်းသို့ ပြောင်းရွှေ့လာရန် တစ်ချိန်က ဂျာရတ်ပီကေးက ပြောကြားခဲ့ဖူးပြီး ဆွာရတ်ဇ်က ယခုတစ်ကြိမ်ထပ်မံပြောကြားလာခဲ့ခြင်းဖြစ်သည်။ ကွင်းလယ်ကစားသမားပေါ့ဘာသည် နွေရာသီအပြောင်းအရွှေ့ကာလအတွင်းက နည်းပြမော်ရင်ဟိုနဲ့ အဆင်မပြေဖြစ်ခဲ့ပြီးနောက် လက်ရှိအချိန်တွင်လည်း မန်ယူအသင်းတွင် အထိုင်မကျဖြစ်နေသူဖြစ်သည်။

ဘာစီလိုနာအသင်းသည် ပေါ့ဘာအား ခေါ်ယူလိုသဖြင့် ၂၀၁၅ ခုနှစ်က စံချိန်တင်ပြောင်းရွှေ့ကြေးဖြင့် ကမ်းလှမ်းခဲ့သော်လည်း ဂျူဗင်တပ်အသင်းက ရောင်းချရန် ငြင်းဆိုခဲ့ကြောင်းသိရသည်။

ဘာစီလိုနာအသင်းက အက်သလက်တီကိုမက်ဒရစ်အသင်း တိုက်စစ်မှူး ဂရစ်ဇ်မန်းအား ပစ်မှတ်ထားခဲ့သော်လည်း ကစားသမားကိုယ်တိုင်က ပြောင်းရွှေ့ရန် ဆန္ဒမရှိခဲ့ကြောင်း ဆိုခဲ့သည်။ ထို့ကြောင့် ဘာစီလိုနာအသင်းအနေဖြင့် လက်ရှိတွင် ပေါ့ဘာအား ယခုတစ်ကြိမ် ထပ်မံပစ်မှတ်ထားလာခဲ့ခြင်းဖြစ်သည်။

ရှက်ဗ်ချန်ကိုအား ယခုအချိန်ဝယ်ယူမည်ဆိုပါက ပရီမီယာလိဂ်သမိုင်းမှာ ဈေးအကြီးဆုံးကစားသမား ဖြစ်လာမည်

ယခင်ငွေကြေးတန်ဖိုးနှင့် ယခုငွေကြေးတန်ဖိုးတို့ကို တွက်ဆကြည့်မယ်ဆိုရင် တန်ဖိုးအားဖြင့် ကွာဟမှုများရှိနေပြီး လက်ရှိအချိန်တွင် ရှက်ဗ်ချန်ကိုအား ခေါ်ယူခဲ့မည်ဆိုပါက ပရီမီယာလိဂ်သမိုင်းတွင် ဈေးအကြီးဆုံးကစားသမားတစ်ဦးဖြစ်လာလိမ့်မည်ဖြစ်ကြောင်း သိရသည်။ ယူကရိန်းတိုက်စစ်မှူး ရှက်ဗ်ချန်ကိုသည် ၂၀၀၆ ခုနှစ်က အေစီမီလန်အသင်းမှ ချယ်လ်ဆီးအသင်းသို့ ပြောင်းရွှေ့ကြေးပေါင် ၂၉ ဒသမ ၄ သန်းဖြင့် ပြောင်းရွှေ့လာခဲ့ခြင်းဖြစ်ပြီး ယင်းအချိန်က အဆိုပါငွေကြေးကို လက်ရှိတန်ဖိုးငွေကြေးဖြင့် တွက်ဆကြည့်မည်ဆိုပါက ပေါင် ၁၄၄ ဒသမ ၄ သန်းရှိကြောင်းလည်းသိရသည်။

အလန်ရှီးယားသည်လည်း ၁၉၉၆ ခုနှစ်က ဘလက်ဘန်းရိုးဗားအသင်းမှ နယူးကာဆယ်အသင်းသို့ ပြောင်းရွှေ့ကြေးပေါင် ၁၅ သန်းဖြင့် ပြောင်းရွှေ့လာခဲ့သူဖြစ်ပြီး ယနေ့ဈေးကွက်အနေအထားဖြင့်ဆိုပါက ပေါင် ၁၂၅ ဒသမ ၁ သန်းနီးပါးဖြစ်ကြောင်းသိရသည်။

ဒ့ါအပြင် နောက်တန်းကစားသမားဖာဒီနန်သည်လည်း ၂၀၀၂ ခုနှစ်က လိဒ်ယူနိုက်တက်အသင်းမှ မန်ယူအသင်းသို့ ပြောင်းရွှေ့ကြေးပေါင် ၂၉ သန်းဖြင့် ပြောင်းရွှေ့လာခဲ့ပြီး ယနေ့အပြောင်းအရွှေ့ဈေးကွက်အရဆိုရင် ပေါင် ၁၂၁ ဒသမ ၇ သန်းကုန်ကျမည်ဖြစ်သည်။

လက်ရှိအချိန်တွင် ပရီမီယာလိဂ်အပါအဝင် ဥရောပဈေးကွက်၏ ကစားသမားခေါ်ယူမှုဆိုင်ရာ တန်ဖိုးမြင့်မားနေခြင်းမှာ ရုပ်သံလွှင့်ခနှင့် စီးပွားရေးဆိုင်ရာအခွင့်အလမ်းများအပါအဝင် အပြောင်းအရွှေ့ဈေးကွက်တွင်လည်း ငွေကြေးဖောင်းပွမှုများ ရှိလာခဲ့ခြင်းကြောင့်ဖြစ်သည်။ ရှက်ဗ်ချန်ကို၊ အလန်ရှီးယားနှင့် ဖာဒီနန်တို့သည် ယခင်ဈေးကွက်နှင့် ယခုဈေးကွက်နှိုင်းယှဉ်ချက်အရ ဈေးအကြီးဆုံးကစားသမားသုံးဦးဖြစ်ပြီး လွန်ခဲ့သည့်နှစ်နှစ်နှင့် ယခုအချိန်မှာပင် ကွာဟမှုများရှိလာခဲ့သည်။

ကွင်းလယ်ကစားသမား ပေါ့ဘာသည် ၂၀၁၆ ခုနှစ်က ဂျူဗင်တပ်အသင်း မှ မန်ယူအသင်းသို့ ပေါင် ၈၆ သန်းဖြင့် ပြောင်းရွှေ့ခဲ့ကာ ယနေ့ဈေးကွက်အနေအထားအရ ပေါင် ၁၁၇ ဒသမ ၇ သန်းအထိ တန်ဖိုးရှိကြောင်း၊ တခြားသောကစားသမားများ၏ တန်ဖိုးကို တွက်ကြည့်မည်ဆိုပါက ဆီဘတ်စတီယန်ဗီရွန်၊ ဒီဒီယာဒရော့ဘာ၊ ဖာနန်ဒိုတောရက်စ်နှင့် မိုက်ကယ်အက်ဆီယံတို့သည် ယနေ့ပေါက်ဈေးအရ ပေါင် ၁၁၅ သန်းနီးပါးတန်ဖိုးရှိကြောင်း၊ မန်ယူအသင်းခေါင်းဆောင်ရွိုင်ကိန်း၏ တန်ဖိုးသည် ယနေ့ဈေးကွက်အနေအထားအရ ပေါင် ၁၁၁ ဒသမ ၂ သန်းနှင့် မန်ယူအသင်း၏စံချိန်တင်ဂိုးသွင်းရှင်ဖြစ်ခဲ့သည့် တိုက်စစ်မှူး ရွန်းနီသည် ပေါင် ၁၀၃ ဒသမ ၆ သန်းတန်ဖိုးရှိကြောင်း၊ မန်ယူအသင်းသည် အန်ဒရီကိုးလ်အား ၁၉၉၅ ခုနှစ်က ပေါင် ၆ ဒသမ ၄ သန်းဖြင့် ခေါ်ယူခဲ့ပြီး ယနေ့ဈေးကွက်အခြေအနေအရ ပေါင် ၉၁ ဒသမ ၂ သန်းတန်ဖိုးရှိကြောင်း သိရသည်။

ထို့ပြင် မန်စီးတီးအသင်း၏ ထိပ်တန်းဂိုးသွင်းရှင်ဖြစ်သည့် တိုက်စစ်မှူး အဂူရိုသည် ၂၀၁၁ ခုနှစ်က ပေါင် ၃၅ သန်းပေးခဲ့ရပြီး ယနေ့ပေါက်ဈေးအရ ပေါင် ၉၉ ဒသမ ၁ သန်းတန်ဖိုးရှိကြောင်း သိရသည်။

အကောက်ခွန်ဦးစီးဌာနမှ အရာထမ်း၊ အမှုထမ်း ၁၃ ဦးအပေါ် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်မှ တရားစွဲအရေးယူ

နေပြည်တော် စက်တင်ဘာ ၅
Delivery Van များအား ရန်ကုန်ဆိပ်ကမ်းမှတစ်ဆင့် တင်သွင်းရာတွင် ကြီး/ကော်မူဝါဒနှင့် ကိုက်ညီမှုမရှိသော ယာဉ်များအား ဆိပ်ကမ်းပြင်ပသို့ ထုတ်ယူခွင့်ရရှိရန်အတွက် Custom Agent မှတစ်ဆင့် ငွေပေးဆောင်ရခြင်း၊ လုံးဝမပြုပြင်ထားသောကားများ ထုတ်ယူရန်အတွက် ငွေပေးဆောင်ရခြင်း၊ သွင်းကုန်လုပ်ငန်းရှင်များအနေဖြင့် ဆိပ်ကမ်းမှပစ္စည်းများ ထုတ်ယူရာတွင် Custom Agent မှတစ်ဆင့် ငွေကြေးပေး၍ ထုတ်ယူနေရသည့် အစဉ်အလာဖြစ်နေခြင်းတို့အား စုံစမ်းဖော်ထုတ်ပေးပါရန် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားခဲ့သဖြင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်က စုံစမ်းစစ်ဆေးရေးအဖွဲ့ ဖွဲ့စည်းစစ်ဆေးခဲ့သည်။

စုံစမ်းစစ်ဆေးရေးအဖွဲ့၏ စစ်ဆေးပေါ်ပေါက်ချက်များအရ အကောက်ခွန်ဦးစီးဌာနမှ အရာထမ်း၊ အမှုထမ်း ၁၃ ဦးအပေါ် ရန်ကုန်တိုင်းဒေသကြီး ကျောက်တန်းမြို့နယ် သီလဝါနယ်မြေမြို့မရဲစခန်း၌ ဩဂုတ် ၂၄ ရက်တွင် ပထမသတင်းပေးတိုင်ကြားချက်ဖွင့်လှစ်၍ တရားစွဲဆို အရေးယူနိုင်ရေး ဆောင်ရွက်ခဲ့သည်။

အဆိုပါ အကောက်ခွန်ဦးစီးဌာနမှ အရာထမ်း၊ အမှုထမ်း ၁၀ ဦးအပေါ် ၂၀၁၃ ခုနှစ်၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၆ အရလည်းကောင်း၊ အရာထမ်းသုံးဦးအပေါ် ၂၀၁၃ ခုနှစ်၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၅၆/၆၃ အရလည်းကောင်း ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်၌ စက်တင်ဘာ ၅ ရက်တွင် တရားစွဲတင်ပို့ခဲ့ကြောင်း အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်မှ သတင်းရရှိသည်။

သတင်းစဉ်

ကမ္ဘာ့ရှေးဦးပြုစုခြင်းနေ့
၂၀၁၈ခုနှစ်၊ စက်တင်ဘာလ (၈) ရက်
World First Aid Day
8th, September, 2018
"First Response to Road Crashes"
" လမ်းပေါ်မတော်တဆဖြစ်မှုများ၊ ရှေးဦးပြုစုခြင်းဖြင့် ချက်ချင်းတုန့်ပြန်ဆောင်ရွက်ပေး"
မြန်မာနိုင်ငံ ကြက်ခြေနီအသင်း

ကမ္ဘာ့ရှေးဦးပြုစုခြင်းနေ့ အထိမ်းအမှတ်အခမ်းအနား ကျင်းပမည်

နေပြည်တော် စက်တင်ဘာ ၅
မြန်မာနိုင်ငံကြက်ခြေနီအသင်းက စက်တင်ဘာ ၈ ရက်တွင် ကျရောက်မည့် ကမ္ဘာ့ရှေးဦးပြုစုခြင်းနေ့ အထိမ်းအမှတ်အခမ်းအနားကို အဆိုပါနေ့ နံနက် ၉ နာရီတွင် နေပြည်တော် ဒက္ခိဏသီရိမြို့နယ် ရာဇသင်္ဂဟလမ်းမကြီးပေါ်ရှိ မြန်မာနိုင်ငံကြက်ခြေနီအသင်းဌာနချုပ် စုဝေးခန်းမ၌ ကျင်းပမည်ဖြစ်သည်။

ယခုနှစ် ကမ္ဘာ့ရှေးဦးပြုစုခြင်းနေ့ ဆောင်ပုဒ်မှာ "First Response to Road Crashes" "လမ်းပေါ်မတော်တဆဖြစ်မှုများ၊ ရှေးဦးပြုစုခြင်းဖြင့် ချက်ချင်းတုံ့ပြန်ဆောင်ရွက်ပေး" ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

ဖားကန့်မြို့နယ်၌ ငါးမန်းဂိမ်းလောင်းကစားပြုလုပ်သူများအား အရေးယူ

ဖားကန့် စက်တင်ဘာ ၅
ကချင်ပြည်နယ် ဖားကန့်မြို့နယ် ဆိပ်မူကျေးရွာ ၄ ရပ်ကွက်နေ ဦးထိန်လင်း၏နေအိမ်၌ ငါးမန်းဂိမ်းလောင်းကစား ပြုလုပ်နေကြောင်း သတင်းအရ စက်တင်ဘာ ၃ ရက် ည ၈ နာရီခွဲက မိုးညှင်းခရိုင်ရဲတပ်ဖွဲ့မှတပ်ဖွဲ့ဝင်များပါဝင်သည့် ပူးပေါင်းအဖွဲ့က သက်သေများနှင့်အတူ သွားရောက်ဖမ်းဆီးရာ လောင်းကစားဒိုင် ဦးထိန်လင်းပါ ခြောက်ဦးနှင့် လာရောက်လောင်းကစားသူ ၂၄ ဦးတို့အား ငါးမန်းဂိမ်းစက်နှစ်ခုံ၊ လောင်းကစားရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများ၊ လောင်းကြေးငွေကျပ် ၃၁၆၈၀၀၀၊ ဆိုင်ကယ် ကိုးစီးတို့နှင့်အတူ ဖမ်းဆီးရမိခဲ့သဖြင့် ဦးထိန်လင်းပါ လူဦးရေ ၃၀ တို့အား ဖားကန့်မြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

အလားတူ ယင်းနေ့ ည ၈ နာရီ မိနစ် ၅၀ က ဆိပ်မူကျေးရွာ ၄ ရပ်ကွက်နေ စန်းမောင် (ခ)ရှည်ကြီး၏နေအိမ်၌ ငါးမန်းဂိမ်းလောင်းကစား ပြုလုပ်နေကြောင်း သတင်းအရ ကချင်ပြည်နယ် ရဲတပ်ဖွဲ့မှူးရုံးမှ တပ်ဖွဲ့ဝင်များပါဝင်သည့် ပူးပေါင်းအဖွဲ့က သက်သေများနှင့်အတူ ဝင်ရောက်ရှာဖွေရာ ၎င်းအား မတွေ့ဘဲ လောင်းကစားဒိုင်/စာရင်းကိုင် မဝင်းလဲ့လဲ့ရွှေ(ခ) ညွှန်းညွှန်းအား ငါးမန်းဂိမ်းစက်လေးခုံ၊ လောင်းကစားရာတွင် အသုံးပြုသည့်ဆက်စပ်ပစ္စည်းများ၊ လောင်းကြေးငွေကျပ် ၁၀၇၁၀၀၀ တို့နှင့်အတူ ဖမ်းဆီးရမိခဲ့သဖြင့် မဝင်းလဲ့လဲ့ရွှေ(ခ)ညွှန်းညွှန်းအား ဖားကန့်မြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

ကိုရဲ

သုံးခွမြို့ အမှိုက်ပုံအဟောင်း၌ ကလေးအလောင်းတစ်လောင်း စွန့်ပစ်ထား

ရန်ကုန် စက်တင်ဘာ ၅
ရန်ကုန်တောင်ပိုင်းခရိုင် သုံးခွမြို့ အမှတ် ၉ ရပ်ကွက် ဗန္ဓုလလမ်း ဥက္ကံသုသာန်အနီး အမှိုက်ပုံအဟောင်း၌ ကြွပ်ကြွပ်အိတ်အနက်ရောင်ဖြင့် ထည့်ထားပြီး လသားအရွယ် ကလေးအလောင်းတစ်လောင်း လာရောက်စွန့်ပစ်ထားကြောင်း စက်တင်ဘာ ၅ ရက် ညနေ ၃ နာရီခန့်က သိရသည်။

သတင်းအရ သုံးခွမြို့မရဲစခန်းက တပ်ဖွဲ့ဝင်များ သွားရောက်စစ်ဆေးရာ ကြွပ်ကြွပ်အိတ်အနက်ရောင်ဖြင့် ထည့်လျက် အောက်ပိုင်းမပါ (ကျား/မ ခွဲခြားမရ) ကိုယ်ဝန် လေး၊ ငါးလခန့်အရွယ်ရှိ ကလေးအလောင်းတစ်လောင်းအား တွေ့ရ၍ သုံးခွမြို့နယ်ပြည်သူ့ဆေးရုံသို့ ပေးပို့ခဲ့ပြီး သုံးခွမြို့မရဲစခန်းက စွန့်ပစ်သူအား စုံစမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ကြည်စိုးလွင်(သုံးခွ)

ရေပူနှင့်မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းများတွင် တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေး ဆောင်ရွက်လျက်ရှိ

နေပြည်တော် စက်တင်ဘာ ၅
တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့်မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး စက်တင်ဘာ ၄ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၇၅၈ စီး၊ သွင်းကုန် ၆၅၈ စီး၊ ရန်ကုန်-မြဝတီ လမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၅၃ စီး၊ သွင်းကုန် အစီး ၂၀၀ ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ စက်တင်ဘာ ၄ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု ခြောက်မှု(ခန့်မှန်းတန်ဖိုးငွေကျပ် ၅၆ ဒသမ ၃၂၉ သန်းခန့်)၊ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှုသုံးမှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၂ ဒသမ ၈၀၂ သန်းခန့်) စုစုပေါင်း တားဆီးမှုကိုးမှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၉ ဒသမ ၁၃၁ သန်းခန့်)ကို သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် စက်တင်ဘာ ၄ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က TOYOTA HIACE ယာဉ်တစ်စီး၊ FOTON ယာဉ်တစ်စီးနှင့် NISSAN UD ယာဉ်တစ်စီးတို့ကို ရှောင်တခင်စစ်ဆေးခဲ့ရာ ယာဉ်ပေါ်တွင် တရားမဝင်သယ်ဆောင်လာသည့် ပိတောက်ခွဲသား ၃ ဒသမ ၆၀၉၈ တန်နှင့် အဆိုပါပစ္စည်းများ သယ်ဆောင်သည့် ယာဉ် သုံးစီး (စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၅၆ ဒသမ ၃၂၉ သန်းခန့်)ကို စစ်ဆေးတွေ့ရှိ၍ သိမ်းဆည်းခဲ့ကြောင်း သိရသည်။

သတင်းစဉ်

မူးယစ်ဆေးဝါးများနှင့် ထိန်းချုပ်ဓာတုပစ္စည်းများ သိမ်းဆည်းရမိ

နေပြည်တော် စက်တင်ဘာ ၅

ကော့သောင်းမြို့

ကော့သောင်းမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် စက်တင်ဘာ ၃ ရက် နံနက် ၇ နာရီခွဲက ကော့သောင်းမြို့ ရွှေပြည်သာရပ်ကွက် မြရည်ပုလဲလမ်းသွယ်ရှိ ဝင်းကိုဦး၏နေအိမ်ကို ရှာဖွေရာ ၎င်းနှင့်အတူ မင်းဆုပိုင်(ခ)ပိုင်ပိုင်နှင့် အောင်ထွေးတို့အားတွေ့ရှိရပြီး စိတ်ကြွရူးသွပ်ဆေးပြား ၁၇၆၁ ပြားနှင့် လက်ကိုင်ဖုန်း ငါးလုံး၊ မော်တော်ဆိုင်ကယ်နှစ်စီးတို့ကိုလည်းကောင်း။

မိုင်းရယ်မြို့

အလားတူ စက်တင်ဘာ ၄ ရက် မွန်းလွဲ ၁ နာရီခွဲက မူးယစ်တပ်ဖွဲ့စု ၂၃ တန့်ယန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မိုင်းရယ်မြို့နယ် နားလီကျေးရွာတွင် လှမြင့်မောင်းနှင်၍ ကျော်ဦးနှင့်လင်းအောင်တို့ လိုက်ပါလာသည့် HYUNDAI ၂၂ ဘီးယာဉ်နှင့် ဇော်ဇော် မောင်းနှင်၍ ကျော်မင်းထွန်း လိုက်ပါလာသည့် SINOTERUK ၂၂ ဘီးယာဉ်တို့ကို ရှာဖွေရာ ဟိုက်ဒရိုကလိုရစ်အက်စစ် လီတာ ၁၈၀ စီ ပါရှိသည့် ပီပါ ၁၈ လုံး (စုစုပေါင်း ဟိုက်ဒရိုကလိုရစ် အက်စစ် လီတာ ၃၂၄၀)၊ အီသိုင်းအီသာ လီတာ ၁၈၀ စီ ပါရှိသည့် ပီပါ ၈၈ လုံး (စုစုပေါင်း အီသိုင်းအီသာ လီတာ ၁၅၈၄၀)၊ ကဖင်း ကိုးကီလိုစီ ပါရှိသည့် ၂၅ အိတ် (စုစုပေါင်း ကဖင်း ၂၂၅ ကီလို)၊ ဘွိုင်လာအိုး ငါးလုံး၊ ပြွန်ပိုက်လေးလုံး၊ မော်တာလေးလုံးနှင့် လက်ကိုင်ဖုန်းငါးလုံးတို့အား သိမ်းဆည်းရမိခဲ့သည်။ ဆက်လက်၍ ပူးပေါင်းအဖွဲ့သည် အဆိုပါယာဉ်နှစ်စီးအား လမ်းရှင်းလိုက်ပေးသည့် အိုက်ခေး(ခ)ကွမ်းခေး မောင်းနှင်လာသည့် PAJERO မော်တော်ယာဉ်ပေါ်မှ ငွေကျပ်သိန်း ၃၀ ကို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။

ထိန်းချုပ်ဓာတုပစ္စည်းများ။

သတင်းစဉ်

ကျိုင်းတုံမြို့၌ ဝါးရုံတောအတွင်း မူးယစ်ဆေးဝါးသုံးစွဲနေသူများအား ဖမ်းဆီးအရေးယူ

ကျိုင်းတုံ စက်တင်ဘာ ၅
ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့နယ် ရဲတပ်ဖွဲ့ဝင်များသည် ယန်ခမ်း(လ) ကျေးရွာအောက်အနီး ဝါးရုံတောထဲတွင် မူးယစ်ဆေးဝါးသုံးစွဲသူနှင့် ရောင်းချသူများရှိကြောင်း မူးယစ်ဆေးဝါးသတင်းအရ သက်သေများနှင့်အတူ ဝင်ရောက်ရှာဖွေရာ သိန်းဝင်းအား တွေ့ရပြီး ၎င်းဘေးနားတွင် စိတ်ကြွရူးသွပ်ဆေးပြား ၁၈၀၊ သန့်ဇင်ထွန်းအား ဘိန်းဖြူလေးဂရမ်ခန့်နှင့်အတူ တွေ့ရပြီး အဆိုပါ မူးယစ်ဆေးဝါးများကို ဆူးဖူးမားရပ် ရပ်ကွက် ၅ နေ အိုက်ဖန်တုန်(ခ) မြင့်ထွန်းဦးထံမှ ဝယ်ယူခဲ့ခြင်းဖြစ်ကြောင်း စစ်ဆေးသိရှိရသဖြင့် ၎င်း၏ နေအိမ်သို့ သွားရောက်ရှာဖွေရာ အိုက်ဖန်တုန်(ခ)မြင့်ထွန်းဦးအား စိတ်ကြွရူးသွပ်ဆေးပြား ၅၄၀၊ ငွေကျပ် ၈၀၀၀ တို့နှင့်အတူ တွေ့ရှိရသဖြင့် ၎င်းတို့သုံးဦးအား ကျိုင်းတုံမြို့မရဲစခန်းက မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

စိုင်းအောင်ဇော်လင်း(မြန်/ဆက်)

မူးယစ်ကင်းစင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး

ဧရာဝတီ တောင်သူလယ်သမားများဖွံ့ဖြိုးရေးဘဏ် မန္တလေးဘဏ်ခွဲ(၁)ဖွင့်ပွဲ မန္တလေးတွင်ကျင်းပ

ချမ်းအေးသာစံ စက်တင်ဘာ ၅
ဧရာဝတီ တောင်သူလယ်သမားများဖွံ့ဖြိုးရေးဘဏ် (A bank) မန္တလေးဘဏ်ခွဲ(၁) ဖွင့်ပွဲအခမ်းအနားကို စက်တင်ဘာ ၄ ရက် နံနက် ၉ နာရီက ချမ်းအေးသာစံမြို့နယ် ၂၆ လမ်း၊ ၈၂ လမ်းနှင့် ၈၃ လမ်းကြားရှိ အဆိုပါဘဏ်ခွဲတွင်ကျင်းပရာ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်၊ မန္တလေးမြို့တော်ဝန် ဒေါက်တာရဲလွင်တို့ တက်ရောက်အားပေးသည်။

တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် မန္တလေးမြို့တော်ဝန်တို့က A bank ဘဏ်ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးသည်။ ထို့နောက် A bank ဘဏ်တာဝန်ရှိသူများက မဟာမုနိဘုရားကြီး၊ ကျောက်တော်ကြီးဘုရား၊ မန္တလေးတောင် ဘက်စုံပြုပြင်ရေး၊ ဗြဟ္မစိုရ်လူမှုကူညီရေးအသင်း၊ ထာဝရမန္တလေးဖောင်ဒေးရှင်း၊ ကြင်တော်ယန်အမျိုးသမီးပရဟိတအဖွဲ့များသို့ ငွေကျပ်ငါးသိန်းစီ လှူဒါန်းသည်။

A bank မန္တလေးဘဏ်ခွဲသည် A bank ဘဏ်၏ နဝမမြောက်ဘဏ်ဖြစ်ပြီး ပြည်တွင်းဧရာဝတီဘဏ်၊ မြန်မာ့ရွှေဆောင်ဘဏ်၊ ကမ္ဘောဇရတနာဘဏ်တို့နှင့် ချိတ်ဆက်ထားပြီး ပြည်တွင်းငွေလွှဲလုပ်ငန်း၊ နိုင်ငံတကာငွေလွှဲဆိုင်ရာနှင့် ဘဏ်လုပ်ငန်းဆိုင်ရာ ဝန်ဆောင်မှုများ၊ ငွေလွှဲစာတမ်းဆိုင်ရာနှင့် ဘဏ်အာမခံဆိုင်များ၊ ငွေအပ်နှံမှုများ ဝန်ဆောင်မှုပေးကြောင်း သိရသည်။ **မောင်ပြည်သူ(မန္တလေး)**

ငွေတောင်ဆည်ပတ်ဝန်းကျင်ခရီးသွားလုပ်ငန်း မြှင့်တင်ဆောင်ရွက်နိုင်ရေး ကယားပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုကွင်းဆင်းကြည့်ရှု

ဒီမော့ဆို စက်တင်ဘာ ၅
ကယားပြည်နယ်အတွင်းရှိ ဒေသခံပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်ရေး၊ ပြည်သူများပူးပေါင်းပါဝင်ခြင်းဖြင့် ပတ်ဝန်းကျင်ကို ထိခိုက်မှုမရှိစေဘဲ သဘာဝအခြေခံခရီးသွားလုပ်ငန်း မြှင့်တင်ဆောင်ရွက်နိုင်ရေး၊ ပြည်နယ်အတွင်းရှိ တိုင်းရင်းသားလူမျိုးစုများ၏ ယဉ်ကျေးမှု၊ ရိုးရာဓလေ့ထုံးတမ်းများနှင့် သမိုင်းဝင်အမွေအနှစ်များ ဖော်ထုတ်နိုင်ရေးအတွက် ဒီမော့ဆိုမြို့နယ် ငွေတောင်ဆည်ပတ်ဝန်းကျင်တွင် ခရီးသွားလုပ်ငန်း အဆင့်မြှင့်တင်ဆောင်ရွက်နိုင်ရေး ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက စက်တင်ဘာ ၄ ရက် ညနေ ၄ နာရီတွင် ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့သည်။

ပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုု လမ်းပန်းဆက်သွယ်ရေးနှင့် လျှပ်စစ်ဝန်ကြီး၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီး၊ ပြည်နယ်အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူး၊ သက်ဆိုင်ရာဌာနများ၊ ပြည်နယ်ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် သတင်းအချက်အလက်နှင့် နည်းပညာဖွံ့ဖြိုးတိုးတက်ရေးပညာရှင် ဦးကျော်သီဟ၊ ဒါရိုက်တာ ကြည်ဖြူသျှင်တို့က ငွေတောင်ဆည်ဝန်းကျင်တွင် ပတ်ဝန်းကျင်ကို ထိခိုက်မှုမရှိစေဘဲ ဒေသခံတိုင်းရင်းသားလူမျိုးစုများ ကိုယ်တိုင်ပူးပေါင်းပါဝင်မှုဖြင့် မိမိတို့၏ ရိုးရာယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်းများ၊ သမိုင်းဝင်အမွေအနှစ်များအား ဖော်ထုတ်ပြီး ခရီးသွားပြည်သူများအား ဆွဲဆောင်နိုင်ရေး၊ ကန်ပေါင်ပတ်လည်တွင် ဒေသထွက် အလှပန်းများ ဝေဝေဆာဆာစိုက်ပျိုးနိုင်ရေး၊ လေညင်းခံ အပန်းဖြေရင်း ဒေသထွက် ရိုးရာအစားအစာများကို စားသုံးနိုင်ရေး၊ ရိုးရာလက်ထိုးလှေများ အသုံးပြု၍ အပန်းဖြေခြင်း၊ ခရီးသွားပြည်သူများအတွက် ရိုးရာဝတ်စုံများ ဆင်မြန်းပြီး အမှတ်တရဓာတ်ပုံရိုက်ကူးနိုင်ရေးနှင့် ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် အမှန်တကယ် ဖော်ဆောင်နိုင်ရေးအတွက် ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **ရီရယ်(ဒီမော့ဆို)**

လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲ မုံရွာတွင်ကျင်းပ

မုံရွာ စက်တင်ဘာ ၅
လူကုန်ကူးမှုပပျောက်ရေး ပြည်သူအားလုံးပါဝင်ပေး 'The entire public needs to participate, trafficking in presons to eliminate' ခေါင်းစဉ်ဖြင့် ၂၀၁၈ ခုနှစ် ဆဋ္ဌမအကြိမ် မြန်မာနိုင်ငံလူကုန်ကူးမှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ် အခြေခံပညာအထက်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲကို စက်တင်ဘာ ၅ ရက် နံနက် ၁၀ နာရီက မုံရွာမြို့ အခြေခံပညာအထက်တန်းကျောင်း(၂) တွင် ကျင်းပသည်။

အခြေခံပညာအထက်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် မုံရွာမြို့နယ်ရှိ အခြေခံပညာအထက်တန်းကျောင်းနှင့် အခြေခံပညာအထက်တန်းကျောင်း(ခွဲ) စုစုပေါင်း ၁၄ ကျောင်းနှင့် ကိုယ်ပိုင်ကျောင်းသုံးကျောင်းတို့မှ ကျောင်းသားကျောင်းသူ ၂၀ ဝင်ရောက်ယှဉ်ပြိုင်ကြကြောင်း သိရသည်။

အဆိုပါ စာစီစာကုံးပြိုင်ပွဲသို့ စစ်ကိုင်းတိုင်းဒေသကြီး လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး သန်းထွန်းအောင်၊ တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး ရဲမှူးကြီးလေးစိုးနှင့် တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အမျိုးသမီးရေးရာကော်မတီဝင်များက ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးခဲ့ကြသည်။

ထွန်းကိုကို(ယင်းမာပင်)

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးဝင်းသိန်း ရေဘေးသင့်ပြည်သူများအတွက် ထောက်ပံ့ငွေနှင့်ပစ္စည်းများ ပေးအပ်

ရေတာရှည် စက်တင်ဘာ ၅
ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်းနှင့်အဖွဲ့သည် တောင်ငူခရိုင် ရေတာရှည်မြို့နယ်အုပ်ချုပ်ရေးမှူးရုံးတွင် ဖွင့်လှစ်ထားသော ရေဘေးကယ်ဆယ်ရေးစခန်း၌ ရေဘေးသင့်ပြည်သူများအတွက် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် စက်တင်ဘာ ၄ ရက် ညနေ ၄ နာရီက ထောက်ပံ့ငွေနှင့် ပစ္စည်းများ ထောက်ပံ့ပေးအပ်ခဲ့သည်။

တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်းက ဆွာချောင်းရေလျှောင်တမံ ရေပိုလွှဲကျိုးပေါက်မှုကြောင့် ပြိုလဲနေအိမ် ၁၈၅ လုံးအတွက် တစ်အိမ်လျှင် သွပ် ၂၅ ချပ်နှုန်းဖြင့် စုစုပေါင်း ၄၆၃၅ ချပ်အား ထောက်ပံ့ပေးအပ်ခဲ့သည်။

ထို့နောက် စေတနာရှင်၊ အလှူရှင်များဖြစ်ကြသော ကညွတ်ကွင်းမြို့နေ သူရဦးရွှေမန်းနှင့် မောင်နှမများက စုစုပေါင်းငွေကျပ် ၉၉၃၆၉၀၀ တန်ဖိုးရှိ ဆန်အိတ် ၈၁ အိတ်၊ ရေသန့်ဘူး ၉၆ ကတ်၊ အထပ်သား ၈၀၃ ချပ်၊ ပဲခူးမြို့နေ ဦးတင်စိုး-ဒေါ်သန်းသန်းမူ (နေလဝန်းပွဲရုံမိသားစု) က ရေဘေးကြောင့်သေဆုံးသူငါးဦးအတွက် ငွေကျပ် ၁၅ သိန်းတို့အား ဝန်ကြီးချုပ်ဦးဝင်းသိန်း၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးမိုးထက်နှင့် မြို့နယ်အုပ်ချုပ်ရေးမှူးတို့ထံပေးအပ်လှူဒါန်းရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူတို့က ဂုဏ်ပြုလွှာများပြန်လည်ပေးအပ်ခဲ့သည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အရှည် ၆ ဒသမ ၉၉၅ မိုင်ရှိ ကုန်းကြီးနှင့် ဉယျာဉ်မှူးလမ်း အကျယ် ၁၂ ပေ၊ အမြင့် ၆ လက်မ ကတ္တရာလမ်းပိုင်း လမ်းတိုးချဲ့မည့်အခြေအနေအား ကြည့်ရှုစစ်ဆေးခဲ့ကာ ဆွာမြို့ ဆွာမင်းလမ်းကျောင်း တိုက်ဆရာတော်အား ဖူးမြော်ကာ ဒေသခံများနှင့် တွေ့ဆုံပြီး လက်ရှိအခြေအနေများနှင့် ပတ်သက်၍ အားပေးစကားပြောကြားခဲ့ကြောင်း သိရသည်။ **တင်စိုး(ပဲခူး)**

ရေပတ်ဝန်းကျင်နှင့် တစ်ကိုယ်ရေသန့်ရှင်းရေးဆိုင်ရာ နည်းပညာအထောက်အကူပြုကော်မတီစည်းဝေး

မြစ်ကြီးနား စက်တင်ဘာ ၅
မြန်မာနိုင်ငံတစ်ဝန်းရှိ ကျေးရွာပေါင်း ၆၀၀၀၀ ကျော်အား သောက်သုံးရေသန့်ရရှိရေးလုပ်ငန်းများကို ၂၀၃၀ ပြည့်နှစ်တွင် အပြီးဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း စက်တင်ဘာ ၄ ရက် နံနက် ၁၀ နာရီက မြစ်ကြီးနားမြို့ လယ်ကုန်းရပ်ကွက်ရှိ ကချင်ပြည်နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူးရုံးတွင်ပြုလုပ်သည့် ရေပတ်ဝန်းကျင်သန့်ရှင်းရေးနှင့် တစ်ကိုယ်ရေသန့်ရှင်းရေးဆိုင်ရာ နည်းပညာအထောက်အကူပြုကော်မတီ၏ စတုတ္ထအကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန (နေပြည်တော်) မှ ညွှန်ကြားရေးမှူး ဦးလှခိုင်က ပြောသည်။

ညွှန်ကြားရေးမှူးဦးလှခိုင်က မြန်မာတစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ကျေးရွာပေါင်း ၆၀၀၀၀ ကျော်တွင် သောက်သုံးရေသန့်ရရှိရေးအတွက် ၂၀၃၀ ပြည့်နှစ်အပြီး ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး နိုင်ငံတော်အစိုးရနှင့်အတူ နိုင်ငံတကာ အဖွဲ့အစည်းများကလည်း ပူးပေါင်းကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းနှင့် ပြည်နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးဇော်ဇော်နောင်က ပြည်နယ်အတွင်း ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ပြည်ထောင်စု ရန်ပုံငွေနှင့် ပြည်နယ်အစိုးရအဖွဲ့၏ ခွင့်ပြုရန်ပုံငွေတို့ဖြင့် ကျေးလက်ဒေသ သောက်သုံးရေရရှိရေး ဆောင်ရွက်ပေးနိုင်မှုများ၊ ကမ္ဘာ့ကလေးများရန်ပုံငွေအဖွဲ့ (UNICEF) နှင့် နိုင်ငံတကာ အဖွဲ့အစည်းများ၏ ပံ့ပိုးရန်ပုံငွေများနှင့် ဆောင်ရွက်ပေးနိုင်မှုအခြေအနေများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ကမ္ဘာ့ကလေးများရန်ပုံငွေအဖွဲ့ (UNICEF) မှ မြစ်ကြီးနားတာဝန်ခံ Mr.Agostino က ပြည်နယ်အတွင်း ရေပတ်ဝန်းကျင်သန့်ရှင်းရေးနှင့် တစ်ကိုယ်ရေသန့်ရှင်းရေးဆိုင်ရာ ရန်ပုံငွေနှင့် နည်းပညာအထောက်အကူပြုမှုဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်သွားမည့် အခြေအနေများနှင့် စပ်လျဉ်း၍ ဆောင်ရွက်မည့် လုပ်ငန်းအလိုက် အားနည်းချက်၊ အားသာချက်များအား ပေါင်းစပ်ဆွေးနွေးပေးရန် ရှင်းလင်းတင်ပြသည်။

တက်ရောက်လာသူများက လုပ်ငန်းဆောင်ရွက်မည့် ရေပတ်ဝန်းကျင်၊ တစ်ကိုယ်ရေသန့်ရှင်းရေးဆိုင်ရာ ဆောင်ရွက်ပြီးစီးမှုနှင့် ဆောင်ရွက်သွားမည့် အစီအမံများ၊ အားနည်းချက် အားသာချက်များအား ပေါင်းစပ်ညှိနှိုင်း ဆွေးနွေးခဲ့ကြသည်။

အခမ်းအနားသို့ ပြည်နယ်အဆင့် ပညာရေးဦးစီးဌာန၊ ကျန်းမာရေးဦးစီးဌာန၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာန၊ ပြည်နယ်စည်ပင်သာယာရေးအဖွဲ့နှင့် သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများ၊ ကချင်ပြည်နယ်အတွင်းရှိ ခရိုင်နှင့် မြို့နယ်များမှ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ စုစုပေါင်း ၃၀ ကျော် တက်ရောက်ကာ အခမ်းအနားကို ပြည်နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ကမ္ဘာ့ကလေးများရန်ပုံငွေအဖွဲ့ (UNICEF) တို့က ကြီးမှူးကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

ဦးလေးကြီး

ကြေးမုံစာအုပ်စင်စာအုပ်အမြင်

မော်ကွန်း

ကြေးမုံစာအုပ်စင် စာအုပ်အမြင်ကဏ္ဍတွင် စာအုပ်ထုတ်ဝေသူများ၊ စာအုပ်ဖြန့်ချိသူများ၊စာရေးဆရာများ၏ ထုတ်ဝေသော စာအုပ်များကို စာဖတ်ပရိသတ်များ ကျယ်ကျယ်ပြန့်ပြန့်သိရှိလေ့လာဖတ်ရှုနိုင်ရန်အတွက် စုစည်းဖော်ပြပေးလိုက်ပါသည်။ (စာတည်း)

ဗုဒ္ဓအဆုံးအမဖြင့် အောင်မြင်ခြင်း

စာရေးသူ ကျော်ကျော်လှိုင်၏ ဗုဒ္ဓအဆုံးအမဖြင့်အောင်မြင်ခြင်း စာအုပ်ကို ထုတ်ဝေဖြန့်ချိထားကြောင်း သိရှိရသည်။

စာရေးသူက မကောင်းမှုကို ရှောင်ကြဉ်ခြင်းဆိုသည်မှာ ငါးပါးသီလ စောင့်ထိန်းခြင်းထက် ပိုပါသည်။ စည်းကမ်းဖောက်ဖျက်ခြင်း၊ မိမိ၏ အပြောအဆို အပြုအမူများသည် သူတစ်ပါးအား ထိခိုက်စေခြင်း၊ သဘာဝပတ်ဝန်းကျင်ကို ပျက်စီးစေသည့် အလုပ်များကို လုပ်ဆောင်ခြင်းသည် မကောင်းမှုကို ပြုခြင်းပင်ဖြစ်သည်။

ထို့ပြင် စာရေးသူက ပစ္စုပ္ပန်ဘဝတွင် လူမျိုးမရွေး ဘာသာမရွေး ချမ်းသာအောင်မြင်ပြီး လူသားကောင်းကျိုးပြုနိုင်ရန်ရည်ရွယ်၍ မင်္ဂလာတရားတော် ၁ မှ ၃၁ အထိကို ကိုးကား၍ ဤစာအုပ်ကို ရေးသားထားပါကြောင်း၊ ဤစာအုပ်ကို ဖတ်ရှု၍ အတွေးအမြင်များရရှိကာ လိုက်နာကျင့်သုံးခြင်းဖြင့် ချမ်းသာအောင်မြင်ခြင်းကို ရရှိခဲ့လျှင် ကြိုးစားအားထုတ်မှုအတွက် ဝမ်းသာကျေနပ်ရမည်ဖြစ်ပါကြောင်း ရေးသားထားသည်။

စာအုပ်ကို SMART စာပေ၊ ဖုန်း-၀၉ ၇၉၉၆၃၂၂၅၄၊ ၀၉ ၇၃၀၅၇၆၅၃ တို့တွင် တန်ဖိုးငွေကျပ် ၄၀၀၀ ဖြင့် ဝယ်ယူနိုင်ကြောင်း သိရသည်။

မကောင်းမှုပြုသူကြုံရမည့်ဘေး(၄)မျိုး



ကလေးသူငယ်များ မကောင်းမှုမပြုကြရန်အတွက် ပန်းချီ အောင်ကြောင်းဖြာ၊ ဇာတ်ညွှန်း မုဒိတာ၊ ဦးကျော်ကျော်စိုးဘာသာပြန်ဆိုထားပြီး အတီး စီစဉ်ထုတ်ဝေသည့် မကောင်းမှုပြုသူကြုံရမည့် ဘေး ၄ မျိုး စာအုပ်ထွက်ရှိလာသည်။

မကောင်းမှုတစ်ခုပြုလုပ်မိပြီဆိုသည်နှင့် ဘေးရန် ၄ မျိုးကိုကြုံတွေ့ရမည်သာဖြစ်သောကြောင့် သူတစ်ပါးစွတ်စွဲကဲ့ရဲ့ အကြည်ညိုပျက်သည့်ဘေး၊ ထောင်ဒဏ်ကျခံပြီး ဥပဒေကပေးသည့်ဘေး၊ မိမိကိုယ်မိမိ စွပ်စွဲပြီး မကြည်ညိုသည့်ဘေးနှင့် သေလွန်သည့်အခါ အပါယ်ဘုံသို့ ကျရောက်မည့်ဘေးများကို မကြုံကြစေရန်နှင့် မကောင်းမှုကိုပြုလုပ်သည့်သူသည် ယခုဘဝသေသွားသည့်အခါ ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ်ဆိုသည့် အပါယ်လေးဘုံသို့ မလွဲမသွေ ကျရောက်မည်ဖြစ်သောကြောင့် ကလေးသူငယ်များ စိတ်ဝင်စားစေရန် ရုပ်ပြပုံများနှင့် ဗဟုသုတတိုးပွားနိုင်စေရန် အင်္ဂလိပ်-မြန်မာ နှစ်ဘာသာဖြင့် ဖော်ပြထားသည်။

စာအုပ်ကို နဂါးပျံစာပေ၊ ဖုန်း-၀၉-၄၃၀၆၉၉၃၂ မှ တန်ဖိုးငွေကျပ် ၅၀၀ ဖြင့် ဖြန့်ချိသည်။

မြန်မာ့အလှ ဆယ့်နှစ်လနှင့် ပွဲတော်များ

မြန်မာနိုင်ငံ၏ ဆယ့်နှစ်ရာသီပွဲတော်များနှင့် ဆယ့်နှစ်လရာသီပန်းများအကြောင်းကို စာရေးသူ အောင်သူရိန်(ပုလဲ) စီစဉ်ရေးသားသည့် မြန်မာ့အလှ ဆယ့်နှစ်လနှင့် ပွဲတော်များ စာအုပ်ထွက်ရှိလာသည်။

မြန်မာလူမျိုးတို့၏ တန်ဖိုးထားကျင်းပကြသော ဆယ့်နှစ်လရာသီပွဲတော်များသည် ဘာသာရေးကိုအခြေခံသကဲ့သို့ ယဉ်ကျေးမှုအစဉ်အလာကြီးမားကြောင်းကို ပြဆိုသည့်အပြင် သူ့ဂုဏ်အင်နှင့် မြတ်နိုးဖွယ်ဖြစ်သည်။ ဆယ့်နှစ်လရာသီပွဲတော်များအနက် တန်ခူးလသင်္ကြန်ပွဲတော်သည် ဗုဒ္ဓဘာသာမြန်မာလူမျိုးများ၏ နှစ်ဟောင်းကုန်၍ နှစ်သစ်သို့ကူးပြောင်းသောကာလ၊ တစ်နည်းဆိုသော် နှစ်ဟောင်းမှ မကောင်းသောအညစ်အကြေးများကို သင်္ကြန်ရေဖြင့် ဆေးကြောသန့်စင်သောကာလ ဖြစ်သည်။ ထိုကဲ့သို့ လများအလိုက် ပွဲတော်များနှင့် ဖူးပွင့်လျက်ရှိသောပန်းများအကြောင်းကို ရေးသားထားသည်။

စာအုပ်ကို ထင်ကျော်စာပေ ဖုန်း-၀၉-၇၉၅၅၁၉၅၉၆ နှင့် ၀၉-၇၉၅၅၂၀၅၉၉ တို့မှ တန်ဖိုးငွေကျပ် ၁၂၀၀ ဖြင့် ဖြန့်ချိသည်။

ကျွန်ုပ်တို့သိသော ဘိုးတော်အောင်မင်းခေါင်



စာရေးသူ ဂမ္ဘီရဆရာလှမျိုး (B.Sc) ၏ စိတ်ဝင်စားဖွယ် ကိုယ်တွေ့ဖြစ်ရပ်များကို ရေးသားထားသည့် ကျွန်ုပ်တို့သိသော ဘိုးတော်အောင်မင်းခေါင် စာအုပ်ထွက်ရှိလာသည်။

အဆိုပါစာအုပ်တွင် စာရေးသူ၏ ကိုယ်တွေ့ဖြစ်ရပ်တစ်ခုတည်းမဟုတ်ဘဲ စာရေးဆရာ၊ အယ်ဒီတာ၊ ဗေဒင်ဆရာ၊ ဒါရိုက်တာ၊ ရဟန်းပုဂ္ဂိုလ်များ၏ ကိုယ်တွေ့ဖြစ်ရပ်များကို မေးမြန်းစုစည်းထားသည့် စာအုပ်တစ်အုပ်ဖြစ်ပြီး ကျွန်ုပ်သိသော ဘိုးတော်အောင်မင်းခေါင်အကြောင်း တစေ့တစောင်း၊ ဘိုးတော်အောင်မင်းခေါင်နှင့် ဆက်နွှယ်သော ဆရာတော်များအကြောင်း၊ ဆရာတော်များမိန့်ကြားသော ဘိုးတော်အောင်မင်းခေါင်အကြောင်း၊ လူပုဂ္ဂိုလ်များပြောပြသော ဘိုးတော်အောင်မင်းခေါင်အကြောင်း စသည့်အကြောင်းအရာများကို ရေးသားထားသဖြင့် ဘိုးတော်အောင်မင်းခေါင်၏အကြောင်း လေ့လာလိုသူများ ဖတ်ရှုသင့်သော စာအုပ်တစ်အုပ်ဖြစ်သည်။

စာအုပ်ကို မ၍မစာပေ၊ အမှတ်-၂၃၇ (ပထမထပ်-ဝဲ)၊ ၃၉-လမ်း (အပေါ်ဘလောက်) ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့ ဖုန်း-၀၁-၈၃၉၂၈၃၅ နှင့် ၀၉-၇၇၃၇၇၄၇၃၃ တို့မှ တန်ဖိုးငွေကျပ် ၃၀၀၀ ဖြင့် ဖြန့်ချိသည်။

သမိုင်းဖြစ်ရပ်မှန်များနှင့် ရှစ်လေးလုံး

ရှစ်လေးလုံးဖြစ်ရပ်ကို သမိုင်းကအက္ခရာတင်ရမည်မှာ သေချာသည်။ သေချာသည်က သမိုင်းကောင်းလား၊ သမိုင်းဆိုးလားဆိုသော မေးခွန်း၏ အဖြေမှန်ပင်ဖြစ်ကြောင်း စာရေးသူ တက္ကသိုလ်မြတ်သူ စီစဉ်ရေးသားသည့် သမိုင်းဖြစ်ရပ်မှန်များနှင့် ရှစ်လေးလုံး စာအုပ်ထွက်ရှိလာသည်။

စာရေးသူသည် သတင်းသမားအဖြစ် နေ့စဉ်ထွက်ကာလေ့လာခဲ့သမျှ အထောက်အထားများဖြင့် ဖြစ်စဉ်ဖြစ်ရပ်မှန်များကို အရင်းအတိုင်း ပြည့်စုံစွာတင်ပြထားသဖြင့် လူထုကြီးက သို့မဟုတ် သမိုင်းသုတေသီများက ရှစ်လေးလုံးကာလ၏ အမှားအမှန်ကို ဆုံးဖြတ်နိုင်စေရန် တိုက်တွန်းရေးသားထားသည်။ အဆိုပါစာအုပ်တွင် စာရေးသူ၏အမြင်ဆန္ဒဖြင့် မဆုံးဖြတ်လို၍ ပြည်သူ၏လက်သို့ ပို့အပ်လိုက်သော ရှစ်လေးလုံးဖြစ်ရပ်မှန် သတင်းစာကြီးတစ်စောင်အဖြစ် ရေးသားပြုစုထားသဖြင့် ရှစ်လေးလုံး သမိုင်းဖြစ်ရပ်မှန်ကို သိရှိလိုသူများ ဖတ်ရှုလေ့လာသင့်သော စာအုပ်တစ်အုပ်ဖြစ်သည်။

စာအုပ်ကို ဟန်သာဆုစာအုပ်တိုက်၊ အမှတ်-(၃၂/၃၃)၊ ပထမထပ်၊ အဆောင်-၄၊ ရွှေတိဂုံဘုရားလမ်း၊ သိမ်ကြီးဈေး(စီ)ရုံ၊ ရန်ကုန်မြို့ ဖုန်း-၀၉-၄၂၁၀၇၂၅၉၉ နှင့် ၀၉-၃၂၀၇၈၁၉၁ တို့က တန်ဖိုးငွေကျပ် ၅၀၀၀ ဖြင့်ဖြန့်ချိသည်။

ပုလဲသွယ်အက်ဆေးများ



အက်ဆေးတစ်ပုဒ်မွေးဖွားဖို့ ဖြစ်ရသည့်ခံစားမှုကို မျက်ရည်ဟုမမြင်၊ ကြည်နူးမှုဟုမြင်ကြောင်း စာရေးသူ ဆရာရဲထွန်းစီစဉ်ရေးသားသည့် ပုလဲသွယ်အက်ဆေးများ စာအုပ်တွင် ဖော်ပြထားသည်။

လူတွေရဲ့နှလုံးသားကို နူးညံ့ပျော့ပျောင်းစေတာ၊ အချစ်စိတ်များဖြင့် ပြည့်လျှံစေတာ ပင်လယ်ရဲ့ တန်ဖိုးအာနိသင်ပင်ဖြစ်သည်။ ဘယ်လောက်ပဲ စိတ်ခက်ထန်သူဖြစ်ပါစေ လရောင်အောက်က ပင်လယ်ကမ်းခြေမှာ ထိုင်ခိုင်းလိုက်လျှင် စိတ်တွေနူးညံ့ပျော့ပျောင်းသွားမှာ သေချာသည်ဟု ပင်လယ်အလှ၊ အပြာရောင်ညခေါင်းစဉ်ဖြင့်လည်းကောင်း၊ အခုတော့ လသာဆောင်မှာ ကျွန်တော်တစ်ယောက်တည်း။ အတိတ်၊ ပစ္စုပ္ပန်ကို အပြန်ပြန်အလှန်လှန် ဆင်ခြင်နေမိသည်။ မကြာခင်ကမှ မိတ်ဆွေတွေအကြုံပြုလိုက်တာတွေရှိသည်။ အချိန်အတော်ကြာကြာထဲက ကျွန်တော် တိတ်တခိုးမက်နေခဲ့သည့် အိပ်မက်တွေ၊ ခံစားချက်တွေလည်းရှိသည်ဟု အမှတ်တရ မတ်လခေါင်းစဉ်ဖြင့်လည်းကောင်း အက်ဆေးပေါင်း ၂၄ ပုဒ် ပါရှိသည်။

စာအုပ်ကို ခြူးခြူးစာအုပ်တိုက်၊ အမှတ်-၇၀၊ ၃-လွှာ၊ သံတံတားလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့ ဖုန်း-၀၉-၉၅၃၃၈၄၈၇၄ နှင့် ၀၉-၇၉၇၇၈၄၈၇၄ တို့မှ တန်ဖိုးငွေကျပ် ၂၅၀၀ ဖြင့် ဖြန့်ချိသည်။

ပီတာ၊ ဂျိမ်းတို့နှင့် ကလေးတို့ အတူတူကစားကြမယ်

ကလေးသူငယ်များ အင်္ဂလိပ်စာထူးချွန်ထက်မြက်စေရန်စာရေးဆရာ ထိန်လင်း စီစဉ်ရေးသားသည့် ပီတာ၊ ဂျိမ်းတို့နှင့် ကလေးတို့အတူတူ ကစားကြမယ်(အင်္ဂလိပ်-မြန်မာ)စာအုပ်ထွက်ရှိလာသည်။

ကလေးသူငယ်များ အင်္ဂလိပ်စာစွမ်းရည် တိုးတက်မြင့်မားလာစေရန် ရည်ရွယ်၍ ပြုစုထားသော အဆိုပါစာအုပ်သည် ကလေးငယ်များ အင်္ဂလိပ်စာလေ့လာရာတွင် ပျင်းရိမှုမရှိစေရန် ဇာတ်လမ်းသဖွယ် ရုပ်ပုံကလေးများဖြင့် ဖော်ပြထားသည်။ အင်္ဂလိပ်စာဝေါဟာရများလေ့လာနိုင်စေရန် ကလေးသူငယ်များ မသိသေးသော စာလုံးများ၏အဓိပ္ပာယ်ကို အောက်တွင် သီးခြားဖော်ပြထားသည်။ ကလေးသူငယ်များ အင်္ဂလိပ်စကားပြောကို လွယ်လွယ်ကူကူ ပြောတတ်စေရန် ဇာတ်လမ်းများကို ရုပ်ပြပုံများဖြင့် (အင်္ဂလိပ်-မြန်မာ) နှစ်ဘာသာဖြင့် ဖော်ပြထားသဖြင့် ကလေးသူငယ်များ လေ့လာသင့်သော စာအုပ်တစ်အုပ်ဖြစ်သည်။

စာအုပ်ကို မ၍မစာပေ၊ အမှတ်-၂၃၇(ပထမထပ်-ဝဲ)၊ ၃၉-လမ်း (အပေါ်ဘလောက်) ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့ ဖုန်း-၀၁-၈၃၉၂၈၃၅ နှင့် ၀၉-၇၇၃၇၇၄၇၃၃ တို့မှ တန်ဖိုးငွေကျပ် ၂၀၀၀ ဖြင့် ဖြန့်ချိသည်။

အခမ်းအနားမှူးကောင်းတစ်ယောက်



ဒေါ်သန်းသန်းဝင်း (မြန်မာ့ရုပ်သံ-ငြိမ်း) ၏ အခမ်းအနားမှူးကောင်းတစ်ယောက် စာအုပ်ကို ထုတ်ဝေဖြန့်ချိထားကြောင်း သိရှိရသည်။

အဆိုပါစာအုပ်သည် စာရေးသူ၏ နှစ်ငါးဆယ် အတွေ့အကြုံများ ၊ သင်တန်းပို့ချချက်များကို စုစည်း၍ နမူနာပြပုံစံများဖြင့် ရေးသားပြုစုထားသည့် စာအုပ်၊ အခမ်းအနားမှူးကောင်းတစ်ယောက် ဖြစ်လိုသူများ လက်ကိုင်ထားသင့်သည့် စာအုပ်ဖြစ်သည်။

အခမ်းအနားမှူး (MC), Presenter, Announcer , Narrator များအတွက် အထူးအရေးကြီးလှသည့် အသံထွက်၊ အဖြတ်အတောက်၊ အပြောအဆို၊ အသုံးအနှုန်းမှန်ကန်စေရေး၊ အခမ်းအနားများ ၊ အစည်းအဝေးများကို ပီပြင်အောင်မြင်ချောမောစွာ ကျင်းပနိုင်ရေးအတွက် လုပ်ငန်းဌာနများ၊ အသင်းအဖွဲ့များ၊ အဖွဲ့အစည်းများ၊ ကုမ္ပဏီများ၊ တက္ကသိုလ်များ၊ အခြေခံပညာကျောင်းများတွင် လက်ကိုင်ထားရမည့် စာအုပ်ကောင်းတစ်အုပ်လည်း ဖြစ်သည်။

အဆိုပါစာအုပ်ကို စာပေဗိမာန်စာအုပ်ဆိုင်များ၊ TAB စာအုပ်ဆိုင်များ၊ အင်း၀၊ ရာပြည့်၊ စာပေလောကစာအုပ်ဆိုင်များ၊ ဖုန်း-၀၉-၅၄၀၃၃၈၂၊ ၀၉-၅၁၈၃၅၃၆၊ ၀၉-၄၄၁၇၂၂၅၀၁ တို့တွင် တန်ဖိုးငွေကျပ် ၃၀၀၀ ဖြင့် ဝယ်ယူနိုင်ကြောင်း သိရသည်။

တိုတိုထွာထွာဖတ်စရာ

သက်တော် ၆၀ ပြည့် မွေးနေ့မင်္ဂလာကျင်းပ

မော်လမြိုင်

မော်လမြိုင်မြို့ ရွှေတောင်ကျောင်းတိုက် ဦးစီးပဓာန နာယက ဆရာတော် ဓမ္မကထိက ဗဟုဇနဟိတဓရ ဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်ရ ဘဒ္ဒန္တဝိမလ၏ သက်တော် ၆၀ ပြည့် မွေးနေ့ မင်္ဂလာအခမ်းအနားကို စက်တင်ဘာ ၁ ရက် နံနက် ၈ နာရီက မော်လမြိုင်မြို့ ရွှေတောင်ကျောင်းတိုက်၌ ကျင်းပသည်။

ယင်းနောက် ရွှေတောင်ကျောင်းတိုက် ဦးစီးပဓာန နာယက ဆရာတော်က သက်ကြီးဝါကြီးဆရာတော်ကြီးများအား ကန်တော့ပြီး ဆရာတော် အပါး ၁၂၀ နှင့် သီလရှင် ၃၅ ပါးတို့အား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့သည်။

မွန်ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌဒေါ်တင်အိ၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူးဗိုလ်ချုပ်မျိုးမိုးအောင်၊ ဇနီးဒေါ်ပန်းအိဖြူသာနှင့် ဝန်ကြီးများ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ အလှူရှင်တို့က လှူဖွယ်ပစ္စည်းများဆက်ကပ်လှူဒါန်းခဲ့ကြကြောင်းသိရသည်။ **ကျော်သန်း(မော်လမြိုင်)**

ဆိပ်ဖြူ၌ တောင်သူများအား မြေဩဇာများထောက်ပံ့

ဆိပ်ဖြူ

မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ် အောက်ဆိပ်လျှပ်စစ်မြစ်ရေတင်စီမံကိန်း ကွင်းအမှတ် (၁၁၂၃)၊ ဦးပိုင်အမှတ် (၁၇၀)၊ တောင်သူ ဒေါ်သိန်းလှ ၏ (ဧရာမင်း) အစွမ်းရှိစိုက်နည်းစနစ် (SRI) မိုးစပါးစံပြကွက် ၁၀ ဧက၌ တောင်သူပညာပေး သမန်းနှိုးကွင်းသရုပ်ပြပွဲကို စက်တင်ဘာ ၄ ရက်က ပြုလုပ်သည်။

ထို့နောက် မြို့နယ်စိုက်ပျိုးရေးဌာန ဦးစီးမှူး ဦးဇော်မင်းနိုင်က ကွင်းသရုပ်ပြပွဲ ဆောင်ရွက်ပေးရခြင်း ရည်ရွယ်ချက်နှင့် စပါးစိုက်တောင်သူများ အထွက်နှုန်းတိုး မျိုးစပါးများစိုက်ပျိုးနိုင်ရေးတို့ကို အသိပညာပေးပြောကြားခဲ့ပြီး စပါးစိုက်တောင်သူများအား မြေဩဇာနှင့် သမန်းနှိုးကိရိယာများကို တာဝန်ရှိသူများက ထောက်ပံ့ပေးအပ်ခဲ့သည်။

ဆိပ်ဖြူ(ပြန်/ဆက်)

စလင်းပြည်သူ့အားကစားကွင်း လုံခြုံရေး တံတိုင်းကာရံ

စလင်း

မကွေးတိုင်းဒေသကြီး စလင်းမြို့ပြည်သူ့အားကစားကွင်းလုံခြုံမှုရှိစေရန် မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ခွင့်ပြုရန်ပုံငွေဖြင့် အုတ်တံတိုင်းများ ကာရံပေးလျက်ရှိသည်။ အဆိုပါလုပ်ငန်းကို လုပ်ငန်းခွင့်ပြုငွေကျပ် ၅၉ ဒသမ ၉၅၈ သန်းဖြင့် ရွှေမန်း(မကွေး) ကုမ္ပဏီမှ ၂၀၁၈ ခုနှစ် အောက်တိုဘာလကုန်တွင် အပြီးတည်ဆောက်မည်ဖြစ်သည်။ စလင်းပြည်သူ့အားကစားကွင်းသည် ဘက်စုံအားကစားကွင်းဖြစ်၍ အဓိကကျေးရွာ/ရပ်ကွက်များမှ ဘောလုံးပြိုင်ပွဲများပြုလုပ်လေ့ရှိပြီး လူငယ်အားကစားသမားများ အားထားကစားကြသောကွင်းဖြစ်သည်။ ယခင်က အကာအရံမရှိ၍ ကျွဲ၊ နွား၊ ဆိတ်များ လွတ်ကျောင်းရာနေရာဖြစ်သဖြင့် အားကစားကွင်းမှာပျက်စီးလျက်ရှိကြောင်း၊ ယခုကဲ့သို့ စလင်းအား/ကာမှ ဦးဆောင်၍ တံတိုင်းကာရံပေးသဖြင့်ဒေသခံအားကစားသမားများက ကျေနပ်ဝမ်းသာလျက်ရှိကြောင်း သိရသည်။

စစ်ကြည်(စလင်း)

ဝဲပြန်ကျေးရွာ၌ တစ်အိမ်သုံးဆိုလာများတပ်ဆင်

သနပ်ပင်

သနပ်ပင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ လျှပ်စစ်မီးမရရှိသည့် ဝဲပြန်ကျေးရွာ၌ စက်တင်ဘာ ၃ ရက်မှ စတင်၍ တစ်အိမ်သုံးဆိုလာများတပ်ဆင်ပေးသည့်အတွက် အိမ်ခြေ ၁၀၀ ကျော် မီးလင်းနိုင်ခဲ့ပြီဖြစ်ကြောင်း သိရသည်။

ထိုသို့ တပ်ဆင်ဆောင်ရွက်ပေးလျက်ရှိရာ ဝပ် ၆၀ ဗို့အားရှိ ဆိုလာပြား ၁၁၅ ခုနှင့် ဝပ် ၁၀၀ ဗို့အားရှိ ဆိုလာပြား ၁၅ ခု စုစုပေါင်း ၁၃၀ တို့ကို အိမ်ခြေ ၁၃၀ အား တပ်ဆင်ပေးနိုင်ခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

အလုပ်အမှုဆောင်ရွေးချယ်ပွဲ ကျင်းပမည်

ရန်ကုန်

မြန်မာနိုင်ငံအမျိုးသမီးအားကစားအဖွဲ့ချုပ်၏ ပထမအကြိမ် ညီလာခံနှင့် အလုပ်အမှုဆောင်ရွေးချယ်တင်မြှောက်ပွဲကို စက်တင်ဘာ ၂၉ ရက် နံနက် ၁၀ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ် ကျိုက္ကဆံကွင်းရှိ အားကစားနှင့် ကာယပညာဦးစီးဌာန အစည်းအဝေးခန်းမ၌ ပြုလုပ်မည်ဖြစ်ရာ ဝင်ရောက်အရွေးချယ်ခံလိုသူများအနေဖြင့် ဖုန်း-၀၉ ၅၀၆၈၄၄၇ နှင့် ၀၉ ၉၆၅၁၁၈၀၉၀ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

ကြေးမုံ

ရေတာရှည်မြို့နယ် ဆွာမြို့ဝန်းကျင်ကျေးရွာများသို့ အလှူရှင်များ နေ့စဉ်လာရောက်လှူဒါန်း

ရေတာရှည် စက်တင်ဘာ ၅

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်တွင် ဩဂုတ် ၂၉ ရက် နံနက်ပိုင်းကဆွာချောင်းတမံ ပင်မရေပိုလွှဲကျိုးပေါက်မှုကြောင့် ရေကြီးရေလျှံမှုဖြစ်ပွားခဲ့ရာ ကျေးရွာပေါင်းများစွာ ရေဘေးသင့်ခဲ့ကြရပြီး ရေဘေးသင့်ခဲ့သော ဒေသခံပြည်သူများအား ပြည်ထောင်စု၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့် တာဝန်ရှိသူများက ကူညီထောက်ပံ့မှုများအမြန်ဆုံးဆောင်ရွက်ပေးလျက်ရှိသည့်အပြင် အနယ်နယ်အရပ်ရပ်မှ စေတနာရှင်များက နေ့စဉ်လာရောက် လှူဒါန်းလျက်ရှိသည်ကို တွေ့ရသည်။

စက်တင်ဘာ ၅ ရက် နံနက်ပိုင်းက အိုရီယမ်တယ်ဟိုင်းဝေးကုမ္ပဏီမှ ဆွာမင်းလမ်း၊ ဆီဆုံကုန်း၊ ရွှေသပြေ၊ မြောက်လွတ်ကုန်း၊ ကရင်ရွာ၊ အေးသာယာ၊ ဆွေသာယာကျေးရွာများရှိ အိမ်ထောင်စု ၈၃၅ စု၊ လူဦးရေ ၃၃၉၇ ဦးအတွက် ဆန်အိတ်ပေါင်း ၁၀၀၀၊ တစ်လီတာဝင်ဆီဘူး ၃၀၀၀ တို့ကို ထောက်ပံ့လှူဒါန်းခဲ့သည်။ ထို့အပြင် ဝေဠုကျော်ဖောင်ဒေးရှင်းမှ ဆွာမြို့ဝန်းကျင်ရှိ ကျေးရွာများသို့ ဆန်၊ ဆီ၊ စားသောက်ဖွယ်ရာ၊ အဝတ်အထည်နှင့် အလှူငွေများကိုလည်းကောင်း၊ ကုဘိုတာကုမ္ပဏီ (KMCL) ရန်ကုန်မြို့မှ ဆန် ၁၂၅ အိတ်၊ တစ်လီတာဝင်ဆီဘူး ၁၀၀၀၊ ခေါက်ဆွဲခြောက် ၅၀၀၀ ထုပ်၊ ငါးသေတ္တာဘူး ၂၀၀၀ တို့ကို ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

ကိုလွင်(ဆွာ)

ချင်းပြည်နယ်၌ ဆည်မြောင်းဌာနက စိုက်ပျိုးရေနှင့် သောက်သုံးရေရရှိရန် ဆောင်ရွက်ပေး

ထန်တလန် စက်တင်ဘာ ၅

သီကီရ်ရေလှောင်တမံစီမံကိန်းသည် ချင်းပြည်နယ် ထန်တလန်မြို့နယ်အတွင်း သီကီရ်ချောင်းကိုပိတ်၍ တည်ဆောက်ထားခြင်းဖြစ်သည်။ ရေဆင်းဧရိယာမှာ ၁ ဒသမ ၁၀ စတုရန်းမိုင်ရှိသည်။ တမံအမျိုးအစားမှာ မြေသားတမံဖြစ်သည်။ တမံအလျား ပေ ၅၀၀၊ ကန်ရေပြည့်ရေလှောင်ပမာဏ ၁၃၆၅ ဧကပေ၊ ရေထုတ်ပြွန်အမျိုးအစား သံကူကွန်ကရစ်ရေထုတ်ပြွန် အရွယ်အစား အချင်း ၃ ပေ၊ GRP ရေပိုလွှဲအမျိုးအစား OGEE Pype ရေပိုလွှဲအလျား ၄၁၅ ပေ၊ ရေပိုလွှဲအကျယ်ပေ ၂၀၊ ဆည်ရေသောက်ဧရိယာ ဧက ၅၅၀ ဖြစ်သည်။

သီကီရ်ရေလှောင်တမံစီမံကိန်းမှ ရေပေးဝေသည့် ကုန်းမြင့်လယ်ယာနှင့်တောင်ယာမြေများကို ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ ကုန်းမြင့်လယ်ယာအကြမ်း ဖော်ထုတ်ခြင်းလုပ်ငန်းအား စက်ယန္တရားကြီးများဖြင့် ဆောင်ရွက်ပြီး စက်မှုလယ်ယာဦးစီးဌာနမှ ထွန်စက်များဖြင့် ကုန်းမြင့်လယ်ယာများ ဖော်ထုတ်ပေးခဲ့ရာ ကုန်းမြင့်လယ်ယာ ၁၀၅ ဧကနှင့် တောင်ယာမြေ ၄၄၅ ဧက စုစုပေါင်း ဧက ၅၅၀၀ ဖော်ထုတ်ပြီးစီးနေပြီ ဖြစ်သည်။

သီကီရ်ရေလှောင်တမံ စီမံကိန်းကို အမြင့်ပေ ၅၀၀၀ ကျော်မှာရှိသည့် တောင်ပေါ်တွင် ရေလှောင်ပမာဏ ၁၃၆၅ ဧကပေရှိသည့် ရေသိုလှောင်ကန်ကြီးကို ဆောက်လုပ်ထားရာ စိမ်းမြမြတောင်ပေါ်တွင် ရေလှောင်ကန်ကြီးမှာ တင့်တယ်လှပစွာ တည်ရှိနေသည်။ ဆည်ရေသောက်စနစ် တည်ဆောက်ထားရှိမှုမှာ တောင်ပေါ်ဒေသဖြစ်၍ ရေပေးမြောင်းဖောက်လုပ်ရန်မလွယ်သည့်အတွက် ပိုက်လိုင်းစနစ်ဖြင့် စိုက်ပျိုးရေပေးဝေနေကြောင်း သိရသည်။

သီကီရ်ရေလှောင်တမံစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ခြင်းကြောင့် စိုက်ပျိုးရေအတွက် ဖူလုံနေသည့်အပြင် ယခုအခါ တည်ဆောက်ရေး(၃)မှ ဂါလန် ၂၃၄၀၀၀ ဆံ့သောက်သုံးရေကန်ကို တည်ဆောက်ပေးထားသဖြင့် နောင်တွင်သီကီရ်ရေလှောင်တမံအတွင်းမှ ရေကို သောက်သုံးရေကန်သို့ ပန့်ဖြင့်တင်၍ သောက်သုံးရေဖြန့်ဝေပေးရေးစနစ်ပါ တည်ဆောက်ထားသည်။ ထို့အပြင် အသေးစားရေအားလျှပ်စစ်(၅၀ ကီလိုဝပ်) ထုတ်လုပ်ပေးသွားမည်ဖြစ်သဖြင့် လျှပ်စစ်မီးပါရရှိတော့မည်ဖြစ်၍ အနီးဝန်းကျင်ရှိ ကျေးရွာများမှာ ဝမ်းသာပျော်ရွှင်နေကြသည်။

တင်လှိုင်

ဆောက်လုပ်ရေးလုပ်ငန်းရှင်များအတွက်စီမံခန့်ခွဲရေးကော်မတီအား စက်တင်ဘာလကုန်ပိုင်းတွင်ဖွဲ့စည်းမည်

ရန်ကုန် စက်တင်ဘာ ၅

မြန်မာနိုင်ငံအတွင်းရှိ ဆောက်လုပ်ရေးလုပ်ငန်းရှင်များအတွက် စုပေါင်းပိုင်အဆောက်အအုံဆိုင်ရာ နည်းဥပဒေ ပြင်ဆင်ချက်ကို ပြည်ထောင်စုလွှတ်တော်မှ ဩဂုတ် ၂၄ ရက်တွင် အတည်ပြုပြဋ္ဌာန်းလိုက်ပြီဖြစ်သည့်အတွက်ကြောင့် စီမံခန့်ခွဲရေးကော်မတီအား စက်တင်ဘာလကုန်ပိုင်းတွင် ဖွဲ့စည်းမည်ဖြစ်ကြောင်း ဆောက်လုပ်ရေးဝန်ကြီးဌာန မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ သိရသည်။

ဆောက်လုပ်ရေးဝန်ကြီးဌာန မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်မိုးသီတာက "စီမံခန့်ခွဲရေးကော်မတီဖွဲ့စည်းဖို့ ဆက်လုပ်ပေးနေပါတယ်၊ ကော်မတီဖွဲ့စည်းပြီးပြီဆိုရင် ဆောက်လုပ်ပြီးအကျိုးဝင်တဲ့ ကွန်ဒိုမီနီယံအကုန်လုံးက Register လုပ်လို့ရပါလိမ့်မယ်၊ မဆောက်လုပ်ရသေးတဲ့ ကွန်ဒိုမီနီယံအတွက်ကိုခုမှ ဆောက်လုပ်မယ့်သူအနေနဲ့ကတော့ မြေကိုအရင်ဆုံး Registration သွင်းရမှာဖြစ်ပြီး လုပ်ဆောင်ချက်အတိုင်းအဆင့်ဆင့်လုပ်ဆောင်ပြီးမှကွန်ဒိုမီနီယံအဆောက်အအုံကို ဆောက်လုပ်ခွင့်ရမှာဖြစ်ပါတယ်၊ Developer တွေအနေနဲ့ ဥပဒေမှာပါရှိတဲ့အတိုင်း အလုံးစုံကို လိုက်နာရမှာပါ" ဟု ရှင်းပြသည်။

မြန်မာ့ရွှေဥဒေါင်းမင်းနှင့် မဟာနဝရတ်မြေ ဆောက်လုပ်ရေးကုမ္ပဏီမှ ဥက္ကဋ္ဌ ဦးနိုင်ဝင်းက "ဥပဒေမရှိတာထက်စာရင် ရှိတာ အများကြီးကောင်းသွားတာပေါ့၊ နိုင်ငံခြားက ဝင်ငွေဝင်ရောက်လာမှာဖြစ်ပြီး တစ်ဖက်တစ်လမ်းကလည်းအရောင်းအဝယ်ကောင်းလာမှာဖြစ်ပါတယ်၊ ပြီးတော့ စီမံခန့်ခွဲမှုကော်မတီပေါ်လာပြီဆိုရင်လည်း ကျွန်တော်တို့အနေနဲ့ ကော်မတီရဲ့ စည်းကမ်းကိုလိုက်နာပြီး လုပ်ဆောင်ရမှာပါ" ဟု ပြောသည်။

ဥပဒေအရပေးအပ်ထားသော တာဝန်များအရ ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ပြည်ထောင်စုအစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် တိုင်းဒေသကြီး၊ ပြည်နယ် စီမံခန့်ခွဲရေးကော်မတီများကို ဖွဲ့စည်းခြင်း၊ စုပေါင်းပိုင်အဆောက်အအုံဆိုင်ရာ မှတ်ပုံတင်အရာရှိ ခန့်အပ်ခြင်း၊ လုံခြုံရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ စံချိန်စံညွှန်းသတ်မှတ်ခြင်းများ ဆောင်ရွက်မည်ဖြစ်ပြီး ကော်မတီမှ စုပေါင်းပိုင်အဆောက်အအုံတည်ထောင်သူသို့ လုပ်ငန်းလိုင်စင်ထုတ်ပေးခြင်း၊ လိုင်စင်ကြေးကို ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် သတ်မှတ်ကောက်ခံခြင်း၊ ခွင့်ပြုမိန့်ထုတ်ပေးခြင်း၊ တည်ထောင်သူက တင်ပြသည့် မူလအချိုးသင့်ပိုင်ဆိုင်မှုအစုတန်ဖိုးကို စိစစ်အတည်ပြုခြင်း၊ အိမ်ခန်းလွှဲပြောင်းမှုကို မှတ်ပုံတင်ရန်ပျက်ကွက်ပါက ဒဏ်ကြေးသတ်မှတ်ခြင်းနှင့် စုပေါင်းပိုင်အဆောက်အအုံကို ဖြိုဖျက်ပြီး အသစ်ပြန်ဆောက်ခြင်းအတွက် အတည်ပြုချက်ထုတ်ပေးခြင်းများကို ဆောင်ရွက်မည်ဖြစ်ကြောင်း ဆောက်လုပ်ရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။ **(ပွင့်သစ္စာ)**

မှုခင်းရေးရာအဖြာဖြာ

ကျိုင်းတုံမြို့၌ အရက်မူးပြီး နေအိမ်ကိုမီးရှို့

ကျိုင်းတုံ

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့နယ် မိုင်းလပ်ကျေးရွာအုပ်စု ပါဆံကျ(နာထေး)အာခါကျေးရွာတွင် စက်တင်ဘာ ၃ ရက် နံနက် ၅ နာရီက အရက်မူးနေသူအမျိုးသားတစ်ဦး မိမိနေအိမ်ကို မီးရှို့ခဲ့ရာ တစ်ထပ်တိုက်နေအိမ်တစ်လုံး မီးလောင်ဆုံးရှုံးမှုဖြစ်ပွားခဲ့သည်။

ပါဆံကျ (နာထေး) အာခါကျေးရွာနေ အားနံ(ခ) ကျော်စိုးသည် နေအိမ်အတွင်းရှိ စာအုပ်စင်ကို မီးရှို့ခဲ့ရာ အခြားနေအိမ်များသို့ ကူးစက်လောင်ကျွမ်းခဲ့ခြင်းမရှိကြောင်း သိရသည်။

စိုင်းအောင်ဇော်လင်း(ပြန်/ဆက်)

အမ်းမြို့နယ်၌ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

အမ်း

ရခိုင်ပြည်နယ် အမ်းမြို့နယ် အောက်ရွာကျေးရွာအနီး မင်းဘူး-အမ်းကားလမ်း မိုင်တိုင်အမှတ်(၁၀၁/၂)ကြားတွင် စက်တင်ဘာ ၂ ရက် မွန်းလွဲ ၁ နာရီ မိနစ် ၂၀ တွင် တာဝန်ရှိသူများက မောင်ဦးဝင်းဌေး မောင်းနှင်လာသော ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၃ ပြားအား စစ်ဆေးတွေ့ရှိသဖြင့် သိမ်းဆည်းပြီး စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မြို့နယ် (ပြန်/ဆက်)

MIA ပွဲတော်မှာ ပထမဆုံးပါဝင်ဆင်နွှဲခွင့်ရတဲ့ အာရှတေးသံရှင် ဂျေပါ့ခ်

တောင်ကိုရီးယားရဲ့ နာမည်ကျော် တေးသံရှင်တစ်ဦးဖြစ်တဲ့ ဂျေပါ့ခ်ဟာ "Made In America" လို့ အမည်ရတဲ့ MIA ပွဲတော်ကို ပထမဆုံး ပါဝင်ဆင်နွှဲခွင့်ရခဲ့တဲ့ အာရှတေးသံရှင်တစ်ဦး ဖြစ်လာခဲ့ပြီဖြစ်ကြောင်း ကော့စမိုပိုလီတန်ဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ပြီးခဲ့တဲ့ စက်တင်ဘာ ၂ ရက်မှာတော့ အမေရိကန်နိုင်ငံရဲ့ အထင်ကရ တေးဂီတ ဖျော်ဖြေပွဲတစ်ခုဖြစ်တဲ့ DIA တေးဂီတပွဲတော်မှာ ဂျေပါ့ခ် ပါဝင်ဖျော်ဖြေခဲ့တာဖြစ်ပါတယ်။ ဒီပွဲတွေဟာ အမေရိကန်နိုင်ငံရဲ့ အလွန်ကို ကျော်ကြားတဲ့ တေးသံရှင်တွေ စုပေါင်းဖျော်ဖြေတဲ့ ပွဲတစ်ခုဖြစ်ပြီး ယခုနှစ်မှာ ကျင်းပခဲ့တဲ့ ဖျော်ဖြေပွဲဟာ ၆ ကြိမ်မြောက် ဖြစ်ကြောင်းလည်း သိရပါတယ်။

ဒီနှစ်ဖျော်ဖြေပွဲမှာတော့ ကမ္ဘာကျော်တေးသံရှင်တွေဖြစ်ကြတဲ့ နစ်ကီမင်နရှ်၊ ဒစ်ပလို၊ ပို့စ်မယ်လွန်၊ မစ်ခ်မေးလ်စတဲ့ တေးသံရှင်တွေ ဖျော်ဖြေခဲ့ကြတာဖြစ်ပြီး ဂျေပါ့ခ်ကလည်း သူတို့နဲ့အတူ ပါဝင်ဖျော်ဖြေခဲ့တာပါ။ နှစ်စဉ်ကျင်းပခဲ့တဲ့ အဆိုပါဖျော်ဖြေပွဲတွေမှာတော့ အာရှတေးသံရှင်တွေ ပါဝင်ခဲ့တာ မရှိသလောက်ရှားခဲ့ပါတယ်။ ဂျေပါ့ခ်ကတော့ ဒီပွဲတော်မှာ ပထမဆုံး ဖျော်ဖြေခွင့်ရခဲ့တဲ့ အာရှသားတေးသံရှင်တစ်ဦးအဖြစ် မှတ်တမ်းဝင်ခဲ့ပြီလည်း ဖြစ်ပါတယ်။

ဒီဖျော်ဖြေပွဲအပြီးမှာတော့ ဂျေပါ့ခ်က ယင်းဖျော်ဖြေပွဲမှာ နယ်ခံပရိသတ်တွေရဲ့ အားပေးမှုကို ရရှိခဲ့တဲ့အတွက် ဝမ်းသာကြောင်းနဲ့ ပရိသတ်တွေကို ကျေးဇူးတင်ကြောင်း ပြောကြားခဲ့တယ်လို့လည်း သိရပါတယ်။

သတင်းတိုများ

တောင်ကိုရီးယားရဲ့ နာမည်ကျော်အမျိုးသမီး တေးဂီတအဖွဲ့ တစ်ဖွဲ့ဖြစ်တဲ့ "BLACK PINK"ဟာ အင်္ဂလိပ်လူမျိုး တေးရေး၊ တေးဆိုတစ်ဦးဖြစ်တဲ့ "Dua Lipa"နဲ့ တွဲဖက်ကာ တေးသီချင်းတွေ ထုတ်လုပ်သွားမှာဖြစ်ကြောင်း သတင်းတွေ ထွက်လာခဲ့ပြီးနောက် လတ်တလောမှာတော့ အတည်ပြုလိုက်ပြီဖြစ်ကြောင်း အေးရှားဝမ်းဒေ့ါကွန်းက ရေးသားဖော်ပြခဲ့ပါတယ်။ စက်တင်ဘာ ၄ ရက်မှာတော့ "Dua Lipa"က သူ့ရဲ့ တေးအယ်လ်ဘမ်သစ်ကို အောက်တိုဘာ ၁၆ ရက်မှာ စတင်ထုတ်လွှင့် သွားမှာဖြစ်ကြောင်း ထုတ်ဖော်ပြောကြားလာခဲ့တာပါ။ ယင်းတေးအယ်လ်ဘမ်မှာ ပါဝင်တဲ့ တေးသီချင်းတွေကို ဖော်ပြခဲ့ရာမှာတော့ "Kiss and Make Up"တေးသီချင်းမှာ "BLACK PINK"အဖွဲ့လည်း ပါဝင်အားဖြည့်သီဆိုပေးထားတာဖြစ်ကြောင်း သိခဲ့ရတာဖြစ်ပါတယ်။

ပြီးခဲ့တဲ့ ဇူလိုင်လအတွင်းမှာတော့ မူးယစ်ဆေးအလွန်အကျွံသုံးစွဲခဲ့မှုကြောင့် ဆေးရုံတက်ရောက်ကာ ကုသမှုခံယူခဲ့ရတဲ့ ပေ့ါပ်ကြယ်ပွင့် ဒေမီလက်ဗားတိုးဟာ လတ်တလောမှာတော့ သူ့ရဲ့ ဟောလိဝုဒ်ဟေးလ်က နေအိမ်ကို ရောင်းချခဲ့တာဖြစ်ကြောင်း အီးအွန်လိုင်းဒေ့ါကွန်းရဲ့ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။ ပေ့ါပ်ကြယ်ပွင့်နဲ့ရင်းနှီးတဲ့အသိုင်းအဝိုင်းက ထုတ်ဖော်ပြောကြားချက်အရ ဒေမီလက်ဗားတိုးဟာ လက်ရှိမှာ ကျန်းမာရေးကိုသာ ဂရုစိုက်နေတာဖြစ်ပြီး အနုပညာခရီး ရှေ့ဆက်ဖို့ရာလည်း စီစဉ်နေတာဖြစ်တယ်လို့ သိရပါတယ်။

ဟောလိဝုဒ်ကြယ်ပွင့်တွေဖြစ်ကြတဲ့ နစ်ခ်ဂျိုးနက်စ်နဲ့ ဂျိုဂျိုးနက်စ်တို့ဟာ လတ်တလောမှာတော့ သူတို့နဲ့ စေ့စပ်ထားကြတဲ့ ချစ်သူတွေကို အသီးသီးလက်တွဲကာ လေးဦးသား အတူတူချိန်းဆိုတွေ့ဆုံခဲ့ကြတာဖြစ်ပါတယ်။ နစ်ခ်ဂျိုးနက်စ်နဲ့ ပရီယင်ကာချိုပရာ၊ ဂျိုဂျိုးနက်စ်နဲ့ ဆိုဖီယာတာနာတို့ကို ပြီးခဲ့တဲ့ အင်္ဂါနေ့မှာ လန်ဒန်မှာရှိတဲ့ အဆောက်အအုံတစ်ခုအတွင်းမှ အတူတူထွက်လာခဲ့ကြတာကို တွေ့ခဲ့ရကြောင်း အီးအွန်လိုင်းဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

နစ်ခ်ဂျိုးနက်စ်နဲ့ ပရီယင်ကာချိုပရာတို့ဟာ စေ့စပ်ပွဲကို ချိုပရာရဲ့ ဇာတိမြေ အိန္ဒိယမှာ ပြီးခဲ့တဲ့လအတွင်းက သွားရောက်ကျင်းပခဲ့တာဖြစ်ပါတယ်။ အဲဒီစေ့စပ်ပွဲပြီးနောက်မှာတော့ သူတို့နှစ်ဦးကို အမြဲလိုလို အတူတွဲကာ တွေ့ခဲ့ရပါတယ်။ အသက်အရွယ်ချင်း ကွာခြားသူတွေဖြစ်ပေမယ့် ချစ်သူသက်တမ်း အချိန်တိုအတွင်းမှာပင် စေ့စပ်ခဲ့ကြသူတွေလည်း ဖြစ်ပါတယ်။

ပြီးခဲ့တဲ့ ဩဂုတ် ၃ ရက်မှာ ကျင်းပခဲ့တဲ့ ဆိုးလ်နိုင်ငံတကာဒရမ်မာဆုပေးပွဲ တက်ရောက်လာခဲ့တဲ့ မင်းသမီး လီဘိုယောင်း ကော်ဇောနီပေါ် လျှောက်လှမ်းစဉ်။

အင်္ဂလန်တေးဂီတဇယားမှာလည်း ပါဝင်လာခဲ့တဲ့ BTS

ကေပေ့ါပ်တေးဂီတအဖွဲ့ "BTS"ဟာ လတ်တလောမှာတော့ မှတ်တိုင်သစ် စိုက်ထူနိုင်ခဲ့ပြီ ဖြစ်ပါတယ်။ အဖွဲ့ရဲ့ တေးသီချင်းသစ် "Idol" ဟာ အင်္ဂလန်ရဲ့ တေးဂီတဇယားမှာ ထိပ်တန်းတေးသီချင်းတွေထဲ ပါဝင်လာတာဖြစ်ပြီး အဖွဲ့အတွက် မှတ်တိုင်သစ် စိုက်ထူပေးနိုင်ခဲ့တာဖြစ်ကြောင်း အောကေပေ့ါပ်ဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

"BTS" ရဲ့ နောက်ဆုံးထွက်ရှိထားတဲ့ တေးအယ်လ်ဘမ် "Love Yourself: Answer"မှာ ပါဝင်တဲ့ တေးသီချင်းတစ်ပုဒ်ဖြစ်တဲ့ "Idol" ဟာ အင်္ဂလန်ရဲ့ တေးဂီတဇယားမှာ ပါဝင်လာခဲ့တာ ဖြစ်ပါတယ်။ အင်္ဂလန်ရဲ့ တေးဂီတဇယားတစ်ခုမှာ နံပါတ် ၂၁ နေရာမှာ ရပ်တည်နေတာ ဖြစ်ပါတယ်။ ဒီလိုရပ်တည်နိုင်ခဲ့တာဟာ ယခင်က စံချိန်ထက် နှစ်ဆ မြင့်တဲ့ နေရာကို ရောက်ရှိလာခဲ့ခြင်းဖြစ်ကာ အဖွဲ့အတွက်တော့ အင်္ဂလန်တေးဂီတဇယားမှာ အမြင့်ဆုံးနေရာရခဲ့ခြင်း ဖြစ်တယ်လို့လည်း သိရပါတယ်။ ယခင်ကတော့ "Fake Love" တေးသီချင်းနဲ့ နံပါတ် ၄၂ နေရာကို ရယူခဲ့ဖူးတာလည်း ဖြစ်ပါတယ်။

ဒီလိုမှတ်တိုင်သစ်စိုက်ထူနိုင်ခဲ့တာဟာ ကေပေ့ါပ်တေးဂီတအဖွဲ့တွေအနက် ပထမဆုံးလည်း ဖြစ်ပါတယ်။ အခြားသော ကေပေ့ါပ်တေးဂီတအဖွဲ့တွေဟာ နံပါတ် ၄၀ အတွင်းတောင် ဝင်ရောက်ရပ်တည်နိုင်ခဲ့ခြင်းမရှိဘူးလို့လည်း သိရပါတယ်။

ဒေါင်းလုပ်ဒ် ကူးယူကြည့်ရှုမှု အများဆုံးဖြစ်ခဲ့တဲ့ တေးဗီဒီယိုစာရင်းမှာတော့ "Idol" ဟာ နံပါတ် ၉ နေရာမှာ ရပ်တည်နေတာဖြစ်တယ်လို့လည်း သိရပါတယ်။ အဖွဲ့ရဲ့ တေးအယ်လ်ဘမ်သစ် "Love Yourself: Answer"ကတော့ တေးအယ်လ်ဘမ်စာရင်းမှာ နံပါတ် ၁၄ နေရာမှာ ရပ်တည်နေတာကိုလည်း တွေ့ရပါတယ်။ တေးအယ်လ်ဘမ်ဟောင်းဖြစ်တဲ့ "Love Yourself: Tear"ကလည်း လက်ရှိအချိန်အထိ တေးအယ်လ်ဘမ် ၁၀၀ စာရင်းကို ဝင်နေဆဲဖြစ်ကာ နံပါတ် ၉၄ နေရာမှာ ရပ်တည်နေတာလည်း ဖြစ်ပါတယ်။

အေးပြည့် - စုစည်းသည်

တိုတိုထွာထွာဖတ်စရာ

မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေး ဟောပြော

နေပြည်တော်

မူးယစ်ဆေးဝါးအန္တရာယ်အသိပညာပေးဟောပြောပွဲကို စက်တင်ဘာ ၃ ရက် မွန်းလွဲ ၁ နာရီက နေပြည်တော် ဒက္ခိဏသီရိမြို့နယ် ကျွန်းတက်ပဲ့ကျေးရွာအုပ်စု ဆည်စုကျေးရွာ ကျေးရွာဘက်စုံသုံးခန်းမ၌ ကျင်းပသည်။

နေပြည်တော် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်သင်းသင်းဇင်က ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန အနေဖြင့် ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းစဉ်များကိုလည်းကောင်း၊ မူးယစ်ဆေးစွဲသူများ ပြန်လည်ထူထောင်ရေးအသင်း (မြန်မာ) နေပြည်တော်အသင်းခွဲရုံး ဥက္ကဋ္ဌ ဦးဇော်အောင်က ယနေ့ ကျောင်းသားလူငယ်နှင့် မူးယစ်ဆေးဝါးအန္တရာယ်များကိုလည်းကောင်း၊ နေပြည်တော် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ အမှတ်(၁၀၁) တပ်စုမှ ဒုရဲအုပ်အောင်ဖြိုးဝေက မူးယစ်ဆေးဝါးသုံးစွဲမှုကြောင့် ဖြစ်ပေါ်လာသော အကျိုးဆက်များအကြောင်း သိကောင်းစရာများကိုလည်းကောင်း၊ မူးယစ်ဆေးစွဲသူများ ပြန်လည်ထူထောင်ရေးအသင်း (မြန်မာ) နေပြည်တော်အသင်းခွဲရုံး နာယက လူမှုဝန်ထမ်းဦးစီးဌာန အငြိမ်းစားညွှန်ကြားရေးမှူး ဦးမောင်မောင်တာက ပြန်လည်ထူထောင်ရေးလုပ်ငန်းများပြုလုပ်ပုံ အဆင့်ဆင့်တို့ကို ရှင်းလင်းဟောပြောခဲ့ကြောင်း သိရသည်။

ဒက္ခိဏခရိုင်(ပြန်/ဆက်)

ကျေးရွာပိုင် သစ်တောစိုက်ခင်း တွင် သစ်ပင် ၃၆၀၀၀ ကျော်စိုက်ပျိုးထား

ရေနံချောင်း စက်တင်ဘာ ၅

မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့နယ်ရှိ မြို့ရှောင်လမ်း မိုင်တိုင်အမှတ် (၂/၆) အနီးတွင် ယင်းမာချောင်းကြိုးပြင်ကာကွယ်တော၌ ကျေးရွာသုံး သစ်တောစိုက်ခင်းအဖြစ် စီမံချက်ချအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ စိုက်ဧက ၃၀ ကျော်ရှိပြီး စိုက်ပျိုးပင် ၃၆၀၀၀ ကျော် စိုက်ပျိုးထားကြောင်း သိရသည်။

"ကျွန်တော်တို့ သစ်တောဦးစီးဌာနအနေနဲ့ သဘာဝသစ်တောတွေ အောင်မြင်ဖြစ်ထွန်းရှင်သန်စေဖို့၊ ဒေသစိမ်းလန်းစိုပြည်စေဖို့၊ သဘာဝတောများ ပိုမိုအကျိုးရှိစေဖို့၊ သစ်တောမပြုန်းတီးစေဖို့ ဆောင်ရွက်လျက်ရှိရာမှာ ကျေးရွာနေပြည်သူတွေကို သစ်တောထိန်းသိမ်းနည်းတွေ အသိပညာပေးလျက်ရှိပါတယ်။ ဩဂုတ်လ ဒုတိယပတ်က သန်းပင်ကုန်းကျေးရွာမှာ ဆွေးနွေးဟောပြောပွဲလုပ်ခဲ့တယ်၊ လက်ရှိသစ်တောကိုလည်း နေ့စဉ်ရေရှိရေးကအစ ထိန်းသိမ်းစောင့်ရှောက် ဆောင်ရွက်ပေးနေပါတယ်။ ဒီသစ်တောတွေကို ငါးနှစ်ကြာပါက ကျေးရွာကို ပြန်လည်လွှဲပြောင်းပေးမှာဖြစ်တဲ့အတွက် ကျေးရွာမှာရှိတဲ့ပြည်သူတွေ အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိပြီးတော့ လူမှုစီးပွားဖွံ့ဖြိုးရေးကို အထောက်အကူပြုမှာဖြစ်ပါတယ်" ဟု ယင်းဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

အဆိုပါ ကျေးရွာသုံးသစ်တောစိုက်ခင်းကို ခရိုင်နှင့် မြို့နယ်သစ်တောဦးစီးဌာနတို့၏ ကြီးကြပ်မှုဖြင့် တောအုပ်ဆလိုင်းဒယ်နီထွန်း၊ တောခေါင်းဦးလှမြင့်နှင့် ဝန်ထမ်းများက ၂၀၁၇ ခုနှစ်တွင် စိုက်ဧက ၁၀ ဧကဖြင့် ယူကလစ်ပင် ၁၂၁၀၀ စတင်စိုက်ပျိုးခဲ့ပြီး ယခုနှစ်တွင် စိုက်ဧက ၂၀ ဖြင့် ယူကလစ်ပင် ၂၄၂၀၀၊ မန်ဂျန်ရှား ၁၅၀၊ ဝါးပင် ၅၀ စုစုပေါင်းအပင် ၃၆၅၀၀ စိုက်ပျိုးထားရာ အောင်မြင်ဖြစ်ထွန်းလျက်ရှိပြီး ကျေးရွာပြည်သူများ ထင်း၊ မျောတိုင်များအဖြစ် အသုံးပြုနိုင်မည်ဖြစ်ကြောင်း သိရသည်။ **ဝေယံလင်း(ပြန်/ဆက်)**

ပြည်သူ့အကျိုးပြုလုပ်ငန်းများ တာချီလိတ်၌ ဆောင်ရွက်

တာချီလိတ်

တာချီလိတ်ခရိုင်ရဲတပ်ဖွဲ့သည် အောက်တိုဘာ ၁ ရက်တွင် ကျရောက်မည့်(၅၄) နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နှစ်ပတ်လည်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၅ ရက်က တာချီလိတ်မြို့ဘိုးဘွားရိပ်သာ၌ စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။

ထိုသို့ဆောင်ရွက်ရာတွင် ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးပေါ်ထွန်း၊ ဒုတိယခရိုင်ရဲတပ်ဖွဲ့မှူး ရဲမှူးအုန်းလွင်နှင့် မြို့နယ်ရဲတပ်ဖွဲ့မှူးရဲမှူးသန်းနုတို့ဦးဆောင်ပြီး လူကုန်ကူးမှုတားဆီးရေး ရဲတပ်ဖွဲ့ဝင်များ၊ မူးယစ်ရဲတပ်ဖွဲ့ဝင်များ၊ သတင်းတပ်ဖွဲ့ဝင်များ၊ ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များ၊ လေကြောင်းရဲတပ်ဖွဲ့ဝင်များ၊ မှုခင်းရဲတပ်ဖွဲ့ဝင်များ၊ ကမ္ဘာလှည့်ရဲတပ်ဖွဲ့ဝင်များ၊ စာရေးဝန်ထမ်းများနှင့် မိသားစုဝင်အမျိုးသမီးများ စုစုပေါင်း ၁၂၉ ဦးတို့သည် တာချီလိတ်မြို့ ဘိုးဘွားရိပ်သာ၌ ချုံနွယ်များ၊ မြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ ရေချိုးခန်း ရေအိမ်များ၌ သန့်ရှင်းရေးပြုလုပ်ခြင်းများ ဆောင်ရွက်ခဲ့ပြီး အလှူငွေကျပ် ၃၅၀၀၀၀ ကို စုပေါင်းလှူဒါန်းခဲ့ကြကြောင်း သိရသည်။

ဖြိုးလေး(တာချီလိတ်)

ကမ္ဘာ့ရှေးဦးပြုစုခြင်းနေ့အထိမ်းအမှတ် စွမ်းရည်ပြိုင်ပွဲကျင်းပ

ပဲခူး စက်တင်ဘာ ၅

မြန်မာနိုင်ငံကြက်ခြေနီအသင်း၊ ပဲခူးခရိုင်ကြက်ခြေနီကြီးကြပ်မှုကော်မတီက ဦးဆောင်၍ စက်တင်ဘာ ၅ ရက် နံနက် ၁၀နာရီခွဲက ပဲခူးမြို့ ရွှေမော်ဓောဘုရားလမ်းရှိတိုင်းဒေသကြီး အားကစားခန်းမ၌ ကမ္ဘာ့ ရှေးဦးပြုစုခြင်းနေ့အထိမ်းအမှတ် စွမ်းရည်ပြိုင်ပွဲ ပြုလုပ်သည်။

ပဲခူးခရိုင်ကြက်ခြေနီကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးနိုင်ဦးနှင့်တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဒုတိယတိုင်းဒေသကြီးဦးစီးမှူး ဒေါက်တာကိုဦးတို့က အဖွင့်အမှာစကားပြောကြားပြီး အကဲဖြတ်အမှတ်ပေးဒိုင်အဖွဲ့ဝင် ဦးမောင်မောင်(ဦးစီးမှူး ပထမတန်း-ငြိမ်း) ကပြိုင်ပွဲဆိုင်ရာစည်းကမ်းချက်များကို ရှင်းလင်းပြောကြားသည်။

(ဏ)	DMP/L-105(18-19)	Electronic Private Branch Exchange(2)Nos	Ks
(တ)	DMP/L-106(18-19)	Data Acquision, Data Processing Center and Interpreation Work Station (8) Items	Ks
(ထ)	DMP/L-107(18-19)	Mud Testing Equipment, Geological Survey Instrument & Field Equipment, Applied Research Centre and Mud Logging Unit (22) Items	Ks
(ဒ)	DMP/L-108(18-19)	Soft-Start (Model-3RW 4074-6BB44) (15)Nos	Ks
(ဓ)	DMP/L-109(18-19)	1000 KVA Transformer for CNG Station (1) No	Ks
(န)	DMP/L-110(18-19)	33/0.4 KV, 500 KVA Transformer & 11/6.6-0.4 KV, 500 KVA Transformer(2)Nos	Ks
(ပ)	DMP/L-111(18-19)	132 KW Main Motor (China) for L-Type CNG Compressor (1) No	Ks
(ဖ)	DMP/L-112(18-19)	Foam Pig (20) Nos	Ks
(ဗ)	DMP/L-113(18-19)	Welding Electrode (3) Items	Ks
(ဘ)	DMP/L-114(18-19)	Heat Shrinkable Sleeve and Closure Patches (2) Items	Ks
(မ)	DMP/L-115(18-19)	Gas Detector Equipment with Complete Accessories (5) Sets	Ks
(ယ)	DMP/L-116(18-19)	Mobile Welding Machine with Complete Accessories 600 AMP (2) Sets	Ks
(ရ)	DMP/L-117(18-19)	D3 T2 SR-I Drilling Rig DC Motors Control System Upgrading (1) Lot	Ks
(လ)	DMP/L-118(18-19)	Fire Fighting Truck (5000 Liter) (1) Unit	Ks
(ဝ)	Container(2/2018)	ကွန်တိန်နာသယ်ယူပို့ဆောင်ခြင်းလုပ်ငန်း (ရန်ကုန်ဆိပ်ကမ်းများမှ သာကေတရေနံအခြေစိုက်စခန်းသို့ အသွား/အပြန်) (၁-၁၀-၂၀၁၈ မှ ၃၁-၃-၂၀၁၉ထိ ၆ လ အတွက်)	Ks

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ကြော်ငြာပါသည့်နေ့မှစ၍ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၏ Web Portal (www.moee.gov.mm)၌ အသေးစိတ်ကြည့်ရှု၍ အခမဲ့ Download ရယူနိုင်ပါသည်။ တင်ဒါပုံစံများအား ရောင်းချမည်မဟုတ်ပါ။

၃။ အဆိုပါအိတ်ဖွင့်တင်ဒါများအနက် အမှတ်စဉ် (က)မှ(လ)အထိကို ၂-၁၀-၂၀၁၈ရက် (၁၄း၀၀)နာရီတွင် နောက်ဆုံးထား၍လည်းကောင်း၊ အမှတ်စဉ်(ဝ)ကို ၁၈-၉-၂၀၁၈ရက် (၁၄း၀၀)နာရီတွင် နောက်ဆုံးထား၍လည်းကောင်း ပစ္စည်းစီမံဌာန၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ရုံးအမှတ်(၄၄)၊ နေပြည်တော်သို့ (လူကိုယ်တိုင်) လာရောက်ပေးသွင်းရန် ဖြစ်ပါသည်။

မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း
ဖုန်း-၀၆၇-၄၁၁၂၀၆



လူသားတိုင်း ကျန်းမာသက်ရှည်စေရန်အတွက် ခန္ဓာကိုယ်တွင်း တိတ်တဆိတ်အကျိုးပြုနေသော ဘဝလက်တွဲဖော် အဏုဇီဝပိုးလေးများကြောင့်ရရှိနိုင်သည့် ကျန်းမာရေးအကျိုးကျေးဇူးများအကြောင်းကို အသေးစိတ်လေ့လာဖတ်ရှုရမည့်
ဒေါက်တာခင်မောင်လွင် (FAME) ရေးသားပြုစုသော
ဘဝလက်တွဲဖော်အစစ် ပရိုဘိုင်အိုတစ်
ဒုတိယအကြိမ်
ထွက်ပါပြီ
Ph: 01-3682 199, 3685 083, 3685 609

အများသိစေရန်ကြော်ငြာခြင်း

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ အမှတ်(၃)ရပ်ကွက်၊ နွယ်သာဂီလမ်း၊ မြေတိုင်းအမှတ် ယ-၁၅၊ မြေကွက်အမှတ်-၆၊ အကျယ်အဝန်း ပေ(၆၀×၈၀) ဟုခေါ်တွင်သည့် ဗိုလ်ကြီးဝင်းနိုင်အမည်ပေါက်တည်ရှိသော ပါမစ်မြေကွက်ကို အရပ်စာချုပ်အဆင့်ဆင့်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသော ဦးစံသိန်းထံမှ ဖော်ပြပါမြေကွက်ကို ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ထိုမြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်ရက်မှ(၇)ရက်အတွင်း ကျွန်ုပ်ထံသို့ အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်နိုင်ကြောင်း သတ်မှတ်ရက်ကျော်လွန်ပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်စန်းချိုဦး LL.B,D.B.L
တရားလွှတ်တော်ရှေ့နေ (စဉ်-၇၉၇၀/၂၀၁၁)
အမှတ်-၆၄၆၊ အခန်း-၂/၄၊ ရန်ကုန်-အင်းစိန်လမ်းမကြီး၊ (၁၂)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉-၇၃၀၃၆၁၃၉

ကန့်ကွက်နိုင်ကြောင်းကြေညာချက်

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ သာယာကုန်းရပ်ကွက်၊ နှင်းဆီလမ်း၊ တိုက်အမှတ်(၁၀)၊ အခန်းအမှတ်(၀၂၂)နှင့်(၀၂၃)၊ အကျယ်အဝန်းအလျား ၂၈ပေ×အနံပေ ၅၀စီရှိသော တိုက်ခန်းနှင့်တကွ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို တရားဝင်ပိုင်ဆိုင်လျက်ရှိသော ဒေါ်ဆွေဆွေအောင် [TRY-၀၀၆၁၂၈]၊ ဒေါ်ဝေဝေအောင်[၁၂/မဂတ(နိုင်)၀၁၉၃၉၉]နှင့် ဒေါ်ချိုချိုအောင်[၁၂/မဂတ(နိုင်)၀၁၉၃၉၈]တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေက တိုက်ခန်းကို အပြီးအပိုင် တရားဝင်လက်ရောက်ဝယ်ယူရန်အတွက် ဆောင်ရွက်ပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက အရောင်းအဝယ်ကိစ္စကို တိကျခိုင်လုံသော တရားဝင် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးမြောက်အောင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးစိန်မြိုင်(စဉ်-၂၅၉၄/၁၉၈၄)
တရားလွှတ်တော်ရှေ့နေ
LL.B,M.A(Business Law),MDev.S(Master of Development Studies)
D.B.L,D.M.L,D.I.L,D.A Psy.,D.I.R (with credit).
အမှတ်(၃၃/၄၉)၊ Strand Condominium၊ အခန်းအမှတ်(၃၇)၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉-၅၀၃၇၅၅၉၊ ၀၉-၇၉၉၅၆၇၀၄၄

နယူးနီလာဗုဒ္ဓဂါယာဘုရားဖူးအဖွဲ့

နီလာဗုဒ္ဓဂါယာ (၁၂) နှစ်ကြာတာဝန်ထမ်းဆောင်ခဲ့သော ဒါရိုက်တာ ဦးအောင်ဒွေး မှ နယူးနီလာ Travel & Co.,Ltrd (ပါရာဂွန် ဗုဒ္ဓဂါယာဘုရားဖူးအဖွဲ့) ကို ဖန်းဒေါ်စန္ဒာဝင်းနှင့် အတူ ဖွင့် လှစ်လိုက်ပါသည်။

စရိတ်ငွေကျပ် (၂) သိန်းဖြင့် (၉) ဦးစုစည်း တကြိမ်နှုန်း တဖြင့်စာရင်းပေးသွင်းပါက (၁) ဦး အခမဲ့လိုက်ပါခွင့်ပြုပါသည်။

သံဝေဇနီယ(၄)ဌာနအဝိဇဟိတ(၄)ဌာန နယူးအဆီတစ်ရုံတော(၁၅)ရက်ဆိုးဆိုင်အိန္ဒိယနီပေါ (စရံငွေ ၂၀၀၀၀၀ ကျပ် +US 750)

သံဝေဇနီယ(၄)ဌာနအဝိဇဟိတ(၄)ဌာန နယူးအဆီတစ်ရုံတော+ ကိုလံဘွား(၁၅)ရက်ဆိုးဆိုင် (စရံငွေ ၂၀၀၀၀၀ ကျပ် +US 800)

သံဝေဇနီယ (၄) ဌာန၊ အဝိဇဟိတ (၃) ဌာန၊ တစ်ပတ်ဆိုးဆိုင် (စရံငွေ ၂၀၀၀၀၀ ကျပ် +US 550)

Spet (15)ရက်မတိုင်ခင် စာရင်းပေးသွင်းသော ဘုရားဖူးများအားစရံငွေ (၂)သိန်းမှ ၁ ဦးလျှင် (၅)သောင်းစီလျှော့ပေးမည်ဖြစ်သဖြင့် အမြန်ဆုံး လာရောက်အပ်နှံကြပါရန် ဦးအောင်ဒွေး မှ ဖိတ်ကြားအပ်ပါသည်။ (နှစ်စဉ်နှစ်တိုင်းလာလျှင်ဖြင့် ဗုဒ္ဓဂါယာဘုရားကြီး ဖူးမျှော်နိုင်မည့်အခွင့်အရေး)

တိုက်(ဘီ-၁) အခန်း(၁၀၁) ပထမထပ်၊ သီရိမင်္ဂလာဥယျာဉ်အိမ်ရာ၊ ကမ်းနားလမ်း၊ လှတ်လမ်းရောက်ကွက်၊ အလုံမြို့နယ်၊ရန်ကုန်တိုင်း။ ဖုန်း ၀၉-၇၉၉၄၂၂၇၄၀၊ ၀၉-၅၀၈၉၆၂၅၊ ၀၉-၅၀၇၁၅၈၉၊ ၀၉-၅၀၅၂၉၇၃

India Bodha Gaya, Muhalli Pachati, No.7, Bihar.
Ph: 00919264102859, 00917091999395
Viber: 5052973 / Office: 899060007
Email: newnilar@gmail.com./Facebook: New Nilar

သုံးရာသီ (မန္တလေး)

ပုဂံ၊ ပုပ္ပါး၊ ဘုရားဖူးခရီးစဉ်များ ...
+420144148, 421153797

ရွှေအိုးကြီး

Sep-25
ပုပ္ပါး-အဘဖူးကျက်မှု ၊ မန္တလေး ... Hotel (110000)
... Hotel (100000)
09421073634, 777636630

WONDERLAND Car Rental

Alphard/Hiace/Saloon/Express
(၂၉၊၃၃၊၄၅ယောက်စီး)များကို ခရီးစဉ်အမျိုးမျိုးအတွက်ငှားရမ်းနိုင်ပါသည်။
Ph:09-254545519
09-795549249

မြတ်ဗောဓိ

ဗုဒ္ဓဂယာအသင့်မြင့်ဘုရားဖူးအဖွဲ့ "October Promotion ခရီးစဉ်"

၁၅ရက် -၁၁. ၅သိန်း (Oct-5 ,26) နှင့် ၈ရက် -၉. ၆သိန်း (Oct-19)

၈ ရက်ခရီး – 570 $ + 150,000ကျပ် – သံဝေဇနီယ(၄)ဌာန၊ အဝိဇဟိတ (၃)ဌာန (အိန္ဒိယ-နီပေါ)
(Nov-12)(Dec-7)(Jan-21)(Feb-18)(Mar-18)(Apr-12)

၁၂ ရက်ခရီး – 650 $ + 150,000ကျပ်– သံဝေဇနီယ(၄)ဌာန၊ အဝိဇဟိတ (၄)ဌာန (သက်သာနှုန်း) (Nov-23)(Dec-17)(Jan-7)(Feb-1)(Mar-1)(Apr-1) ဘုရားဌာန အားလုံး (အိန္ဒိယ-နီပေါ) အထူးခရီးစဉ်

၁၅ ရက်ခရီး – 720 $ + 150,000ကျပ်– သံဝေဇနီယ (၄)ဌာန၊ အဝိဇဟိတ (၄)ဌာန၊ ဝင်္ကမြစ်အာဂရာ (တပ်ချပ်မဟာ) နယူးဒေလီနေရာစုံ (အိန္ဒိယ-နီပေါ)
(Nov-9,24)(Dec-14,29)(Jan-18)(Feb-2,23)(Mar-9,23)(Apr-5)

(၁၀) ဦး တစ်ဖွဲ့ (၁) ဦးလက်ဆောင်ပေးသည်၊ နယ်မှ ဧည့်သည်များ ကြို/ပို့ တည်းခိုရေး အခမဲ့ပေးသည်၊ ယာဉ်နှင့်ဆွမ်း ရေချမ်း ပန်း ၊ သစ်သီးဆွမ်း၊ India GSM Simcard နှင့် ကားပေါ်တွင် Internet Wifi Free Servcie ဘုရားဌာန (၄)ဌာနတွင် စုပေါင်းကြာသပိန်း (၁၀) ထည်၊အိပ်ယာခင်း၊ခေါင်းအုံးစွပ် မွေ့ရာကပ်နေပေးသည်၊ ဒေလီနှင့် အာဂရာတွင် ဟိုတယ် (၂)ညအိပ်၍ နံနက်/ နေ့လည်/ ညစာဖြင့် စည့်ခံကျွေးမွေးမည်၊ ကားညမောင်း (လုံးဝ) မပါဝင်၊နိုင်ငံကူးလက်မှတ်မရှိလျှင်ကူညီဆောင်ရွက်ပေးပါသည်။

ရန်ကုန်မြို့တွင်းအိမ်အရောက်ဝန်ဆောင်မှုပေးပါသည်။ ခရီးစဉ်အားလုံး ခရီးတင်ပြီးမည်။

မြတ်ဗောဓိရုံးခန်းတွင် (DVD) အခွေနှင့် ဝန်ဆောင်မှုလက်ကမ်းစာစောင်များ အခမဲ့လာရောက်ယူနိုင်ပါသည်။ ရန်ကုန်ရုံးချုပ်အမှတ်(၁၃၃၊၁၃၅၁၃၇)၊အခန်း(၃/အေ)၊လမ်း(၄၀)၊ကုန်သည်လမ်းနှင့်မဟာဗန္ဓုလလမ်းကြား၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ Ph : 09 49338595, 09 788304828, 09 263125261, 09 420134528
မန္တလေးရုံးခွဲ ... Ph : 09 797512889

စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန
စိတ်ဝင်စားမှုဖော်ပြခြင်းအဆိုပြုလွှာခေါ်ယူခြင်း
(Expression of Interest Invitation)

၁။ စက်မှုဝန်ကြီးဌာန၊ ကချင်ပြည်နယ် စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာနပိုင် မြေနေရာ(၀. ၃၅၉)ဧကတွင် Shopping Mall၊ ရုံးခန်းများနှင့် ဟိုတယ်ဖွင့်လှစ်နိုင်မည့် အဆောက်အဦများတည်ဆောက်ရေးကို BOT စနစ်ဖြင့် ပုဂ္ဂလိကနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်မည်ဖြစ်ပါသည်။ ဌာနဘက်မှ ကာလပေါက်ဈေးဖြင့် တွက်ချက်ထားသော မြေနေရာတန်ဖိုးနှင့် လုပ်ငန်းရှင်ဘက်မှ ကျခံမည့် အဆောက်အဦနှင့် အထွေထွေကုန်ကျစရိတ်တို့ကိုစိစစ်ပြီး အကျိုးအမြတ်အချိုးသတ်မှတ်မည်ဖြစ်ပါ၍ စိတ်ဝင်စားသော ပုဂ္ဂလိကလုပ်ငန်းရှင်များအနေဖြင့် ဆက်သွယ်ဆောင်ရွက်နိုင်ရန် EOI ဖိတ်ခေါ်အပ်ပါသည်-

(က) တည်နေရာ - အမှတ်(၁၃၉/ဃ)၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ ဈေးကြီးလမ်းထောင့်၊ မြို့မရပ်ကွက်၊ မြစ်ကြီးနားမြို့။
(ခ) လျှောက်လွှာစတင်ရောင်းချမည့်ရက် - ၆-၉-၂၀၁၈ရက် ၉း၀၀နာရီမှ ၁၆း၃၀နာရီထိ
(ဂ) လျှောက်လွှာပိတ်မည့်ရက်နှင့်အချိန် - ၅-၁၀-၂၀၁၈ရက် ၁၆း၃၀နာရီထိ
(ဃ) website လိပ်စာ - www.industry.gov.mm
(င) လျှောက်လွှာပေးသွင်းရမည့်နေရာ - ဉက္ကဋ္ဌ၊ တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ၊ စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန၊ စက်မှုဝန်ကြီးဌာန၊ ရုံးအမှတ်(၃၁)၊ နေပြည်တော်။
(စ) လျှောက်လွှာတစ်စောင်လျှင် - ၅၀၀၀၀/-

၂။ အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါလိပ်စာတွင် ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်-

စက်မှုကြီးကြပ်ရေးဌာန၊ စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန၊
စက်မှုဝန်ကြီးဌာန၊ ရုံးအမှတ်(၃၁)၊ နေပြည်တော်။
ဖုန်း-၀၆၇-၃၄၀၈၂၉၁

မိခင်အမည်မှန်

ထားဝယ်ခရိုင်၊ သရက်ချောင်းမြို့နယ်၊ အထကချောင်းဝပြင်၊ တက္ကသိုလ်ဝင်တန်း(B)မှ ကျောင်းဝင်အမှတ်-၀၆၂/၁၆ဖြစ်သူ မောင်အောင်မြင့်မြတ်၏ မိခင် အမည်မှန်မှာ ဒေါ်နှင်းထွေး [၆/သရခ(နိုင်)၀၁၀၀၂၀] ဖြစ်ပါကြောင်း။

ဖခင်အမည်မှန်

မင်္ဂလာဒုံမြို့နယ်၊ ထောက်ကြန့် အထက(၃) နဝမတန်း (ဂ)မှ မဖြူဇင်ခိုင်၏ ဖခင်အမည်မှန်မှာ ဦးတင်ခိုင် ဖြစ်ပါကြောင်း။

ဦးတင်ခိုင်

ဖခင်အမည်မှန်

ကျုံပျော်မြို့နယ်၊ အထက အထောင် ဒသမတန်း(C)မှ ကျောင်းဝင်အမှတ်(၁၆၀၆၆)နန့်အေးအေးမိုး၏ ဖခင်အမည်မှန်မှာ မန်းတင်မိုး [၁၄/ကပန(နိုင်)၂၅၉၁၀၅] ဖြစ်ပါကြောင်း။ **မန်းတင်မိုး**

ROSE HILL HOSPITAL

အမှတ်(၂၀)A၊ ကမ္ဘာအေးဘုရားလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။

Ph:558401/552547

(1)	Senior Medical Officer (M.B.B.S)ဘွဲ့ရ လုပ်သက်သုံးနှစ်ရှိသူ။	(၂)ဦး
(2)	Medical Officer (M.B.,B.S)ဘွဲ့ရ	(၃)ဦး
(3)	Sister လုပ်ငန်းအတွေ့အကြုံရှိသူ	(၁)ဦး
(4)	Trained Nurse	(၂)ဦး
(5)	Pharmacy incharge (B-Pharm)ဘွဲ့ရ	(၂)ဦး
(6)	သန့်ရှင်းရေး	(၁)ဦး

လျှောက်ထားလိုသူများသည် ကိုယ်ရေးရာဇဝင်၊ သန်းခေါင်စာရင်းမိတ္တူ၊ မှတ်ပုံတင်မိတ္တူနှင့်အတူ (၁၀)ရက်အတွင်း ရိုက်ထားသောဓာတ်ပုံ(၁)ပုံ၊ ပညာအရည်အချင်းအထောက်အထား၊ ဆက်သွယ်ရန်လိပ်စာ၊ ရပ်ကွက်ထောက်ခံစာ တို့နှင့်အတူ လူကိုယ်တိုင်လာရောက်လျှောက်ထားနိုင်ပါသည်။
(နံနက် ၁၀နာရီမှ ညနေ ၄နာရီအတွင်းလာရောက်လျှောက်ထားနိုင်ပါသည်။)

ဖခင်အမည်မှန်

ဘိုကလေးမြို့၊ အထက(၂) အဌမတန်း(B)ခန်းနေ မောင်ဇင်မျိုးပိုင်၏ ဖခင်အမည်မှန်မှာ ဦးမျိုးသန့် [၁၄/မအပ(နိုင်)၁၂၃၃၃၃]ဖြစ်ပါကြောင်း။

ဦးမျိုးသန့်

ဖခင်အမည်မှန်

ဘိုကလေးမြို့နယ်၊ ဟေမာန် အထက ဒသမတန်း အတွဲ(၁)မှ မဇာဇာလွင်၏ ဖခင်အမည်မှန်မှာ ဦးမင်းနိုင် [၁၄/ဘကလ(နိုင်)၃၀၀၆၃၆] ဖြစ်ပါကြောင်း။

ဦးမင်းနိုင်

ဖခင်အမည်မှန်

ဘိုကလေး အထက (၂) ဒသမတန်း အတွဲ(၁) (B)ခန်းနေ မောင်တိုးဝေအောင်၏ ဖခင်အမည်မှန်မှာ ဦးသိန်းဟန် [၁၄/ဘကလ(နိုင်)၂၇၁၁၃၀] ဖြစ်ပါကြောင်း။

ဦးသိန်းဟန်

AAS Air.con Services

Air.con ရေကျလို့လား? Servicing လုပ်လိုက်ရင် ကောင်းသွားမှာပါ။

- သယ်န်းကျွန်း ဆိုင်ခွဲ 01-573811,578957
- တာမွေ ဆိုင်ခွဲ 09-5054228
- မြောက်ဥက္ကလာ ဆိုင်ခွဲ 09-8614140
- လမ်းမတော် ဆိုင်ခွဲ 09-420033454
- မန္တလေး ဆိုင်ခွဲ 09-450236294 09-772013711

အမည်ပြောင်း

ဘိုကလေးမြို့၊ အထက(၂) ဒသမတန်း အတွဲ(၁)(B)ခန်းနေ အဖ ဦးသန်းစိုး၏သား မောင်ထက်မြက်စိုး အား မောင်ထက်မြတ်စိုးဟု ပြောင်းလဲခေါ်ပါရန်။ **မောင်ထက်မြတ်စိုး**

ရောင်ခြည်သစ်

အိမ်ပြောင်း/အိမ်ရွှေ့လုပ်ငန်း
10',14',15' ကားများဖြင့် လုပ်သားအပြီးအစီးမြို့တွင်း/နယ်ဝေး ဝန်ဆောင်မှုပေးသည်၊
Ph:09-450454771
09-450454772
09-450454773

THREE STAR

Air-Con , ရေခဲသေတ္တာ၊ အဝတ်လျှော်စက် ပြုပြင်ခြင်း၊ တပ်ဆင်ခြင်း၊ ရောင်းဝယ်ခြင်း၊ လဲလှယ်ခြင်း ဆေးကြောသန့်စင်ခြင်းလုပ်ငန်း။

Split Type Air-con Brand New 1HP
၃ နှစ် အာမခံ
တပ်ဆင်ပြီးဈေးနှုန်း 300000-Ks
(Copper Pipe-10', Drain Pipe, Wire, Safeguard, Frame, Transportation)
"အနီးဆုံးဆိုင်သို့ ဆက်သွယ်ရန်"

တောင်ဥက္ကလာ - 705784, 09-5163480
လှိုင်မြို့နယ် - 09-401505153, 09-420186543
ဗဟန်းမြို့နယ် - 09-428192157, 09-252833530
စမ်းချောင်း - 09-450047285, 09-250161435
မင်္ဂလာတောင်ညွန့် - 09420047153, 09-250069932
မ/ဥက္ကလာပ - 0943131601, 09400882811

နန်းထိုက်အောင်

အိမ်ပြောင်း/အိမ်ရွှေ့ဝန်ဆောင်မှုလုပ်ငန်း
လူကြီးမင်းတို့၏ အိမ်ခန်း ရုံးခန်း ဆိုင်ခန်းများ ပြောင်းရွှေ့ခြင်းအတွက် အလုပ်သမားနှင့် ကားစီစဉ်ပေးသည်။
09 3128 2593
09 3128 2594
09 3128 2595

ခရုသင်း (သမင်ဖြူ) LEUCODERMA

ခရုသင်း (သမင်ဖြူ)၊ ဖြူနီနက်ကွက်များ၊ အနာကြီးရောဂါ၊ ယားနာ၊ ပွေး၊ ဝဲ၊ နှင်းခူ နှင့် အရေပြားရောဂါအမျိုးမျိုးကို ကုသပေးသည်။

သတ္တိမောင်

အသီးများ၍ ဗိုက်ချပ်လိုသူများ၊ ဝမ်းပျော့ ဝမ်းမှန်လိုသူများအတွက် . . .

သတ္တိမောင် အမှတ်တံဆိပ်

ရှားစောင်းလက်ပပ်ဝမ်းပျော့ဝမ်းမှန်ဆေး
ဆိုင်တိုင်းမေး

တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ် TMR012605(0320)
တဆထက စာနယ်ဇင်း ၂၂၃/၀၈၁၁

ပင်ရင်း
စုစေတနာ တိုင်းရင်းဆေးဝါးထုတ်လုပ်ရေး ၁၄/၁၉၊ မဉ္ဇူလမ်း၊ စက်မှုဇုန်၊ ပုသိမ်မြို့။
ဖုန်း ၀၉ ၄၉၂၃၅၀၈၊ ၀၉ ၂၆၁၉၉၃၆၅၃၊ ၀၉ ၄၂၂၄၄၃၈၄၅

" 30 % ပေးချေပြီးသည် နှင့် သော့ရရှိနိုင်မည့် အခွင့်အရေး "

Luxury House

2Storey Single Shop House

(36)လတိတိ အရစ်ကျပေးချေနိုင်သည့် အခွင့်အရေး........

- လှိုင်သာယာမြို့နယ်စက်မှုဇုန်များ၏အနီးတွင်တည်ရှိသော ရွှေကမ်းသာယာ အိမ်ရာ
- ပန်းလှိုင်၊ ဘုရင့်နောင်၊ အောင်ဇေယျ၊ ရွှေပြည်သာ တံတား(၄)ခင်းအနီးတွင်တည်ရှိ၍လွယ်ကူစွာ သွားလာနိုင်သောနေရာ ....
- နေထိုင်ရန်နှင့်စီးပွားရေးလုပ်ရန်အတွက်ပေါင်းစုထားသောနေရာ ....
- နေထိုင်သူများအတွက်အဆင်ပြေကျေနပ်မှုရှိစေရုံသာမက စီးပွားရေးလုပ်ရန်၊ ဆိုင်ခန်းဖွင့်ရန် ကောင်းမွန်သောနေရာ ....
- ခေတ်မှီကလေးကစားကွင်း၊ ဘောလုံးကွင်းနှင့်အားကစားလေ့ကျင့်နိုင်သည့် ပစ္စည်းများပါရှိမည်ဖြစ်သောကြောင့် လူကြီးလူငယ်အပန်းဖြေပျော်ရွှင်စေနိုင်မည့်နေရာ . . . .

ဖုန်း-၀၉၅၀၅၃၅၊၀၉၆၀၀၈၃၊၀၉၅၀၄၃၆၊၀၉၆၃၅၇၈ သို့ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

အထူးကျေးဇူးတင်ရှိခြင်း

၂၇-၈-၂၀၁၈ ရက် ည ၉း၃၀ နာရီတွင် ကွယ်လွန်သွားသော ချစ်လှစွာသောဖခင်ကြီး ဦးပီစိန် (အငြိမ်းစား၊ ဘဏ္ဍာရေးမှူး၊ ဗဟိုသုတေသနလုပ်ငန်း) နာမကျန်းဖြစ်ချိန်မှစ၍ ဈာပနအခမ်းအနားပြီးစီးချိန်အထိ စေတနာ မေတ္တာကြီးစွာဖြင့် အားပေးကူညီ စောင့်ရှောက်ပေးခဲ့ကြသော ရဟန်း သံဃာတော်များ၊ ဆွေမျိုးသားချင်းများ၊ ဗဟိုသုတေသနလုပ်ငန်းမှ ဖခင်ကြီး၏လုပ်ဖော်ကိုင်ဖက်မိတ်ဆွေများ၊ မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်၊ မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်း၊ မြန်မာနိုင်ငံကွန်ပျူတာလုပ်ငန်းရှင်အသင်း၊ မြန်မာနိုင်ငံကွန်ပျူတာဝါသနာရှင်အသင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ကွန်ပျူတာပညာရှင်အသင်းများနှင့် ကွန်ပျူတာလုပ်ငန်းရှင်အသင်းများမှ ဥက္ကဋ္ဌများနှင့် အမှုဆောင်ဆရာ၊ ဆရာမများ၊ MOGE မှ လုပ်ဖော်ကိုင်ဖက်များ၊ Total E & P MYANMAR မှ လုပ်ဖော်ကိုင်ဖက်များ၊ COMPUTECH မှတာဝန်ရှိသူများ၊ ရန်ကုန်တက္ကသိုလ် (ဓာတုဗေဒနှင့်ရူပဗေဒ) ဘာသာရပ်တို့မှ သူငယ်ချင်းများ၊ အထက(၁) ဒဂုံ၊ ပညာရေးတက္ကသိုလ်လေ့ကျင့်ရေးကျောင်း (TTC၊ ကမာရွတ်)၊ အမက(၅) ဒဂုံမှ ငယ်သူငယ်ချင်းများ၊ တောင်ငူမြို့မှ ဆွေမျိုးမိတ်သင်္ဂဟများ၊ လှိုင်မြို့နယ်၊ (၅)ရပ်ကွက်၊ မြကန်သာအိမ်ရာမှ ရပ်ဆွေရပ်မျိုးမိတ်ဆွေများ၊ လူကိုယ်တိုင်မလာရောက်နိုင်သော်လည်း စာ၊ ဖုန်း၊ အီးမေးလ်၊ Facebookတို့မှ ဆက်သွယ်အားပေးကြသော မိတ်ဆွေများ၊ နာမကျန်းဖြစ်သည့်အချိန်မှ ကွယ်လွန်ချိန်အထိ အဘက်ဘက်မှ ဝိုင်းဝန်းပံ့ပိုးကူညီလှူဒါန်းလုပ်ကိုင်ပေးကြသူအားလုံးနှင့် ကျေးဇူးတင်ထိုက်သူအားလုံးကို ကျန်ရစ်သူမိသားစုများက အထူးကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းတင်ဖော်ပြအပ်ပါသည်။

ကျန်ရစ်သူမိသားစု

မူး
ယစ်
ကို
ပစ်
ပန်း
တိုင်
သစ်
စိတ်
သစ်
လူ
သစ်
ဘဝ
သစ်

အထူးဝမ်းနည်းကြေကွဲခြင်း

၁၉၆၅ ခုနှစ်မှ ၁၉၈၅ ခုနှစ်အထိ (စင်ထရယ်) အ-ထ-က(၁) လသာ ကန်တော့ခံဆရာကြီး ဦးထွန်းအောင်သည် ၂၄-၆-၂၀၁၈ ရက်တွင်လည်းကောင်း၊ ဆရာမကြီး ဒေါ်ခင်ဆွေ (၇၄)နှစ်သည် ၃၁-၈-၂၀၁၈ ရက်တွင်လည်းကောင်း ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

၁၉၆၅ ခုနှစ်မှ ၁၉၈၅ ခုနှစ်အထိ (စင်ထရယ်)
အ-ထ-က(၁)လသာ ကန်တော့ခံဆရာကြီး
ဆရာမကြီးများနှင့် ကျောင်းသားဟောင်းကြီးများ

အထူးဝမ်းနည်းကြေကွဲခြင်း
ဒေါ်မြစိန် (မွန်ပြည်နယ်၊ ပေါင်မြို့နယ်)
အသက် (၇၄) နှစ်

ဦးတင်လှိုင်-ဒေါ်သန်းသန်းဝင်း(ကျော်ကြားအိမ်ဆောက်ပစ္စည်းနှင့် အိမ်တွင်းအလှဆင်ပစ္စည်းရောင်းဝယ်ရေး၊ မော်လမြိုင်)တို့၏မိခင်ဖြစ်သူ ဒေါ်မြစိန်သည် ၃၀-၈-၂၀၁၈ (ကြာသပတေးနေ့) ၄း၅၀ နာရီတွင် ကွယ်လွန်သွားကြောင်းကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

ဦးခင်ဝင်း(ညွှန်ကြားရေးမှူး-ငြိမ်း)
အမှတ်(၁၁၃)၊ ဈေးကြိုဆန်တန်းရပ်၊
အေးရိပ်ငြိမ်၊ မော်လမြိုင်

ဝမ်းနည်းကြေကွဲခြင်း
ဒေါ်ခင်သန်းဝင်း(မိုးကုတ်)
အသက်(၇၂)နှစ်
B.E(Text-70) 64 Intake RIT
လက်ထောက်စက်ရုံမှူး(ငြိမ်း)၊ သမိုင်းချည်မျှင်နှင့်အထည်စက်ရုံ

သူငယ်ချင်း ဒေါ်ခင်သန်းဝင်းသည် ၃-၉-၂၀၁၈ (တနင်္လာနေ့) နံနက် ၁၀း၂၀ နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

ရန်ကုန်စက်မှုတက္ကသိုလ် (၁၉၆၄-၁၉၆၅)
ပထမနှစ် ကျောင်းသား/ကျောင်းသူဟောင်း သူငယ်ချင်းများ

အထူးဝမ်းနည်းကြေကွဲခြင်း
ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး
ဒေါ်တင်လှ
အသက် (၇၁) နှစ်

ဦးမင်းနိုင်-ဒေါ်ဖွေးနန္ဒာမြင့်သိန်း (တွဲဖက်အထွေထွေအတွင်းရေးမှူး-၄၊ မြန်မာနိုင်ငံဟိုတယ်ဆိုင်ရာလုပ်ငန်းရှင်များအသင်း)တို့၏မိခင်ကြီး ဒေါ်တင်လှ အသက်(၇၁)နှစ်သည် ၁-၉-၂၀၁၈ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါကြောင်း။

မြန်မာနိုင်ငံဟိုတယ်ဆိုင်ရာလုပ်ငန်းရှင်များအသင်း

"(၂၅-၉-၂၀၁၄) နေ့စွဲပါမြေရှင်နှင့်ကန်ထရိုက်တာတို့၏ RCC/BCC (၂)ခန်းတွဲ (၆)ထပ်တိုက်သစ်ဆောက်လုပ်ရန် နှစ်ဦးသဘောတူကတိစာချုပ်အား ဖျက်သိမ်းကြောင်း ကန်ထရိုက်တာ ဦးလှထွန်းအောင်နှင့် အများသိစေရန်ကြော်ငြာခြင်း"

ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ်၊ (၇) ရပ်ကွက်၊ မရမ်းမြိုင်လမ်း အမှတ် (၁၀) နေ ဒေါ်သန္တာဦး (၁၂/လမန (နိုင်) ၀၀၆၈၈၂) ၏ လွှဲအပ်ညွှန်ကြားချက်အရ ကြော်ငြာအပ်ပါသည်။

လူကြီးမင်း နှင့် ကျွန်ုပ်၏မိတ်ဆွေတို့သည် "(၂၅-၉-၂၀၁၄) နေ့စွဲပါ မြေရှင်နှင့် ကန်ထရိုက်တာတို့၏ RCC/BCC (၂)ခန်းတွဲ (၆)ထပ် တိုက်သစ်ဆောက်လုပ်ရန် နှစ်ဦးသဘောတူကတိစာချုပ်" အား ချုပ်ဆိုပြီး သည့်နေ့မှ စ၍ ယနေ့အထိ တိုက်သစ်ဆောက်လုပ်ရန်အတွက် ကျွန်ုပ်၏မိတ်ဆွေမှ (၄)နှစ်ကျော် စောင့်ဆိုင်းခဲ့ပါသည်။ လူကြီးမင်းသည် ယနေ့အချိန်ထိ တိုက်သစ်ဆောက်လုပ်ရန် မည်သည့်လုပ်ငန်းများကိုမျှ လုပ်ကိုင်ဆောင်ရွက်ထားခြင်းမရှိကြောင်း တွေ့ရှိရပါသဖြင့် (၂၅-၉-၂၀၁၄) နေ့စွဲပါ ကတိစာချုပ်အားဖျက်သိမ်း ကြောင်း ကန်ထရိုက်တာ ဦးလှထွန်းအောင်နှင့် အများသိစေရန် ကြော်ငြာအပ်ပါသည်။

ဒေါ်သန္တာဦး၏လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်ဝင်းမာဦး (LL.B)
အထက်တန်းရှေ့နေ (စဉ်-၄၄၇၀၂)
အမှတ် (၈၂၈/ခ) ကောလှမင်းလမ်း (၁၂) ရပ်ကွက်၊ ဒဂုံ (အရှေ့ပိုင်း) မြို့နယ်၊
ရန်ကုန်မြို့။ ဖုန်း- ၀၉ ၇၈၀၆ ၂၉၂၅၂

ဝမ်းနည်းကြေကွဲခြင်း

Lizstar Shipping Co., Ltd ၏ MV BRILLIANT VENUS သင်္ဘောတွင် တာဝန်ထမ်းဆောင်နေသော Capt: အောင်နိုင်စု၏ဖခင် ဦးဘစု(နောင်ချိုမြို့) အသက်(၉၃)နှစ် မီးရထားလမ်းဗိုလ်(ငြိမ်း-Engineering New Course)သည် ၃-၉-၂၀၁၈ (တနင်္လာနေ့) နံနက် ၄း၂၀ နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဥက္ကဋ္ဌ၊ MD နှင့်
Lizstar Shipping Co.,Ltd ဝန်ထမ်းများ

အထူးဝမ်းနည်းကြေကွဲခြင်း
ဦးပီစိန်
အသက်(၉၀)
(ဘဏ္ဍာရေးမှူး-ငြိမ်း၊ ဗဟိုသုတေသနလုပ်ငန်း)

နေပြည်တော်ကောင်စီ e-Government အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီနှင့် မကွေးတိုင်းဒေသကြီး e-Government လုပ်ငန်းများ အကောင်အထည်ဖော်ရေး ဦးဆောင်ကော်မတီဝင်၊ အကြံပေးပညာရှင် ဦးရဲကျော်သိန်း-ဒေါ်သန္တာအေးတို့၏ဖခင် ဦးပီစိန်သည် ၂၇-၈-၂၀၁၈ ရက် (တနင်္လာနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

e-Government လုပ်ငန်းများဦးဆောင်ကော်မတီ
အကြံပေးပညာရှင် ဦးမြင့်ဆွေ၊ ဦးအောင်စိုးမိုး၊ ဦးဝင်းထွန်း

အထူးကျေးဇူးတင်ရှိခြင်း
ဦးထွန်းအောင်
ညွှန်ကြားရေးမှူး(ငြိမ်း)၊ တရားရုံးချုပ်
အသက် (၈၇) နှစ်

၂၇-၈-၂၀၁၈ (တနင်္လာနေ့)တွင် ကွယ်လွန်သွားသော ဦးထွန်းအောင်၏နာရေးကိစ္စတွင် ကိုယ်တိုင်လာရောက်၍သော်လည်းကောင်း၊ ဖုန်းဖြင့်နှစ်သိမ့်အားပေးခဲ့ကြသော ရပ်နီးရပ်ဝေးမှ မိတ်ဆွေသင်္ဂဟများ၊ တရားရုံးချုပ်မှ မိတ်ဆွေများနှင့် တပည့်သားသမီးများအားလည်းကောင်း၊ မြန်မာ့ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်းမှ ဆရာသမားများနှင့် မိတ်ဆွေများ၊ ကမ္ဘောဇဘဏ်လီမိတက်မှ လုပ်ဖော်ကိုင်ဖက်နှင့် ဝန်ထမ်းများအားလည်းကောင်း၊ အာရှတော်ဝင်ဆေးရုံတက်ရောက်ကုသစဉ် ဂရုစိုက်ပေးခဲ့ကြသော အထူးကုဆရာဝန်ကြီးများ၊ ဆရာဝန်များ၊ သူနာပြုများအားလည်းကောင်း၊ ရက်လည်ဆွမ်းကျွေးတရားတော်နာသို့ အဘက်ဘက်မှ လိုအပ်မှုမရှိအောင် ဝိုင်းဝန်းကူညီဆောင်ရွက်ကြသူများနှင့် ကျေးဇူးတင်ထိုက်သူများအားလုံးကို ကျန်ရစ်သူမိသားစုမှ လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါသည်။

ကျန်ရစ်သူမိသားစု

အထူးဝမ်းနည်းကြေကွဲခြင်း
ဒုတိယဗိုလ်မှူးကြီးကျော်မြ(ငြိမ်း)
ကြည်း- ၁၀၃၁၅၊ OTS-31
အသက် (၇၅) နှစ်

ရန်ကုန်မြို့၊ ဒေါပုံမြို့နယ်နေ ဦးမောင်ဆင်-ဒေါ်အုန်းသင်တို့၏သား၊ ဒေါ်ဝင်း၏မောင်၊ ဦးအောင်သွင်၏အစ်ကို၊ ရွှေပြည်သာမြို့နယ်၊ (၂)ရပ်ကွက်၊ အမှတ်(၂၉/၂၈၃)နေ ဒေါ်ဆိုင်းမိ၏ခင်ပွန်း၊ ကိုမောင်မောင်ဦး၊ ဗိုလ်မှူးကြီးမောင်မောင်လတ်-ဒေါ်စုမြတ်ကို၊ ဦးညီညီအောင်-ဒေါ်ဆွေဆွေဝင်း၊ ဦးကျော်ကျော်မင်း-ဒေါ်ချယ်ရီထွန်းတို့၏ဖခင်၊ မြေး ၂၆ ယောက်၊ မြစ်တစ်ယောက်တို့၏အဘိုးသည် ၄-၉-၂၀၁၈ ရက် ည ၈း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၆-၉-၂၀၁၈ရက် ညနေ ၅နာရီတွင် ရေဝေးသုသာန်၌သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်းနှင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၃၁) သူငယ်ချင်းများ

အထူးဝမ်းနည်းကြေကွဲခြင်း
ဒေါက်တာဦးဇော်ဝင်း (ခ) လင်းအင်စွန်း (ပုသိမ်)
အသက်(၆၀)

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ တောင်မြင်းပြိုင်ကွင်းလမ်း၊ တောင်မြင်းပြိုင် ကွင်းကွန်ဒို၊ အခန်းအမှတ်-၅(က)နေ ဒေါက်တာဒေါ်နှင်းနှင်းနွယ်၏ခင်ပွန်း ဒေါက်တာဦးဇော်ဝင်း (ခ) လင်းအင်စွန်း (ပုသိမ်) သည် (၂.၉.၂၀၁၈)ရက် ညနေ ၃နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

Doreen (ဝါတန်း)
လက်ဖက်ရည်ဆိုင်ထိုင်
သူငယ်ချင်းများ

အထူးဝမ်းနည်းကြေကွဲခြင်း
ဒေါက်တာဦးဇော်ဝင်း (ခ) လင်းအင်စွန်း (ပုသိမ်)
အသက်(၆၀)

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ တောင်မြင်းပြိုင်ကွင်းလမ်း၊ တောင်မြင်းပြိုင် ကွင်းကွန်ဒို၊ အခန်းအမှတ်-၅(က)နေ ဒေါက်တာဒေါ်နှင်းနှင်းနွယ်၏ခင်ပွန်း ဒေါက်တာဦးဇော်ဝင်း (ခ) လင်းအင်စွန်း (ပုသိမ်) သည် (၂.၉.၂၀၁၈)ရက် ညနေ ၃နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

ဦးဝင်းနိုင်၊ ဦးအေးနိုင်
Aung Pyi Soe Co.,Ltd မိသားစု
Aung Pyi Soe Co.,Ltd မှဝန်ထမ်းများ

ဘဝနတ်ထံပျံလွန်တော်မူခြင်း
ပုသိမ်ကြီးမြို့နယ်၊ သဒ္ဓမ္မဓူဝံကျောင်းတိုက်
ဦးစီးပဓာနနာယက၊ မြို့နယ်ဩဝါဒါစရိယ
ဘဒ္ဒန္တကေသရ မထေရ်မြတ်
သိက္ခာတော်(၆၆)ဝါ၊ သက်တော်(၈၆)နှစ်

မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၊ ဘန့်ကွဲရွာနေ (ဦးပြား-ဒေါ် အေးရင်)တို့၏သား၊ (ဦးရီ-ဒေါ်ဟံ)တို့၏သားရဟန်း သဒ္ဓမ္မဓူဝံကျောင်းတိုက်ကြီး၏ ဦးစီးပဓာနနာယက၊ မြို့နယ်ဩဝါဒါစရိယ ကျေးဇူးတော်ရှင် ဘဒ္ဒန္တ ကေသရ မထေရ်မြတ်ကြီးသည် (၁၃၈၀ ပြည့်နှစ်၊ ဝါခေါင်လပြည့်ကျော် ၆ ရက်) (စနေနေ့) ညနေ ၅း၁၀ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို (၁၃၈၀ ပြည့်နှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၅ ရက်)တွင် အန္တိမအဂ္ဂိဈာပနပွဲ ကျင်းပမည်ဖြစ်ပါကြောင်း တပည့်ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အကြောင်းကြား အသိပေးအပ်ပါသည်။

ဈာပနကျင်းပရေးကော်မတီနှင့်
တပည့်ဒါယကာ၊ ဒါယိကာမများ

သမီးချွေးမလေး မမြတ်သွယ်ထွန်း(မြတ်) (ခ) မီးကြီး
တစ်လပြည့်အလွမ်း
အသက်(၃၃)နှစ်
(၆-၈-၂၀၁၈ - ၆-၉-၂၀၁၈)
Designer (မမိုး-ထားဝယ်)& Japan Quality Online Shopping

၆-၈-၂၀၁၈ ရက်နေ့မှာ သမီးချစ်တဲ့ မိသားစုနဲ့ထာဝရခွဲခွာသွားပြီဖြစ်တဲ့ သမီး(မီးကြီး)အတွက်ရည်စူး၍ စွယ်တော်ရိပ်ကင်ဆာပရဟိတအဖွဲ့သို့ ကင်ဆာဆေးများလှူဒါန်းခြင်း၊ ရန်ကုန်ဆေးရုံကြီးသွေး၌ာနတွင် လူနာများအား အာဟာရဒါနကျွေးမွေးလှူဒါန်းခြင်း၊ အရုဏ်ဆွမ်းခံကြွသံဃာတော်များအား လှူဖွယ်ဝတ္ထုများလှူဒါန်းခြင်း၊ ဘားအံမြို့နယ်အတွင်းရှိ ရေဘေးသင့်ဘုန်းတော်ကြီးကျောင်းများသို့ ဝါဆိုသင်္ကန်းနှင့်ပရိက္ခရာများ ဆက်ကပ်လှူဒါန်းခြင်းတို့ကို ပြုလုပ်ပေးခဲ့ခြင်းမှရရှိသော ကုသိုလ်ကောင်းမှုအစုစုတို့ကို သမီး(မီးကြီး) ရောက်ရာ ဘုံဘဝမှနေ၍ ကြားသိပြီး သာဓုခေါ်ဆိုနိုင်ပါစေ၊

အမျှ-အမျှ-အမျှယူပါ သမီး(မီးကြီး)ရေ။
ကျန်ရစ်သူ"မြရည်နန္ဒာ" မိသားစု
ဦးအေးမင်း(တရားလွှတ်တော်ရှေ့နေ)-ဒေါ်လှလှဝင်း
ချစ်ခင်ပွန်း- (ကို)ဥက္ကာအေးမင်း၊
ချစ်သား အဂ္ဂါအေးမင်း၊ VIII-H အ. ထ. က(၁)ဒဂုံ။
ကိုဖိုးသက်-မနန္ဒာ-တူလေး "ထူး" (ခေတ္တအင်္ဂလန်)

ဝမ်းနည်းကြေကွဲခြင်း
ဒေါ်အေးလှိုင်
အသက်(၉၃)နှစ်

တနင်္သာရီတိုင်းဒေသကြီး၊ ကော့သောင်းမြို့နေ ဦးတင်စိုး (အုပ်ချုပ်မှုဒါရိုက်တာ)၊ ဦးတင်မြင့်(ဒါရိုက်တာ) သီတာရေလုပ်ငန်းကုမ္ပဏီလီမိတက်တို့၏ မိခင်ဒေါ်အေးလှိုင်သည် ၃၀-၈-၂၀၁၈ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

သီတာရေလုပ်ငန်းကုမ္ပဏီမှ
ဒါရိုက်တာအဖွဲ့ဝင်များနှင့် ဝန်ထမ်းများ

ဖိတ်ကြားအပ်ပါသည်
ဒေါ်ခင်ထားကြည်
အသက် (၈၄) နှစ်
လူထုပညာရေးမှူး၊ အငြမ်းပတ်
သားဖွားဆရာမ (၁၉၆၂-၆၃၊ ဒပ်ဖရင်)
နေပြည်တော်လယ်ဝေးမြို့နယ်အသင်းဝင်
ကော့ကရိတ်မြို့နယ်အသင်းဝင်

ကွယ်လွန်သူ ဒေါ်ခင်ထားကြည်အားရည်စူး၍ တစ်လပြည့်ဆွမ်းကို ၉-၉-၂၀၁၈ (တနင်္ဂနွေနေ့) နံနက် ၁၀ နာရီမှ မွန်းတည့် ၁၂ နာရီအထိ နေ့ဆွမ်းဆက်ကပ်လှူဒါန်းမည်ဖြစ်ပါ၍ အမှတ်(၃၁)၊ မင်္ဂလာလမ်း၊ လှည်းတန်း ကမာရွတ်နေအိမ်သို့ တရားတော်နာကြွရောက်ပါရန် လေးစားခင်မင်ရင်းနှီးစွာ ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

အထူးဝမ်းနည်းကြေကွဲခြင်း
ဒေါ်မြမြ(ခ)ဒေါ်မြမြရှိန်
အသက်(၈၄)နှစ်

တောင်ငူမြို့နေ ဦးအောင်ကိုသွင်-ဒေါက်တာစန္ဒာဝင်းတို့၏ ချစ်လှစွာသောမွေးသမိခင် ဒေါ်မြမြရှိန်သည် ၃၀-၈-၂၀၁၈ ရက်တွင် တောင်ငူမြို့ နေအိမ်၌ ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် သူငယ်ချင်းဒေါက်တာစန္ဒာဝင်း မိသားစုနှင့် ထပ်တူဝမ်းနည်းမိပါသည်။

1980-85 Batch ဆေးတက္ကသိုလ်၊ မန္တလေးမှ
အတန်းဖော် သူငယ်ချင်းများ

သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ
သာယာလှပ စိမ်းမြမြ

ဝမ်းနည်းကြေကွဲခြင်း
ဒေါ်မသောင်း
အသက်(၈၈)နှစ်

မေတ္တာဖွံ့ဖြိုးရေးဖောင်ဒေးရှင်း၏ ဘုတ်အဖွဲ့ဝင် ဦးမောင်လှသောင်း၏ ချစ်လှစွာသောမိခင်ကြီးဖြစ်သူ ဒေါ်မသောင်းသည် ၄-၉-၂၀၁၈ ရက်နေ့တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

မေတ္တာဖွံ့ဖြိုးရေးဖောင်ဒေးရှင်း မိသားစု

အထူးဝမ်းနည်းကြေကွဲခြင်း
ဦးထွန်းရှိန် (မြိတ်)
နာယက၊ အဝေးရောက်အမှုဆောင်အဖွဲ့(မြိတ်)
အသက် (၈၄) နှစ်

မြိတ်မြို့၊ ထားဝယ်စုရပ်၊ ရွှေဆောင်ရုံဟောင်းလမ်း၊ အမှတ်(၆၁)နေ (ဒေါ်ရန်ကြူ)၏ခင်ပွန်းသည် ၅-၉-၂၀၁၈ (ဗုဒ္ဓဟူးနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

နာယကများ၊ ဥက္ကဋ္ဌနှင့်အမှုဆောင်များ
မြိတ်မြို့နယ်အသင်း (ရန်ကုန်)

အထူးဝမ်းနည်းကြေကွဲခြင်း
ဦးတင်မောင်
မြို့နယ်သမဝါယမဦးစီးအရာရှိ(ငြိမ်း)
အသက် (၈၄) နှစ်

သူငယ်ချင်း Dr.ကျော်သက်မောင်၏ဖခင် ဦးတင်မောင် အသက် (၈၄) နှစ်သည် ၃-၉-၂၀၁၈ ရက်တွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

သူငယ်ချင်းများ/ဆေးတက္ကသိုလ်-၂ (၁၉၈၄-၁၉၉၀)

အထူးဝမ်းနည်းကြေကွဲခြင်း
ဗိုလ်ကြီးဝင်းရွှေ(ငြိမ်း)
ကြည်း-၁၃၃၆၈
အသက်(၆၆)နှစ်

စစ်ကိုင်းတိုင်းအင်းတော်မြို့နေ (ဒေါ်ခင်ခင်နွဲ့)၏ခင်ပွန်း၊ ဗိုလ်မှူးညဏ်လင်းရွှေ(ငြိမ်း)-ဒေါ်နော်သောသီဘွဲ့ထူး၊ ဗိုလ်မှူးအောင်ကျော်(ငြိမ်း)-ဒေါ်ဟန်စုရွှေ၊ ဦးငွေဝင်းအောင်-ဒေါ်ထက်နန္ဒာရွှေတို့၏ဖခင်ဖြစ်သူ ဗိုလ်ကြီးဝင်းရွှေ(ငြိမ်း)သည် ၄-၉-၂၀၁၈ ရက်တွင် အင်းတော်မြို့၌ ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

တေဇ(၂)မှ သူငယ်ချင်းများ

ဝမ်းနည်းကြေကွဲခြင်း
ဒုတိယဗိုလ်မှူးကြီး ဇင်ထွန်းလှိုင်(ငြိမ်း)
အသက် (၆၃) နှစ်
ကြည်း-၁၄၇၃၃၊ OTS-54
သူရဲကောင်းမှတ်တမ်းဝင်

ဒုတိယဗိုလ်မှူးကြီး ဇင်ထွန်းလှိုင်(ငြိမ်း)သည် ၅-၉-၂၀၁၈ (ဗုဒ္ဓဟူးနေ့)တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

မိုး သောက်ရေသန့်နှင့် ရေသန့်ရေခဲလုပ်ငန်း

အထူးဝမ်းနည်းကြေကွဲခြင်း
ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး
ဒေါက်တာဦးဇော်ဝင်း(ခ)လင်အင်စွန်း
အသက်(၆၀)

ပဲခူးတိုင်းဒေသကြီး၊ မင်းလှမြို့နယ်၊ စစ်ကွင်းမြို့ဘူတာလမ်းနေ ဦးကိုကိုနိုင်၏ညီ၊ ရန်ကုန်မြို့နေ ဒေါက်တာနှင်းနှင်းနွယ်၏ ခင်ပွန်းဖြစ်သူ ဒေါက်တာဦးဇော်ဝင်းသည် ၂-၉-၂၀၁၈ ရက်နေ့တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

အမှုဆောင်အဖွဲ့
စစ်ကွင်းအသင်း

အထူးဝမ်းနည်းကြေကွဲခြင်း
Dr. မြင့်သိန်း (Michael Yeo)
အသက်(၅၄)နှစ်

ဆေးတက္ကသိုလ်-၂(၁၉၈၄-၁၉၉၀)အတန်းမှ ချစ်သူငယ်ချင်း Dr.မြင့်သိန်း (Michael Yeo)အသက်(၅၄)နှစ်သည် ၂-၉-၂၀၁၈ ရက်နေ့တွင် Fort Lee, New Jersey ၌ ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

(မင်းသွားနှင့်တော့၊ တို့တစ်တွေ နောက်မှလိုက်ခဲ့မယ် သူငယ်ချင်းရေ)

ချစ်သူငယ်ချင်းများ/ဆေးတက္ကသိုလ်-၂ (၁၉၈၄-၁၉၉၀)

ဝမ်းနည်းကြေကွဲခြင်း
ဒုတိယရဲအုပ်မြင့်ဦး (ငြိမ်း)
အသက် (၅၁)နှစ်

သတင်းတပ်ဖွဲ့ဝင်ဟောင်း ဒုတိယရဲအုပ်မြင့်ဦး (ငြိမ်း) (၅၁) နှစ်သည် ၃-၉-၂၀၁၈ ရက်နေ့တွင် ကွယ်လွန်သွားကြောင်းကြားသိရပါသဖြင့် မိသားစုနှင့်အတူ ဝမ်းနည်းကြေကွဲရပါသည်။ **သတင်းတပ်ဖွဲ့ဝင်ဟောင်းများ**

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ရေတွင်း၊ ရေကန်၊ နတ်လမ်းဒါယိကာမကြီး
ဒေါ်သန့်ဇင်(ကရုပ္ပိ)
အသက် (၁၀၆) နှစ်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၄/၂)ရပ်ကွက်၊ ဇင်ယော်လမ်း၊ အမှတ် (၁၁၆/၁)နေ (ဦးထွန်းကြည်)၏ ဇနီး၊ (ဦးစိုးညွန့်)-ဒေါ်စန်းရီ၊ ဦးကောက်ရ၊ ဦးအောင်မင်း-ဒေါ်ငွေရီတို့၏ ချစ်လှစွာသောမိခင်၊ မြေး ၁၄ ယောက်၊ မြစ် ၂၁ ယောက်၊ တီလေးယောက်တို့၏ ဘွားဘွားကြီးသည် ၅-၉-၂၀၁၈ (ဗုဒ္ဓဟူးနေ့) နံနက် ၄း၃၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၇-၉-၂၀၁၈ (သောကြာနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၁၁-၉-၂၀၁၈ ရက် နံနက် ၇ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဒေါ်မသောင်း(စစ်တွေ)
အသက်(၈၈)နှစ်

စစ်တွေမြို့၊ တရားသိစုရပ်ကွက်နေ (ဦးကျော်ဇံဦး-ဒေါ်စံမြခိုင်)တို့၏ သမီး၊ (ဦးသာလှ)၏ ဇနီး၊ ဦးဦးလှဖော်-ဒေါ်မြနု၊ ဒေါ်မြရီ-(ဦးရွှေစောလှ)၊ (ဒေါ်ရွှေမြသာ)-ဦးသာနီအောင်၊ ဒေါ်မြစံ၊ ဦးလှသောင်း-ဒေါ်မာမာအေး တို့၏ မိခင်၊ မြေး ၁၃ ယောက်တို့၏ အဘောင်ရှင်၊ မြစ်ရှစ်ယောက်တို့၏ အဖီးရှင် ဒေါ်မသောင်းသည် ၄-၉-၂၀၁၈ (အင်္ဂါနေ့) ညနေ ၅း၄၀ နာရီတွင် ပင်လုံအထူးကုဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၆-၉-၂၀၁၈ (ကြာသပတေးနေ့) ညနေ ၄နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။[အမှတ်(၆၇၅)၊ လောပိတလမ်း၊ (၁၆)ရပ်ကွက်၊ ဒဂုံမြို့သစ်မြောက်ပိုင်းနေအိမ်မှ ကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ပါမည်။] ကျန်ရစ်သူမိသားစု

ဒုတိယဗိုလ်မှူးကြီးကျော်မြ(ငြိမ်း)
ကြည်း-၁၀၃၁၅ (ဗိုလ်လောင်းသင်တန်း အပတ်စဉ်-၃၁)
အသက်(၇၅)နှစ်

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ (၂)ရပ်ကွက်၊ မြို့ပတ်လမ်းသွယ်(၄)လမ်း၊ အမှတ်(၂၉/၂၈၃)နေ (ဦးမောင်ဆင်-ဒေါ်အုံးသင်)တို့၏ သား၊ (ဦးရာ-ဒေါ်ကွန်းမေ)တို့၏ သားသမက်၊ ဒေါ်ဆိုင်းမိ၏ခင်ပွန်း၊ (ဦးတင်မောင်)-ဒေါ်ဝင်းတို့၏မောင်၊ ဦးအောင်သွင်-ဒေါ်ခင်အေးဝင်းတို့၏အစ်ကို၊ ဦးမောင်မောင်ဦး၊ ဗိုလ်မှူးကြီးမောင်မောင်လတ်-ဒေါ်စုမြတ်ကို၊ ဦးညီညီအောင် (ဦးစီးအရာရှိ၊ စိုက်ပျိုးရေး)-ဒေါ်ဆွေဆွေဝင်း(ဒု-ဦးစီးမှူးစိုက်ပျိုးရေး)၊ ဦးကျော်ကျော်မင်း-ဒေါ်ချယ်ရီထွန်း (Osatspa Loi Hein ကုမ္ပဏီ)တို့၏ဖခင်၊ မြေးခြောက်ယောက်၊ မြစ်တစ်ယောက်တို့၏ ဘိုးဘိုးသည် ၄-၉-၂၀၁၈ ရက် ည ၈း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၆-၉-၂၀၁၈ ရက် ညနေ ၅ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ ညနေ ၃း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၀-၉-၂၀၁၈ ရက်နေ့တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဗိုလ်ကြီးဝင်းမြင့်(ငြိမ်း)(ခ)နိုင်နိုင်
ကြည်း-၅၇၈၄၉
မြန်မာ့တပ်မတော်ဘောလုံးကစားသမားလက်ရွေးစင်ဟောင်း
အသက်(၅၉)နှစ်

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ အောင်ဆန်းရပ်ကွက်နေ ဦးသိန်းမြင့်(သနက-၅)-ဒေါ်သန်းနွဲ့တို့၏ သားကြီး၊ (ဒေါ်စုစုရီ)၊ မြန်မာ့မီးရထား(ရုံးချုပ်)၊ ထောက်ကြန့်မြို့၊ ဒု/စံပြ (၂)ရပ်ကွက်၊ ကျောင်းလမ်း၊ အမှတ်(၇၅)နေ ဒေါ်ဇာဇာကျော်ဝင်းတို့၏ ချစ်လှစွာသောခင်ပွန်း၊ တပ်ကြပ်ကြီးဇော်ဇင်ထက်(မြဝတီဘောလုံးအသင်း)-မဇာခြည်အိလှိုင်၊ တပ်ကြပ်နိုင်ဇင်ထက် (မြဝတီဘောလုံးအသင်း)၊ မစုစုသဇင်မြင့်တို့၏ဖခင်၊ မောင်ဟိန်းထက်ပြည့်၏အဘိုး၊ ဦးဇော်မင်းအောင်(ဆည်မြောင်း)-ဒေါ်ခင်လေးမြင့်(ဆည်/ရေ)တို့၏အစ်ကိုသည် ၄-၉-၂၀၁၈ (အင်္ဂါနေ့) ညနေ ၆း၃၅နာရီတွင် မင်္ဂလာဒုံတပ်မတော်ဆေးရုံ (ခုတင်-၁၀၀၀)၌ ကွယ်လွန်သွားပါသဖြင့် ၆-၉-၂၀၁၈ (ကြာသပတေးနေ့) မွန်းတည့် ၁၂ နာရီတွင် မင်္ဂလာဒုံတပ်မတော်ဆေးရုံ (ခုတင်-၁၀၀၀)အအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။ (ထောက်ကြန့် နေအိမ်မှ ကားများ နံနက် ၁၀း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၀-၉-၂၀၁၈ (တနင်္လာနေ့) နံနက်တွင် ထောက်ကြန့်မြို့နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ ကျောင်းဒါယကာကြီး
ဦးတိုက်ပေါ(စန္ဒရား)
အသက် (၇၆) နှစ်

ဧရာဝတီတိုင်းဒေသကြီး၊ ဝါးခယ်မမြို့နယ်၊ သာယာကျွန်းကျေးရွာနေ (ဦးတုတ်ကြီး-ဒေါ်စိန်တုတ်)တို့၏သား၊ ဦးဆောင်း-(ဒေါ်တင်ရွှေ)တို့၏ ညီ၊ ဦးစစ်ငြိမ်း-ဒေါ်သိန်းကြည်၊ (ဦးအောင်ဆန်း-ဒေါ်မိုးရီ)၊ ဦးချစ်လှိုင်-ဒေါ်သန်းရင်၊ ဒေါ်ငွေကြွယ်တို့၏အစ်ကို၊ ဦးဇော်ဝင်း-ဒေါ်ခင်ခင်ဦး၊ ဦးချစ်ကို-ဒေါ်ခင်ခင်နု(ပြည့်စုံအောင်ဒညင်းနှင့်သစ်သီးပွဲရုံ၊ သီရိမင်္ဂလာဈေး)၊ ဦးနိုင်ထွဋ်-ဒေါ်ချိုချိုအေး၊ ဦးဝင်းငြိမ်း-ဒေါ်ခင်မာချို၊ (ဦးသန်းဇော်)-ဒေါ်သူဇာဝင်း၊ ဦးမင်းဇော်-ဒေါ်စိုးမိုးအေး၊ ဦးမျိုးမြင့်-ဒေါ်သက်သက်ခိုင်၊ ဦးညီညီထွေး-ဒေါ်စန္ဒာထွေး (မူလွန်-၁၉ ကျောင်း၊ လှိုင်သာယာ)တို့၏မွေးသဖခင်၊ မြေး ၁၅ ယောက်တို့၏အဘိုး၊ (ဒေါ်ဝင်းရွှေ)၏ ခင်ပွန်းသည် ၄-၉-၂၀၁၈ (အင်္ဂါနေ့) နံနက် ၅း၂၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၆-၉-၂၀၁၈ (ကြာသပတေးနေ့) မွန်းလွဲ ၁ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ နံနက် ၁၁း၃၀နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၀-၉-၂၀၁၈ (တနင်္လာနေ့)တွင် ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ ၂/၉/၆၀ ဗထူးဖြတ်လမ်းရှိ (ဦးတိုက်ပေါ)၏နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဒေါ်လှမြင့် (သန်လျင်)
အသက်(၈၁)နှစ်

ရန်ကုန်တိုင်းဒေသကြီးနေ (ဦးမောင်မောင်-ဒေါ်တင်တင်)တို့၏သမီး၊ [ဦးလှဖေ(စား/ထွေ)]၏အစ်မ၊ သန်လျင်မြို့၊ အောင်ချမ်းသာ(၃)ရပ်ကွက်၊ (ဇ/၂၃) ပဒေသရာဇာ လမ်းသွယ်နေ [ဦးခင်မောင်အေး (တပ်မတော်-ရေ/ငြိမ်း)]၏ ဇနီး၊ (ဦးမြင့်စိုး)-ဒေါ်တင်တင်အေး (ပို့/သွင်း ရန်ကုန်-ရုံး၊ ကုန်သွယ်ဦးစီး၊ စီးပွား/ကူးသန်း)၊ (ဦးသန့်ဇင်)၊ [ဦးအောင်သူ(တပ်မတော်-ရေ/ငြိမ်း)]-ဒေါ်သင်းသင်းခိုင်၊ (ဦးလွှမ်းမိုးမြင့်-ဒေါ်စိုးစိုးအေး)၊ (မစုစုလွင်)တို့၏ မွေးသမိခင်၊ မစုသီရိထား (Native Asian Dynanism Co., Ltd.)၊ ကိုမိုးတေဇာအောင်-မချယ်ရီလင်း (Pwint Oo)၊ မစုမြတ်မိုး၊ မခိုင်ဇာခြည်အောင် (Pwint Oo)၊ မောင်လင်းရွှေသြတို့၏ အဘွားသည် ၂-၉-၂၀၁၈ (တနင်္ဂနွေနေ့) ၀၀း၁၇ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။ [ကွယ်လွန်သူမိခင်ကြီးအား ရည်စူး၍ ၈-၉-၂၀၁၈(စနေနေ့) နံနက် ၇ နာရီတွင် ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ အမှတ် (၂၆)၊ ခရေပင်လမ်း၊ စီးပွားကူးသန်းဝင်းနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

အနိစ္စ

မြိတ်မြို့နယ်အသင်း(ရန်ကုန်)
ဦးထွန်းရှိန် (မြိတ်)
နာယက၊ အဝေးရောက်
အမှုဆောင်အဖွဲ့(မြိတ်)
အသက် (၈၄) နှစ်
အသင်းဝင်အမှတ်(၄၆၈)

မြိတ်မြို့၊ ထားဝယ်စုရပ်၊ ရွှေဆောင်ရုံလမ်း၊ အမှတ်(၆၁)နေ (ဒေါ်ရန်ကြူ)၏ခင်ပွန်းသည် ၅-၉-၂၀၁၈ (ဗုဒ္ဓဟူးနေ့) နံနက် ၃း၁၀ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၇-၉-၂၀၁၈ (သောကြာနေ့) မွန်းလွဲ ၁ နာရီတွင် မြိတ်မြို့ ကလွင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ အမှုဆောင်အဖွဲ့

ဒေါ်ခင်မြင့်ဝေ (၈၁)နှစ်
B.E (Tex-67)
လ/ထ ညွှန်ကြားရေးမှူး(ငြိမ်း)
အထည်အလိပ်လုပ်ငန်းကော်ပိုရေးရှင်း

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ (၇)ရပ်ကွက်၊ ပုဇွန်တောင်ဥယျာဉ်အိမ်ရာ၊ တိုက်အမှတ်(၉)၊ အခန်း(၀၀၁)နေ (ဦးဝမ်-ဒေါ်စိန်မေ)တို့၏ ပဉ္စမသမီး၊ ဦးသန်းလွင်(အထည်လိပ်လုပ်ငန်း-ရွှေတောင်စီမံကိန်း)၏ ချစ်လှစွာသောဇနီး၊ ဒေါ်စိန်ကြူ (ဒေါ်စမ်းကြူ)တို့၏ညီမ၊ [ဒေါ်ခင်သန်းဝေ (အထက-၁၊ ပန်းဘဲတန်း)]တို့၏အစ်မ၊ ဒေါ်တင်တင်ဦး (ဌာနခွဲမှူး၊ အထည်လိပ်လုပ်ငန်း-ငြိမ်း)၊ ဦးလှထွန်း-ဒေါ်မြင့်မြင့်သန်း၊ ဦးတင်လှိုင်-ဒေါ်ဝင်းဝင်းဟန်၊ ဦးတင့်လွင်၊ ဦးမြင့်လွင်၊ ဦးဇော်လွင်တို့၏ အဒေါ်၊ မြေးသုံးယောက်တို့၏ အဘွားသည် ၄-၉-၂၀၁၈ (အင်္ဂါနေ့) နံနက် ၁၁ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၆-၉-၂၀၁၈ (ကြာသပတေးနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ နံနက် ၉း၃၀ နာရီတွင်ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

ဒေါ်ညွှန့်ရီ (ညွှန့်-စက်မှုလက်မှု)
အသက်(၈၁)နှစ်

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ အမှတ်(၂၁)၊ ရေကျော်လမ်းမကြီး၊ (၉)ရပ်ကွက်နေ ဦးမြသန်း၏ ဇနီး၊ ဦးကျော်စွာဝင်း-ဒေါ်ခက်ခက်ခိုင် တို့၏ မိခင်၊ မသုန္ဒရီဝင်း(ခ)သွန်းနဒီ၏ အဘွား ဒေါ်ညွှန့်ရီသည် ၄-၉-၂၀၁၈ (အင်္ဂါနေ့) နံနက် ၆ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ မွန်းလွဲ ၂း၃၀ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၁၀-၉-၂၀၁၈ (တနင်္လာနေ့)နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ပုလောမြို့နယ်အသင်း(ရန်ကုန်)
ဒေါ်သန်းပို (ပုလော)
အသက်(၇၆)နှစ်
အသင်းဝင်အမှတ်-၃၀၀

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ သီတာလမ်း၊ အမှတ် (၂၇)၊ တတိယထပ် ညာဘက်နေ ဦးတင်ဦး၏ဇနီးသည် ၄-၉-၂၀၁၈ (အင်္ဂါနေ့) နံနက် ၃း၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၆-၉-၂၀၁၈ (ကြာသပတေးနေ့) မွန်းလွဲ ၁ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (အသင်းမှ ကားများ နံနက် ၁၁ နာရီတွင် ထွက်ပါမည်။)

အမှုဆောင်အဖွဲ့

ဒေါ်သန်းနွယ် (၇၄)နှစ်

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ ကမ်းနားလမ်း၊ အမှတ်(၃၄၀)၊ တတိယထပ်နေ (ဦးစိန်လွင်-ဒေါ်မြသင်)တို့၏ သမီး၊ (ဦးမြဟန်)၏ ဇနီး၊ ကိုတင်ထွန်း-ဒေါ်ခင်ခင်ငွေ၊ ဦးမြင့်သိန်း-(ဒေါ်မြင့်မြင့်အေး)တို့၏ အစ်မကြီး၊ ကိုမင်းဇော်-မအေးအေးမြင့်၊ (ကိုသန်းစိုး)၊ ကိုခင်ဇော်မိုး-မထွေးထွေးတင့်တို့၏ မိခင်၊ မောင်ညဏ်လင်းထက်ဦး၊ မမေမေမင်းနိုင်တို့၏အဘွား ဒေါ်သန်းနွယ်သည် ၅-၉-၂၀၁၈ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၇-၉-၂၀၁၈ (သောကြာနေ့) ညနေ ၃ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်ဆွေသင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

ဘဝနတ်ထံပျံလွန်တော်မူခြင်း
ဘဒ္ဒန္တ ရေဝတ
သာသနဓဇမွာစရိယ
(ပ-သုံးလုံး ဝိပဿနာသင်တန်းနည်းပြ)
သိက္ခာတော်(၃၉) ဝါ၊ သက်တော် (၅၉)နှစ်

ဧရာဝတီတိုင်းဒေသကြီး၊ မအူပင်ခရိုင်၊ ညောင်တုန်းမြို့၊ (၂)ရပ်ကွက်၊ ယာမကျောင်းတိုက်ကြီး၏ ဦးစီးပဓာနနာယကဆရာတော် ဘဒ္ဒန္တ ရေဝတ အရှင်သူမြတ်သည် (၁၃၈၀ ပြည့်နှစ်၊ ဝါခေါင်လပြည့်ကျော် ၈ ရက်) (တနင်္လာနေ့) ည ၈း၁၅နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို (၁၃၈၀ ပြည့်နှစ်၊ ဝါခေါင်လပြည့်ကျော် ၁၂ ရက်) ၇-၉-၂၀၁၈ (သောကြာနေ့) မွန်းတည့် ၁၂ နာရီတွင် အန္တိမ အဂ္ဂိစျာပနသာဓုကီဠနသဘင် ဆင်ယင်ကျင်းပမည်ဖြစ်ပါသောကြောင့် ရပ်နီးရပ်ဝေးမှ တပည့်သံဃာ၊ ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ စျာပနကျင်းပရေးကော်မတီ

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး
ဦးတင်လေး
အသက် (၉၂) နှစ်

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ အထက်ပန်းဆိုးတန်းလမ်း၊ စည်ပင် ရေ/သန့်ဝင်းနေ (ဦးသန်းဦး)-ဒေါ်အမာကြည်၊ (ဦးမြင့်အောင်)-ဒေါ်ရီရီမြင့်၊ ဦးမြသောင်း-ဒေါ်လဲ့လဲ့မြင့်၊ (ဦးမြင့်ဦး)-ဒေါ်စိုးစိုးဝေ၊ ဦးအောင်ဆန်းဝင်း (ဌာနမှူး၊ ရေ/သန့်၊ ရန်ကုန်မြို့တော်စည်ပင်)-ဒေါ်တင်တင်မော်၊ (ဦးတင်နိုင်ဦး)-ဒေါ်တင်တင်မို့(မြတ်သရဖူအထည်ချုပ်စက်ရုံ)၊ ဦးတင်ဇော်ဦးတို့၏ ကျေးဇူးရှင်မွေးသဖခင်၊ မြေး ၁၆ ယောက်တို့၏အဘိုး၊ မြစ်ခြောက်ယောက်တို့၏ ဘိုးဘိုးကြီး၊ ဒေါ်ကြည်၏ခင်ပွန်းသည် ၄-၉-၂၀၁၈(အင်္ဂါနေ့) ည ၉း၃၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၆-၉-၂၀၁၈(ကြာသပတေးနေ့) ညနေ ၄နာရီတွင် ရေဝေးသုသာန် သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁း၁၅ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၈-၉-၂၀၁၈ (စနေနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး
ဦးသိန်းဟန်(ခ)ဦးကုလားမဲ(ဘီလူးကျွန်း၊ကမာကေး၊တော်ကပူး)
အသက် (၈၇) နှစ်

(ဦးရှိန်-ဒေါ်မြသင်)တို့၏ တစ်ဦးတည်းသောသား၊ [ဦးတင့်-ဒေါ်သာအေး(ခ) ဒေါ်ဂျက်အေး]တို့၏သားသမက်၊ (ဒေါ်ဖွားသင်)၏ခင်ပွန်း၊ (ဦးကျော်သောင်း)-ဒေါ်တင်စိန်တို့၏အစ်ကို၊ ဦးသိန်းလွင်-ဒေါ်အုန်းသန်း၊ ဦးစိုးမြင့်-ဒေါ်ရွှေငွေ၊ ဦးစိုးလှိုင်-ဒေါ်ခင်ဝေ၊ ဦးလှထူးမောင်-(ဒေါ်သန်းသန်းထွေး)၊ ဦးသိန်းတန်-ဒေါ်အေးအေးခိုင်၊ ဦးစိုးမိုးအောင်-ဒေါ်ခင်သန်းအေးတို့၏ဖခင်၊ မြေး ၂၇ ယောက်တို့၏အဘိုး၊ မြေး ၁၇ ယောက်တို့၏ဘိုးဘိုးသည် ၅-၉-၂၀၁၈ ရက် နံနက် ၆နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၇-၉-၂၀၁၈ ရက် မွန်းတည့် ၁၂နာရီတွင် ကမာကေးသုသာန်သို့ ပို့ဆောင်မည်ဖြစ်ပါသည်။ [ကွယ်လွန်သူအား ရည်စူး၍ ၁၁-၉-၂၀၁၈ရက်တွင် ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

ရဲအုပ်သောင်းအေး(ငြိမ်း)
လ-၇၂၈၄၂
အသက်(၆၇)နှစ်

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ (၈)ရပ်ကွက်၊ အမှတ်(၃၈၆/က)၊ တပင်ရွှေထီးလမ်းနေ (ဦးကျော်အေး-ဒေါ်ကျော်တင့်)တို့၏သား၊ (ဒု-ရဲအုပ်ဝင်းလွင်)၏ ညီ၊ ဒေါ်ငွေငွေကြည်(စက်မှု-၁၊ ဝန်ကြီးဌာန-ငြိမ်း)၏ ချစ်လှစွာသောခင်ပွန်း၊ မောင်မင်းမင်းသောင်း၊ မောင်လင်းလင်းသောင်း-မစုစုလှိုင်၊ မောင်နိုင်လင်းထွန်း၊ မောင်ကြည်ဇော်သောင်း၊ မချစ်ဖူးငုံတို့၏ မွေးသဖခင်ကျေးဇူးရှင်၊ မအိမ့်ချမ်းမြေ့မောင်၏ ချစ်လှစွာသောအဘိုးသည် ၄-၉-၂၀၁၈ (အင်္ဂါနေ့) ည ၈း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၆-၉-၂၀၁၈ (ကြာသပတေးနေ့) မွန်းတည့် ၁၂ နာရီတွင် ကျူချောင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၀-၉-၂၀၁၈ (တနင်္လာနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

ဒေါ်တင်ဝင်းရီ
အထပြ(ငြိမ်း)၊ ရွှေဂူန်း
အသက် (၆၅) နှစ်

မော်လမြိုင်မြို့နေ ဦးဘိုကေ-(ဒေါ်ရီရှိန်)တို့၏သမီး၊ ကရင်ပြည်နယ်၊ ရွှေဂူန်းမြို့နေ (ဦးဖိုးကြည်-ဒေါ်ဖွားသော်)တို့၏ သမီးချွေးမ၊ မော်လမြိုင်မြို့နေ ဒေါ်မြင့်မြင့်ရီ၊ ဦးသန်းအောင်-ဒေါ်ခင်ထွေးရီတို့၏အစ်မကြီး၊ မကြည်ပြာထွန်း၊ ကိုအာကာထွန်း-မခင်စုမြတ်၊ ဒုတပ်ရင်းမှူး ဗိုလ်မှူးအောင်သူထွန်း-ဒေါ်အေးသူ၊ ဗိုလ်မှူးအောင်ခိုင်ထွန်း-ဒေါ်သီတာစိုးတို့၏ချစ်လှစွာသောမိခင်၊ မြေးခြောက်ယောက်တို့၏အဘွား၊ ဦးသန်းထွန်း(ရွှေဂူန်း)၏ဇနီး ဒေါ်တင်ဝင်းရီသည် ၅-၉-၂၀၁၈ (ဗုဒ္ဓဟူးနေ့) နံနက် ၄း၂၀ နာရီတွင် SSC ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၇-၉-၂၀၁၈ (သောကြာနေ့) နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (ခ. မ. ရ ၄၃၆ နေအိမ်မှ ကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၉-၉-၂၀၁၈ (တနင်္ဂနွေနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
ဒုတိယဗိုလ်မှူးကြီး ဇင်ထွန်းလှိုင်(ငြိမ်း)
အသက်(၆၃)နှစ်
ကြည်း-၁၄၇၃၃
OTS-54
သူရဲကောင်း မှတ်တမ်းဝင်

[ဦးလှိုင်မြင့် (လွတ်လပ်ရေးမော်ကွန်းဝင်-ပထမဆင့်) (နိုင်ငံ့ဂုဏ်ရည်-ဒုတိယဆင့်)-ဒေါ်ညွှန့်ညွှန့်]တို့၏သား၊ [ဦးလှိုင်ဝင်း(နိုင်ငံ့ဂုဏ်ရည်-ဒုတိယဆင့်)-ဒေါ်ခင်ရီ]တို့၏ သားသမက်၊ အခန်း (B-926)၊ မုဒိတာအိမ်ရာ(၁)၊ ဗဟိုလမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့နေ ဒေါ်ပြုံးပြုံး၏ခင်ပွန်း၊ ဦးငွေလှိုင်-ဒေါ်ချိုချို (အထက်တန်းရှေ့နေ)၊ ဒေါ်နီနီလှိုင် (အလယ်တန်းပြ၊ငြိမ်း)တို့၏ ညီ/မောင်၊ ဒေါ်မေသက်လှိုင်(ညွှန်ကြားရေးမှူး၊ ဆောက်လုပ်ရေးဝန်ကြီးရုံး)၊ ဒေါ်ခင်ချိုချိုလှိုင်(လက်ထောက်ညွှန်ကြားရေးမှူး၊ မြို့ပြနှင့်အိမ်ရာ)တို့၏အစ်ကို၊ မပြုံးအိဇင်ထွန်းလှိုင်၊ မပြုံးလဲ့ဇင်ထွန်းလှိုင်တို့၏မွေးသဖခင် ဒုတိယဗိုလ်မှူးကြီး ဇင်ထွန်းလှိုင်(ငြိမ်း)သည် ၅-၉-၂၀၁၈ (ဗုဒ္ဓဟူးနေ့) နံနက် ၃း၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၇-၉-၂၀၁၈ (သောကြာနေ့) နံနက် ၁၁ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါသဖြင့် ရပ်နီးရပ်ဝေးမှ မိတ်ဆွေများအား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ရေးကော်မတီ၏ အကြံပေးအဖွဲ့ဝင် တောင်အာဖရိကနိုင်ငံ ကာကွယ်ရေးဝန်ကြီးဟောင်း Mr. Roelof Meyer နှင့်အဖွဲ့ မောင်တောမြို့၌ ခရိုင်အဆင့်ဌာနဆိုင်ရာများ၊ ဒေသခံများနှင့် တွေ့ဆုံ

ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ရေးကော်မတီ၏အကြံပေးအဖွဲ့ဝင် တောင်အာဖရိကနိုင်ငံ ကာကွယ်ရေးဝန်ကြီးဟောင်း Mr. Roelof Meyer နှင့်အဖွဲ့ မောင်တောမြို့၌ ဒေသခံရခိုင်တိုင်းရင်းသားများနှင့် တွေ့ဆုံစဉ်။

မောင်တော စက်တင်ဘာ ၅

ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ရေးကော်မတီ၏အကြံပေးအဖွဲ့ဝင် တောင်အာဖရိကနိုင်ငံ ကာကွယ်ရေးဝန်ကြီးဟောင်း Mr. Roelof Meyer နှင့်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် မောင်တောမြို့နယ်ရှိ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ခရိုင်အဆင့် ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများနှင့် တွေ့ဆုံသည်။

ရှေးဦးစွာ Mr. Roelof Meyer နှင့်အဖွဲ့သည် မောင်တောခရိုင် ဒုတိယအုပ်ချုပ်ရေးမှူး ဦးရဲထူး၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် တွေ့ဆုံရာ ခရိုင်ဒုတိယအုပ်ချုပ်ရေးမှူး ဦးရဲထူးက မောင်တောဒေသတွင် ဖြစ်ပွားခဲ့သည့် အကြမ်းဖက်မှုဖြစ်စဉ်များ၊ အကြမ်းဖက်ဖြစ်စဉ်များကြောင့် နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးဆောင်ရွက်ပေးနေမှုများ၊ မောင်တောဒေသ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများနှင့် ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် Mr. Roelof Meyer က နှစ်ဖက်အသိုက်အဝန်းများအကြား ပြန်လည်သင့်မြတ်ရေးလုပ်ငန်းများအတွက် တွေ့ဆုံဆွေးနွေးရေး စကားဝိုင်းများ ပြုလုပ်နိုင်ရေးကိစ္စရပ်များကို ဆွေးနွေးပြောကြားသည်။

မွန်းလွဲပိုင်းတွင် Mr. Roelof Meyer နှင့် အဖွဲ့သည် မောင်တောမြို့နယ်ရှိ မြို့မိမြို့ဖများနှင့် ရပ်မိရပ်ဖများ၊ အစ္စလာမ်ဘာသာဝင်များနှင့် ဒေသခံရခိုင်တိုင်းရင်းသားများကို သီးခြားစီ တွေ့ဆုံပြီး နှစ်ဖက်အသိုက်အဝန်းများအကြား စကားဝိုင်းများ ပြုလုပ်နိုင်ရေးကိစ္စရပ်များနှင့်ပတ်သက်၍ ထင်မြင်ယူဆချက်များ၊ သုံးသပ်ချက်များနှင့် အကြံပြုချက်များကို ရယူကြသည်။

သတင်း၊ ဓာတ်ပုံ-ရာမည၊ မျိုးသူဟိန်း

လေးနိုင်ငံဖိတ်ခေါ်ပြိုင်ပွဲတွင် မြန်မာနှင့် ဥဇဘက်ကစ္စတန်အသင်း ယနေ့ယှဉ်ပြိုင်မည်

ရန်ကုန် စက်တင်ဘာ ၅

တရုတ်ဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် တရုတ် ယူ-၂၁ လေးနိုင်ငံဖိတ်ခေါ်ပြိုင်ပွဲ ဒုတိယနေ့ကို စက်တင်ဘာ ၆ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး မြန်မာ ယူ-၂၁ အသင်းနှင့် ဥဇဘက်ကစ္စတန် ယူ-၂၁အသင်း၊ တရုတ် ယူ-၂၁ အသင်းနှင့် တာဂျစ်ကစ္စတန် ယူ-၂၁ အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ မြန်မာအသင်းနှင့် ဥဇဘက်ကစ္စတန်အသင်းပွဲကို စက်တင်ဘာ ၆ ရက် မြန်မာစံတော်ချိန် မွန်းလွဲ ၂ နာရီခွဲတွင် ကျင်းပမည်ဖြစ်သည်။

စာမျက်နှာ ၈ ကော်လံ ၁ သို့ ❒

မြန်မာ ယူ-၁၉၊ ယူ-၁၆ နှင့် စင်ကာပူ ယူ-၁၉၊ ယူ-၁၆ အသင်း ယနေ့ခြေစမ်းမည်

ရန်ကုန် စက်တင်ဘာ ၅

မြန်မာနိုင်ငံသို့ ခြေစမ်းခရီးစဉ်ရောက်ရှိနေသည့် စင်ကာပူလူငယ်အမျိုးသမီးအသင်းသည် စက်တင်ဘာ ၆ ရက်တွင် မြန်မာလူငယ်အသင်းများနှင့် တစ်ရက်တည်း ခြေစမ်းပွဲနှစ်ပွဲ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ ခြေစမ်းပွဲ ပထမနေ့တွင် ခြေစမ်းပွဲတစ်ပွဲသာ ကစားသော်လည်း ဒုတိယနေ့တွင် ယူ-၁၉ အသင်းရော ယူ-၁၆ အသင်းပါ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

ခြေစမ်းပွဲများအဖြစ် နံနက် ၈ နာရီတွင် မြန်မာ ယူ-၁၉ အသင်းနှင့် စင်ကာပူ ယူ-၁၉ အသင်း၊ ညနေ ၃ နာရီခွဲတွင် မြန်မာ ယူ-၁၆ အသင်းနှင့် စင်ကာပူ ယူ-၁၆ အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်ကာ သုဝဏ္ဏကွင်း၌ ကျင်းပမည်ဖြစ်သည်။ စင်ကာပူ ယူ-၁၆ နှင့် ယူ-၁၉ အမျိုးသမီးအသင်းသည် အာရှခြေစစ်ပွဲအတွက် ပြင်ဆင်သည့်အနေဖြင့် လာရောက်ကစားခြင်းဖြစ်ပြီး မြန်မာအသင်းများမှာလည်း ခြေစစ်ပွဲအကြိုပြင်ဆင်မှုအဖြစ် ယှဉ်ပြိုင်ကစားခြင်းဖြစ်သည်။ စက်တင်ဘာ ၄ ရက်က ယှဉ်ပြိုင်

စာမျက်နှာ ၇ ကော်လံ ၁ သို့ ❖

စင်ကာပူ ယူ-၁၆ အမျိုးသမီးအသင်းကွင်းလယ်လူ မိုဟာမက်အမ်မရင်။

မြစ်ရေကြီးမှုအခြေအနေ

နေပြည်တော် စက်တင်ဘာ ၅

ဒုဋ္ဌဝတီမြစ်

ယနေ့ မွန်းလွဲ ၂ နာရီခွဲအချိန် တိုင်းထွာချက်အရ ဒုဋ္ဌဝတီမြစ်ရေသည် မြစ်ငယ်မြို့တွင် ပေ၀က်ခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး လက်ရှိရေမှတ်မှ နောက်နှစ်ရက်အတွင်း ပေ၀က်ခန့် တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

စစ်တောင်းမြစ်

စစ်တောင်းမြစ်ရေသည် တောင်ငူမြို့တွင် တစ်ပေခန့်နှင့် မဒေါက်မြို့တွင် လေးပေခန့် ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အသီးသီးအထက်သို့ ကျော်လွန်နေပြီး လက်ရှိရေမှတ်မှ နောက်တစ်ရက်အတွင်း တောင်ငူမြို့တွင် ပေ၀က်ခန့်နှင့် နောက်နှစ်ရက်အတွင်း မဒေါက်မြို့တွင် တစ်ပေခန့်တက်လာနိုင်ကာ ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အသီးသီးအထက် ဆက်လက်တည်ရှိနိုင်သည်။

ရွှေကျင်မြစ်

ရွှေကျင်မြစ်ရေသည် ရွှေကျင်မြို့တွင် တစ်လက်မခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး လက်ရှိရေမှတ်မှ နောက်တစ်ရက်အတွင်း ပေ၀က်ခန့် တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

စာမျက်နှာ ၇ ကော်လံ ၁ သို့ ✪